**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

နှုတ်ကိုအစဉ်စောင့်စည်းရာ၏။ စိတ်ကိုကောင်းစွာထိန်းသိမ်းရာ၏။ ကိုယ်ဖြင့်လည်းမကောင်းမှုကို မပြုရာ။ ဤသုံးပါးသောပြုမှုအစဉ်တို့ကို စင်ကြယ်စေ၍ ရသေ့သူမြတ်တို့ဟောကြားအပ်သောမဂ်ကို ပြီးစီးစေရာ၏။ ဓမ္မပဒ


# မြဝတီ နေ့စဉ်

ဖြောင့်မတ်တည်ကြည် သတင်းမှန်သည် မြဝတီ


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၄)

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်
၂၀၂၅ ခုနှစ်၊ မေ ၂ ရက်၊ သောကြာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနေအထားသာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## ပွင့်ဖြူမြို့နယ်၌ ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီတွင် နွေနှမ်း ၅၇၆၁၆ ဧက စိုက်ပျိုးပြီးစီး

ပွင့်ဖြူ မေ ၁

**မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီတွင် နှမ်း ၅၇၆၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။**

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီတွင် နှမ်း ၄၁၄၅၂ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် မတ်လမှစတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် နှမ်း ၅၇၆၁၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်၍ လျာထားဧကထက် ပိုမိုစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း နှမ်း ၅၇၆၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နွေနှမ်းစိုက်ပျိုးရေးနဲ့ပတ်သက်ပြီး ဒေသအတွင်းမှာရှိတဲ့ နှမ်းစိုက်တောင်သူတွေကို မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်အောင် ဆောင်ရွက်ပေးပြီး စိုက်ပျိုးရေးနည်းပညာအသိပညာပေးတာတွေ၊ **စာမျက်နှာ ၁၅ ကော်လံ ၁ ●**

## ထုတ်ကုန်နှစ်ဆဖြစ်ပေါ်ရေး အလုပ်သမားအခွင့်အရေးမြှင့်တင်ပေး

စာ - ၁၀ သို့

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် မေ ၂

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွဲကွဲ၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့်ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း) တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

## တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများကို တက္ကသိုလ်ပါမောက္ခများနှင့် ဆရာ၊ ဆရာမများက အနီးကပ်သင်ကြား ပို့ချပေးလျက်ရှိ

စာ - ၁၂ သို့


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံအထိုင်ဈေးဖြင့် လိုအပ်သလောက် ဝယ်ယူရရှိနိုင်ပါသည်။

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀

## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ မေ ၂ ရက်)

# ပြည်သူနှင့်တပ်မတော်အကြား ပေါင်းကူးသဖွယ်

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးချိန် ၁၉၄၈ ခုနှစ်ကတည်းက စစ်ပြန်စစ်မှုထမ်းဟောင်းကြီးများသည် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် မြို့ရွာဒေသအလိုက် အချင်းချင်းအပြန်အလှန်အထောက်အကူပြုရင်း စစ်မှုထမ်းဟောင်းအဖွဲ့လေးများဖွဲ့ကာ ဒေသဖွံ့ဖြိုးရေးနှင့် လုံခြုံရေးကိစ္စများတွင် ပရဟိတစိတ်ဖြင့် တက်တက်ကြွကြွပါဝင်ဆောင်ရွက်ခဲ့ကြသည်။ အဆိုပါအဖွဲ့အစည်းများကို ၁၉၇၃ ခုနှစ်တွင် စနစ်တကျပြန်လည်စုဖွဲ့ပြီး မြန်မာနိုင်ငံစစ်ပြန်စစ်မှုထမ်းဟောင်းများဗဟိုစည်းရုံးရေးကော်မတီနှင့် မြို့နယ်စည်းရုံးရေးကော်မတီများကို ဖွဲ့စည်းနိုင်ခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် ဖွဲ့စည်းပုံနှင့် အခြေခံစည်းမျဉ်းများ စတင်ချမှတ်နိုင်ခဲ့သည်။ ၎င်းနောက် စစ်မှုထမ်းဟောင်းအဖွဲ့ဥပဒေ (၁၉၈၉)နှင့် ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းထုတ်ပြန်ပြီး ဥပဒေနှင့်အညီ ဖွဲ့စည်းဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့အား ပြောင်းလဲလာသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်သမ္မတရုံး၏ ၂၉-၃-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၁၆) ဖြင့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီကိုဖျက်သိမ်းပြီး သီးခြားလွတ်လပ်သည့် တပ်မတော်၏ မိတ်ဖက်အဖွဲ့အစည်းတစ်ခုအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ဗဟိုအမှုဆောင်အဖွဲ့ကို နာယက ၁၂ ဦး၊ ဗဟိုအမှုဆောင်အဖွဲ့ဝင် ၃၄ ဦးနှင့် ဗဟိုကောင်စီဝင် ၇၆ ဦးတို့ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ကြီးအနေဖြင့် ရည်ရွယ်ချက်(၄)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၇)ရပ်တို့ကို ချမှတ်ပြီး တပ်မတော်၏အရန်အင်အားအဖြစ် နိုင်ငံတော်တည်ဆောက်ရေး၊ ဒေသလုံခြုံရေးနှင့် ပြည်သူ့အကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးကဏ္ဍများတွင် ထဲထဲဝင်ဝင်ပါဝင်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ကို ဗဟိုဌာနချုပ်ရုံး၊ တိုင်းဒေသကြီး/ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ၂၁ ဖွဲ့၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ၃၀၈ ဖွဲ့တို့ဖြင့် ဖွဲ့စည်းထားပြီး စစ်မှုထမ်းဟောင်းရေးရာကိစ္စရပ်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့အထူးညီလာခံ(၂၀၂၅)ကို ဧပြီလ ၃၀ ရက်နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုဌာနချုပ်ရှိ ညီလာခံခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားစဉ် "မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဆိုသည်မှာ တပ်မတော်၏ကာကွယ်ရေးအရန်အင်အားစုကြီးဖြစ်သည်နှင့်အညီ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များကိုပြဋ္ဌာန်းထုတ်ပြန်ပြီး စနစ်တကျဖွဲ့စည်းထားသည့်အဖွဲ့အစည်းတစ်ခုပင်ဖြစ်ကြောင်း၊ တပ်မတော်၌ တာဝန်ထမ်းဆောင်ခဲ့စဉ်က ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသကဲ့သို့ တပ်မတော်မှအငြိမ်းစားယူပြီးသည့်နောက်တွင်လည်း "Once a Soldier, always a Soldier" "တစ်ခါစစ်သားဖြစ်ခဲ့ဖူးရင် အမြဲတမ်းစစ်သားပင်" ဆိုသည့်စကားနှင့်အညီ နိုင်ငံတော်နှင့်နိုင်ငံသားတို့အတွက် လိုအပ်ချိန်တိုင်း နိုးကြားတက်ကြွစွာတာဝန်ထမ်းဆောင်နေကြသည့် ရဲဘော်တို့အတွက် ဝမ်းသာဂုဏ်ယူသည်ကို ပြောကြားလိုကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ အထူးညီလာခံ(၂၀၂၅)ကိုကျင်းပရခြင်းမှာ အခြေအနေအကြောင်းအမျိုးမျိုးကြောင့် လစ်လပ်သွားသည့်မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုကောင်စီဝင်များ၊ တိုင်းဒေသကြီး/ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် မြို့နယ်အမှုဆောင်အဖွဲ့ဝင်များကို ရွေးချယ်တင်မြှောက်ခြင်း၊ အတည်ပြုခြင်းနှင့် လိုအပ်သည့်ညွှန်ကြားချက်များကို ထုတ်ပြန်ခြင်းများဆောင်ရွက်နိုင်ရန်အတွက်ဖြစ်သည်။ တပ်မတော်သည် ပြည်သူကပေါက်ဖွားလာသည့် တပ်မတော်ဖြစ်သည်နှင့်အညီ ပြည်သူနှင့်တစ်သားတည်းရှိနေမည်ဖြစ်သည်။ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဆိုသည်မှာ တပ်မတော်သားဟောင်းများနှင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ပြည်သူများနှင့် အမြဲထိတွေ့မှုရှိနေသည့်အတွက် တပ်မတော်နှင့်ပြည်သူအကြား ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကိုထိပါးစေမည့် အပြောအဆိုအပြုအမူများကို သတိပြုကြရန်နှင့် မိမိ၏အပြုအမူအပြောအဆိုသည် မိမိအဖွဲ့အစည်းနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သည့် တပ်မတော်ကိုပါ တိုက်ရိုက်အကျိုးသက်ရောက်မှုရှိစေသည်ကို နှလုံးသွင်းထားကြရမည်ဖြစ်သည်။

တပ်မတော်၏ နိုင်ငံတော်နှင့်ပြည်သူအပေါ်ထားရှိသော စစ်မှန်သည့်သဘောထားများကို ပြည်သူများသိရှိရန်အတွက် တပ်မတော်တစ်ရပ်တည်းလုပ်ဆောင်ခြင်းထက် ပြည်သူများတွင်ရှိနေသည့် စစ်မှုထမ်းဟောင်းအဖွဲ့များ၏ စည်းရုံးရေးစွမ်းရည်ကို မောင်းနှင်အားအဖြစ် ထိရောက်စွာအားပြုနိုင်ရမည်ဖြစ်သည်။ နိုင်ငံတော်ကချမှတ်ထားသည့် "ပြည်သူ့စစ်မဟာဗျူဟာ" ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် တပ်မတော်နှင့်ပြည်သူကြားတွင် ခိုင်မာသည့်ပေါင်းစည်းအားရရှိအောင် ဆက်လက်ကြိုးပမ်းပံ့ဖော်ကြရမည်ဖြစ်သည်။ တပ်မတော်၏အစဉ်အလာကောင်းများကို ထာဝစဉ်ထိန်းသိမ်းသကဲ့သို့ စစ်မှုထမ်းဟောင်းအဖွဲ့ကြီး၏ ကောင်းမွန်သည့်ဂုဏ်သိက္ခာများကိုလည်း ဆက်လက်စောင့်ထိန်းကြရမည်ဖြစ်သည်။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး အမျိုးသားကာကွယ်ရေး၊ လုံခြုံရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် တပ်မတော်၏အရန်အင်အားအဖြစ် ခိုင်ခိုင်မာမာရပ်တည်ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပေရာ ပြည်သူနှင့်တပ်မတော်အကြား ခိုင်မာသည့်ပေါင်းကူးသဖွယ်ဖြစ်အောင် ကြိုးပမ်းသွားကြရန်ဖြစ်ပါကြောင်း မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ အထူးညီလာခံ (၂၀၂၅) ကို ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။ မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# မိတ္ထီလာမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိ

မိတ္ထီလာ မေ ၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် အောင်ဆန်းရပ်ကွက်၌ ငလျင်ဘေးသင့်ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို ဧပြီလ ၃၀ ရက်တွင် ကွင်းဆင်းဆောင်ရွက်ပေးကြောင်း သိရသည်။

မိတ္ထီလာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ငလျင်ဘေးသင့်ပြည်သူများ၏ ပျက်စီးပျောက်ဆုံးသွားသည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို အဖွဲ့လေးဖွဲ့ဖွဲ့၍ မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် ဧပြီလ ၃၀ ရက်အထိ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ၇၂ ခုနှင့် အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ ၅၆ ခုတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်သည်။ ထို့ပြင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီတို့ဖြင့် ပူးပေါင်း၍ မြေပြင်စိစစ်ချက်အရ ကျန်ရှိသည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို ဆက်လက်၍ အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၆၀၂)

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



စစ်တွေ မေ ၁

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မေလ ၁ ရက်တွင် စစ်တွေမြို့ အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီး၌ (၇၉) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ်အဖြစ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် စစ်တွေမြို့၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီးကို ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘုရားကြီးရင်ပြင်တော်နှင့် ဘုရားကြီးသိမ်တော်ပရိဝုဏ်အတွင်းအပြင် သန့်ရှင်းသာယာရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရှုခင်းသာလမ်း အပိုင်း(၃) ပွိုင့်အပန်းဖြေစခန်းဘက်ခြမ်းတွင် ရေတားနံရံဘေးတစ်လျှောက် ဒီရေလှိုင်းဒဏ်ကာကွယ်စေရန် Tetrapod အလုံး ၃၀၀ ကို အသင့်ပြုလုပ်ပြီး နေရာချထားခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အသင့်ပြုလုပ်ပြီး Tetrapod များကို စက်ယန္တရားနှင့် လူအင်အားများအသုံးပြုကာ နေရာချထားဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးကျော်မိုးက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းခွင်အန္တရာယ်၊ ဒီရေလှိုင်းအန္တရာယ်ကာကွယ်နိုင်ရန် စနစ်တကျဆောင်ရွက်နိုင်ရေး၊ ကမ်းခြေပတ်လမ်းတိုးချဲ့ဆောင်ရွက်ရန် စနစ်တကျနေရာချထားဆောင်ရွက်နိုင်ရေးတို့ကို မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အသင့်ပြုလုပ်ပြီး Tetrapod များကို နေရာချထားနေမှု၊ လိုအပ်သောနေရာများတွင် စက်ယန္တရားများဖြင့် မြေညှိပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

---

# ဇလွန်မြို့နယ်၌ ယခုနှစ် ပြောင်းစိုက်ပျိုးရာသီတွင် စိုက်ပျိုးထားသော ပြည်ပဈေးကွက်ရှိသည့် အစေ့ထုတ်ပြောင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

ဇလွန် မေ ၁

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၌ ယခုနှစ် ပြောင်းစိုက်ပျိုးရာသီတွင် စိုက်ပျိုးထားသော ပြည်ပဈေးကွက်ရှိသည့် အစေ့ထုတ်ပြောင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ဇလွန်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်သည် စပါးအပြင် အစေ့ထုတ်ပြောင်းကိုလည်း အဓိကထားစိုက်ပျိုးပြီး နှစ်စဉ်စိုက်ဧကပေါင်း ၁၂၀၀၀ ကျော် စိုက်ပျိုးခြင်းဖြစ်သည်။ ယခုနှစ် ပြောင်းစိုက်ပျိုးရာသီတွင်လည်း ဇလွန်မြို့နယ်အတွင်း စုစုပေါင်း အစေ့ထုတ်ပြောင်းစိုက်ဧက ၁၂၅၀၀ ခန့် စိုက်ပျိုးထားကြောင်း သိရသည်။

"ဒီနှစ် ပြောင်းစိုက်ပျိုးရာသီမှာ ဇလွန်မြို့နယ်တစ်မြို့နယ်လုံး စုစုပေါင်းအစေ့ထုတ်ပြောင်း စိုက်ဧက ၁၂၅၀၀ လောက် စိုက်ပျိုးထားပါတယ်။ ဇလွန်မြို့နယ်မှာ အစေ့ထုတ်ပြောင်းတွေကို ကိုင်းကျွန်းမြေတွေမှာ အများဆုံးစိုက်ပျိုးပြီး အနောက်ဘက်ကမ်းမှာလည်း စိုက်ပျိုးကြပါတယ်။ တစ်ဧကပျမ်းမျှအထွက်နှုန်း တင်း ၁၂၀ လောက်ထွက်ရှိဖို့နဲ့ တစ်ဧကပန်းတိုင်အထွက်နှုန်းကျော်လွန်အောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်" ဟု ဇလွန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထိုသို့စိုက်ပျိုးရာတွင် PAC 339၊ 278 စသော အစေ့ထုတ်ပြောင်းမျိုးများကို အဓိကထားစိုက်ပျိုးကြကြောင်း သိရသည်။ ဇလွန်မြို့နယ်၌ နုန်းတင်မြေနုပေါ်များပြီး မြေဆီအာဟာရဓာတ်ကြွယ်ဝသောကြောင့် အစေ့ထုတ်ပြောင်းသာမက တခြားသီးနှံစိုက်ခင်းများလည်း အောင်မြင်ဖြစ်ထွန်းမှုရှိကြောင်း သိရသည်။

ဇလွန်မြို့နယ်မှ တစ်နှစ်လျှင် အစေ့ထုတ်ပြောင်းတန်ချိန် ၆၀၀၀၀ ခန့်အထိ ထွက်ရှိပြီး ထွက်ရှိလာသော အစေ့ထုတ်ပြောင်းများကို ရန်ကုန်မြို့မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**

---

# တောင်ဥက္ကလာပမြို့နယ်၌ နွေရာသီကျောင်းပိတ်ရက်ကာလ ပန်းချီရေးဆွဲနည်း အဆင့်မြင့်သင်တန်းဆင်းပွဲကျင်းပ



ရန်ကုန် မေ ၁

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် တောင်ဥက္ကလာပမြို့နယ်၌ နွေရာသီ ကျောင်းပိတ်ရက်ကာလအတွင်း ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေရန်၊ အချိန်ကိုအကျိုးရှိစွာအသုံးပြုနိုင်စေရန် ရည်ရွယ်ဖွင့်လှစ်သည့် ပန်းချီရေးဆွဲနည်းအဆင့်မြင့်သင်တန်းဆင်းပွဲကို ဧပြီလ ၃၀ ရက်က မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre) ၌ ကျင်းပသည်။

အဆိုပါသင်တန်းဆင်းပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဆွေနှင်းနှင့် နည်းပြပန်းချီဆရာ ရှမ်းလေးတို့က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်ဦးစီးမှူးဒေါ်ခင်ဆွေနှင်းက သင်တန်းနည်းပြဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများကို အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

အဆိုပါပန်းချီရေးဆွဲနည်းအဆင့်မြင့်သင်တန်းကို ဧပြီလ ၂၂ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချခဲ့ပြီး သင်တန်းသို့ တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၂၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခင်ဆွေနှင်း(ပြန်/ဆက်)**



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ကျွန်ုပ်သည် အိပ်မက်ရသောကြောင့် နိုင်ချင်၍လာခဲ့ခြင်းဖြစ်သော်လည်း ရှုံးသွားမည်ကို တစ်ဖက်ကစိုးရိမ်သေး၏။ သို့ဖြစ်၍ ပထမတွဲပွဲမှ ငွေ ၁၂၀ ကျပ် လျော်ငွေရသောအခါ ဒုတိယနှင့်တတိယပွဲများအတွက် အားလုံးပုံ၍ မလောင်းသေးဘဲ ငွေ ၂၀ ကျပ် ချန်ထား၍ စွပ်အတွက် ၆၀ ကျပ် (လက်မှတ် ၁၂ စောင်) ဒုတိယတွဲပွဲအတွက် ၄၀ ကျပ် (လက်မှတ် ရှစ်စောင်) လောင်းလိုက်၏။ ဒုတိယတွဲပွဲ၌ မြင်းနံပါတ် (8) တိုက်၍ လျော်ငွေ တစ်စောင် ၁၀ ကျပ်နှင့် ငွေ ၈၀ ကျပ်ရ၏။ ဤတွင် လက်ထဲ၌ ငွေ ၂၀ ကျပ် + ၈၀ ကျပ်အပြင် သုံးကောင်စွပ်အတွက် လက်မှတ် ၁၂ စောင်ရှိသေးသည်။ သုံးကောင်စွပ်ဟူ၍ တစ်ခါမျှ တိုက်လည်း မတိုက်ဖူး၊ ထိုးလည်းမထိုးဖူးသော ကျွန်ုပ်မှာ တတိယတွဲပွဲပြေးခါနီး၌ ရင်ခုန်လှုပ်လိုက်ပုံမှာ အနီးမှ လူများပင်ကြားရလောက်သည်ထင်၏။ (ဤမျှလောက် ရင်ခုန်ရခြင်းမှာ အနိုင်အရှုံးကြောင့်မဟုတ်ပါ။ လေးကောင်ဂျင်ဝိုင်းများတွင် တစ်ခါတစ်ရံ ဤမျှလောက်မက ထိုးခဲ့ဖူးပါသည်။ ရင်ခုန်ရခြင်းမှာ ငါ၏အိပ်မက်မှန်မည်လော၊ မှားမည်လော သိချင်ဇောကြောင့် ဖြစ်ပါသည်။) တတိယတွဲပွဲ၌ မြင်း ၁၂ ကောင် လွှတ်လိုက်လေပြီ။ ကျွန်ုပ်၏ နံပါတ်ခြောက်မြင်းမှာ နှာတံအဖြူကျားဖြစ်၍ ဖွေးဖွေးဖွေးဖွေးနှင့် ပြေးလာခြင်းကို အဝေးကြီးမှမြင်ရ၏။ သို့သော် ရင်ခုန်လွန်းအားကြီးသောကြောင့် သေသေချာချာမကြည့်ဝံ့ချေ။ တစ်ခါတစ်ရံ မကြည့်ရဲသောကြောင့် မျက်နှာလွှဲ၍နေလိုက်ရ၏။ ပန်းဝင်သွားကြလေပြီ။ ဘယ်မြင်းပါလိမ့်၊ ကျွန်ုပ် နားမကြားဘဲဖြစ်နေ၏။ စိန်လျှံဆိုလေလား၊ တိမ်ပျံဆိုလေလား မကွဲပြားချေ။ စိန်လျှံသည် ကျွန်ုပ်၏မြင်းနံပါတ်ခြောက်ဖြစ်၏။ ဘလက်ဘုတ်သို့ ကြည့်လိုက်သောအခါ နံပါတ်ကိုးဖြစ်၍ တိမ်ပျံနိုင်သွားလေပြီ။ သုံးကောင်စွပ်တွင် နှစ်ကောင်တည့်ပြီးမှ နောက်ဆုံး တစ်ကောင် လွဲရခြင်းဖြစ်လေသည်။ ကျွန်ုပ်၏လက်ထဲ၌ ငွေ ၁၀၀ ကျပ် ရှိနေ၍ ငွေ ၇၀ ကျပ် နိုင်သည်မှန်သော်လည်း နှစ်ကောင်မှန်ပြီးမှ တစ်ကောင်လွဲသောအိပ်မက်ကို ကျွန်ုပ်နားမလည်နိုင်အောင်ရှိတော့သည်။ တစ်ကောင်လွဲရမည်ဖြစ်လျှင် အဘယ်ကြောင့် နှစ်ကောင်မှန်သော အိပ်မက်မျိုးမက်ရသနည်း၊ စင်စစ်မှာ အိပ်မက်တစ်ခုအနေဖြင့် နှစ်ပွဲဆက်ပြီးမှန်ဖို့လည်း လွယ်ကူသည်မဟုတ်ချေ။ နားလည်သောမြင်းသမားတစ်ယောက်ကား နှစ်ကောင်မှန်နိုင်သည်။ ယခုမှာ အိပ်မက်သက်သက်ဖြစ်ပါလျက် အဘယ်ကြောင့် နှစ်ကောင်မှန်နိုင်ရသနည်း။ ကျွန်ုပ်သည် ကျန်သောမြင်းတစ်ပွဲ၌ စိတ်မဝင်စားတော့ဘဲ မြင်းပွဲမှ တစ်ယောက်တည်းပြန်လာခဲ့၏။ ငွေ ၁၀၀ ကျပ် လက်ကိုင်ရှိသည်ကား ဟုတ်ပါ၏။ သို့သော် ကျွန်ုပ်ဦးခေါင်းရှုပ်ခြင်းမှာ ငွေကြောင့်မဟုတ်။ ကျွန်ုပ်၏အိပ်မက်ပြဿနာကြောင့်ဖြစ်လေသည်။ သို့နှင့် ကျွန်ုပ်မှာ ဤပြဿနာသည် စိတ်ထဲတွင် တအုံနွေးနွေးရှိနေပါတော့သည်။

**ပြဿနာရှင်းသွားခြင်း**

ထို့နောက် ခုနစ်နှစ်ခန့်လောက်ကြာသောအခါ ကျွန်ုပ်နှင့် လယ်ယာစိုက်ပျိုးရေးမင်းကြီးရုံးတွင် အတူတကွအလုပ်လုပ်ခဲ့ဖူး၍ ပထမအိမ်ထောင်မလှမှုနှင့် ဆွယ်ပေးသော သူငယ်ချင်း ကိုမျိုးအံ့သည် ကျွန်ုပ်၏အိမ်သို့ ရောက်လာ၍ နှစ်ပေါင်းများစွာကွဲကွာနေခဲ့သော သူငယ်ချင်းဖြစ်သည့်အလျောက် ကျွေးမွေးပြုစု၏။ ထိုသူမှာ အဂ္ဂိရတ်သမားတစ်ယောက်ဖြစ်နေ၍ ဟုတ်တိပတ်တိအလုပ်မလုပ်ဘဲ ချောင်ချောင်လည်လည် ဖြစ်နေရှာ၏။ ကိုမျိုးအံ့က ငွေချောင်ချောင် ရလိုသလောဟုမေး၍ ကစားမှော်သွင်းပေးမည်ဟုပြောရာ ကျွန်ုပ်က ငွေလိုချင်သော်လည်း မှော်ကို မယုံကြည်ကြောင်းပြော၏။ ဤသို့ဖြင့် လောင်းကစားခြင်းအကြောင်းကို ဆက်လက်ပြောပြကြရင်း ကျွန်ုပ်က အထက်ပါ မြင်းပွဲအိပ်မက်များအကြောင်း ပြောပြလေ၏။ ကျွန်ုပ်က တတိယအိပ်မက်သည် ကျွန်ုပ်၏ဦးနှောက်ကို ယနေ့တိုင် အလုပ်ပေးလျက်ရှိကြောင်း ပြောပြ၏။ ဤလူကား တစ်နည်းအားဖြင့် ဉာဏ်တစ်မျိုးရှိသော လူတစ်ယောက်ဖြစ်ပါပေသည်။ ကျွန်ုပ်၏စကားဆုံးသည်နှင့်တစ်ပြိုင်နက် ကိုမျိုးအံ့က "ခင်ဗျားဟာက 6 နဲ့ 9 လွဲနေတာကိုးဗျ၊ 9 ဇောက်ထိုးကြည့်မိတော့ 6 ဖြစ်သွားတာပေါ့၊ အိပ်မက်က 9 ပြပါလျက်နဲ့ ခင်ဗျားကဇောက်ထိုးကြည့်မိပြီး 6 ဖြစ်သွားတာပေါ့ဗျ"ဟု ပြောလေသည်။ ဟုတ်လည်းဟုတ်ပေသည်။ အိပ်မက်ထဲက ဂျင်တွင် လက်ကိုင် (အညှာ) ကလေးကပ်လျက်ပါရှိရာ 9 ကို ပြောင်းပြန်ကြည့်လျက်သားဖြစ်နေသောကြောင့် 6 ဟု ကျွန်ုပ်မြင်ခဲ့ရခြင်းဖြစ်ရပေမည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်အား နှစ်ပေါင်းအတန်ကြာအောင် ဒုက္ခပေးလာခဲ့သော ပြဿနာတစ်ခုကား ရှင်းလင်းသွားပါလေပြီ။ မောင်မင်းကြီးသားအား ကျေးဇူးတင်ပါသည်။ ကျွန်ုပ်၏အိပ်မက်များမှာ မည်သူတစ်ဦးတစ်ယောက်က ပေးလာသည်ဖြစ်စေ၊ ကျွန်ုပ်ဘာသာ ကျွန်ုပ်မြင်မက်သည်ဖြစ်စေ ကျွန်ုပ်အဖို့ရာ၌ တစ်သက်လုံးအတွက် အတိတ်နိမိတ်ကဲ့သို့ အဓိပ္ပာယ်ပေါ်လွင်လှပေသည်။ အိပ်မက်သုံးခုစလုံး၌ ကျွန်ုပ်အဖို့ အချည်းနှီးမဖြစ်။ အထိုက်အလျောက်အကျိုးခံစားရခြင်းကို တွေ့ကြရပေပြီ။ သို့သော် ချောချောမောမောလှလှပပကြီးကား ခံစားရသည်မဟုတ်ချေ။ ကျွန်ုပ်၏ဘဝတစ်လျှောက်လုံးတွင်လည်း ဤအတိုင်းပင်ဖြစ်ခဲ့၏။ ကျွန်ုပ်၏အကျိုးပေးမှာ သိပ်တော့မခေလှ။ သို့သော် ကျွတ်ကျွတ်လွတ်လွတ်အောင်မြင်မှုကြီးမျိုးကား မရှိခဲ့ဖူးချေ။ ဤသည်မှာ ဤစာကိုရေးလျက်ရှိသော ယခုအချိန် (၇၂ နှစ်)၌ အဓိပ္ပာယ်ကောက်ခြင်းဖြစ်လေရာ ရှေ့အဖို့တွင် ပြင်ဆင်ကောက်ယူဖို့အကြောင်း ဖြစ်ပေါ်ဦးမည်လောမပြောတတ်ပေ။

**လောင်းကစားပုံစနစ်တစ်ခု**

နယူးဘားမားသတင်းစာတိုက်၌ အလုပ်လုပ်လျက်ရှိစဉ် ကျွန်ုပ်တို့၏ပျော်နည်းအမျိုးမျိုးအနက် ယနေ့တိုင်မမေ့နိုင်သည့် ကလပ်တက်ခြင်းအလုပ်ကိုဖော်ပြလို၏။ မမေ့နိုင်ဆိုသည်မှာ ဤဟာမျိုးကြုံတွေ့ချင်လှသေးသောကြောင့်မဟုတ်ရပါ။ ဤခေတ် ဤဟာမျိုးမရှိတော့သည့်အတွက် ရေးဖြစ်ဟောင်းအနေဖြင့် အောက်မေ့သောကြောင့်ဖြစ်ပါသည်။ ၁၉၂၆ ခုနှစ်၌ ကျွန်ုပ်သည် အနီထောင်ဟု ကြားဖူးရုံသာရှိ၍ မြင်လည်းမမြင်ဖူး၊ ကစားဖူးဖို့ကား ဝေးလေပြီ။ (ဤခေတ်လူများသည် အနီထောင်လောင်းကစားနည်းကို မြင်ဖူးသူနည်းပါးပေလိမ့်မည်။) လောင်းကစားပုံမှာ လေးကောင်ဂျင်နှင့် လုံးဝတူ၍ 'ပါထန်' နှင့် အတော်အတန်တူ၏။ ကျွန်ုပ်သည် ဤလောင်းကစားနည်းကို အသေးစိတ်ဖော်ပြလိုခြင်းမဟုတ်။ ထိုခေတ်က ကစားသမားများ၏ နတ်ပြည်တစ်ခုကို ရေးပြချင်သောကြောင့်ဖြစ်ပါသည်။ ကျွန်ုပ်သည် ကိုခင်မောင်တင့်နှင့်အတူ လမ်းမတော်ရှိ တရုတ်ကလပ်များသို့ သွားလေ့ရှိ၏။ လောင်းကစားသူများသည် လောင်းကစားနည်းတစ်မျိုးမျိုး၌ တတ်ခါစတွင် နိုင်တတ်

**"ကျွန်ုပ်၏အိပ်မက်များမှာ မည်သူတစ်ဦးတစ်ယောက်က ပေးလာသည်ဖြစ်စေ၊ ကျွန်ုပ်ဘာသာ ကျွန်ုပ်မြင်မက်သည်ဖြစ်စေ ကျွန်ုပ်အဖို့ရာ၌ တစ်သက်လုံးအတွက် အတိတ်နိမိတ်ကဲ့သို့ အဓိပ္ပာယ်ပေါ်လွင်လှပေသည်။ အိပ်မက်သုံးခုစလုံး၌ ကျွန်ုပ်အဖို့ အချည်းနှီးမဖြစ်။ အထိုက်အလျောက်အကျိုးခံစားရခြင်းကို တွေ့ကြရပေပြီ . . ."**

သည် (Beginner's Luck) ဆိုသော အင်္ဂလိပ်စကားပုံတစ်ခုရှိ၏။ ဤစကားပုံသည် တခြားသူများအတွက်မပြောတတ်။ ကျွန်ုပ်အဖို့မူ မှန်သည်ချည်းတွေ့ရ၏။ ကျွန်ုပ်တစ်ခါတစ်ရံ စဉ်းစားမိသည်မှာ ကစားတတ်ခါစလူများနိုင်တတ်ခြင်းမှာ အကြောင်းမည်သို့ရှိလေသနည်း။ မတတ်တတတ်နှင့် လောင်းကစားလျှင် ရှုံးဖို့သင့်ပါလျက် အဘယ်ကြောင့် နိုင်ရသနည်း။ နိုင်တတ်သည်ဆိုခြင်းမှာ ဉာဏ်ပါသော လောင်းကစားခြင်းမျိုးအတွက်မဟုတ်နိုင်။ ကံသက်သက် လောင်းကစားနည်းမျိုးအတွက်သာဖြစ်ရပေမည်။ ဥပမာ - ဘိလိယက်မတတ်ဘဲလျက်နှင့် လောင်းတမ်းထိုးလျှင် ရှုံးဖို့သေချာလေရာ ကိုးမီးဖဲကစားလျှင်မူကား နိုင်ချင် နိုင်ပေလိမ့်မည်။ အနီထောင်မူကား ကိုးမီးဖဲကဲ့သို့ ကံသက်သက်လောင်းကစားခြင်းဖြစ်၍ တတ်ခါစလူများလည်း နိုင်ဖို့လမ်းရှိလေသည်။ ကျွန်ုပ်သည် ကိုခင်မောင်တင့်နှင့်အတူ တရုတ်ကလပ်များသို့ သွားသောအခါ လက်ကိုင်ငွေ ၂၀ ကျပ်၊ ၂၅ ကျပ်မျှ ပါလေ့ရှိ၏။ စ၍ ကစားလိုက်သည်ဆိုလျှင်ပင် နာရီဝက်ခန့်အတွင်း ငွေလေး ငါးဆယ်နိုင်လိုက်လေပြီ။ ဆက်လက်ကစား၍ ၁၀ ကျပ်၊ ၁၅ ကျပ် ပြန်ရှုံးသည်ဆိုလျှင် ခေတ္တရပ်နားပြီး နိုင်မှသာ ဆက်လက်၍ကစား၏။ ဤသည်ကား ကျွန်ုပ်၏ လောင်းကစားစနစ်ပေတည်း။

**ကျွန်ုပ်တွေ့ရှိသောစနစ်**

ဤနေရာ၌ လောင်းကစားခြင်းနှင့်ပတ်သက်၍ (ကြီးပြင်းလာသောအခါမှ) ကျွန်ုပ်တွေ့ရှိထားသော စနစ်တစ်ခုကိုဖော်ပြလို၏။ ငယ်စဉ်အခါက လယ်ယာစိုက်ပျိုးရေးရုံး၌ အလုပ်လုပ်စဉ် လောင်းကစားမိ၍ ရှုံးခဲ့ဖူးခြင်းများအကြောင်းကိုဖော်ပြခဲ့ဖူးရာ ထိုကဲ့သို့ဖြစ်ရခြင်းမှာ ဖော်ပြလတ္တံ့သောစနစ်ကို နားမလည်သေးသောကြောင့်ဖြစ်၏။ မည်သူမဆို လောင်းကစားနည်းတစ်ခုခု၌ (ကံဖြစ်စေ၊ ဉာဏ်ဖြစ်စေ) ကစားလိုက်သည်ဆိုလျှင် တစ်ထိုင်တည်းအတွင်း ရှုံးချည်နိုင်ချည်ဖြစ်ခြင်းကို တွေ့ရတတ်ပေသည်။ **ဆက်လက်ဖော်ပြပါမည်။**

## ကျောင်းကုန်းမြို့နယ်၌ ဒေသထွက်ခဝဲသီးများဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိ



ကျောင်းကုန်း မေ ၁

ရောဝတီတိုင်းဒေသကြီး ကျောင်းကုန်း မြို့နယ်၌ ဒေသထွက်ခဝဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်း မွန်လျက်ရှိကြောင်း ကျောင်းကုန်းမြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ကေခိုင်၏ပြောပြချက်အရ သိရသည်။

ကျောင်းကုန်းမြို့နယ်၌ ဒေသထွက် ခဝဲသီးများ ဧပြီလနောက်ဆုံးပတ်မှစတင်အရောင်းအဝယ်ပြုလုပ်လျက်ရှိပြီး လက်ရှိ တစ်ရက်လျှင် ခဝဲသီးအလုံး ၂၈၀၀၀ မှ ၄၀၀၀၀ အထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"ကျောင်းကုန်းမြို့နယ်ကထွက်တဲ့ ခဝဲသီးတွေကို တခြားမြို့နယ်တွေက ဝယ်လိုအားများနေတာပါ။ တစ်ရက်ကို ခဝဲသီးအလုံး ၄၀၀၀၀ လောက် အရောင်းအဝယ်ဖြစ်နေပါတယ်။ အခု အရောင်းအဝယ်ကောင်းနေတဲ့ခဝဲသီးတွေက အရည်အသွေးကောင်းမွန်ပါတယ်။ ဒေသထွက်ကုန်ဖြစ်တော့ ဈေးနှုန်းသက်သာပြီး သန့်ရှင်းလတ်ဆတ်မှုလည်းရှိပါတယ်။ အခုလို ဒေသထွက်ခဝဲသီးတွေ ဝယ်လိုအားကောင်းလာတော့ ဟင်းသီးဟင်းရွက်စိုက်တောင်သူတွေနဲ့ ကုန်တင်ကုန်ချလုပ်သားတွေ ပိုမိုအဆင်ပြေလာပါတယ်" ဟု ဒေါ်ကေခိုင်ကပြောသည်။

လက်ရှိတွင် ကျောင်းကုန်းမြို့နယ်၌ ခဝဲသီးအပါအဝင် ဒေသထွက် ရာသီပေါ်ဟင်းသီးဟင်းရွက်များပေါ်သည့်အချိန်ဖြစ်ကြောင်း၊ ဒေသထွက်ကုန်များသာ ရောင်းချရသည့်အတွက် သယ်ယူစရိတ်ကုန်ကျမှုသက်သာခြင်း၊ လတ်ဆတ်သည့်သီးနှံများကိုသာ အရောင်းအဝယ်ပြုလုပ်ရခြင်းကြောင့် စိုက်ပျိုးတောင်သူများအဆင်ပြေ သကဲ့သို့ ကုန်တင်ယာဉ်အငှားလိုက်သူများလည်း အဆင်ပြေလျက်ရှိပြီး များစွာအကျိုးကျေးဇူးရှိကြောင်း သိရသည်။ **သုတကျော်**

# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ (၁၄၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားကျင်းပ

နေပြည်တော် မေ ၁

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ (၁၄၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅) အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဝန်ကြီးဌာနလက်အောက်ရှိ ဌာနအကြီးအမှူးများ၊ မြန်မာ့မီးရထားမှ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဌာနအကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာ့မီးရထား၏ (၁၄၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြောကြားပြီး မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးက ဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တစ်နှစ်ကာလအတွင်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကာ (၁၄၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုကို ဖွင့်လှစ်ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က မြန်မာ့မီးရထား၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ကာလအတွင်း မီးရထားတိုင်းနယ်မြေ၊ စက်ရုံ၊ ဆေးရုံများအလိုက် စွမ်းဆောင်ရည်အကောင်းဆုံးဆုများ၊ တစ်နှစ်တာကာလအတွင်း မိမိ၏လုပ်ငန်းတာဝန်ကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများ၊ ရေဘေးနှင့် မြေငလျင်ဘေး စသည့်သဘာဝဘေးဒဏ်ကြောင့် ရထားလမ်းပိုင်းပျက်စီးမှုများအပေါ် ရထားစီးခရီးသည်များ ဘေးအန္တရာယ်မကျရောက်စေရေးနှင့် ရထားများ အမြန်ဆုံးပြန်လည်ပြေးဆွဲနိုင်ရေး စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် အမှုထမ်းနှင့် အရာထမ်းများ၊ မြေငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် ဝန်ထမ်းအိမ်ရာများတွင် ပိတ်မိခဲ့ကြသူများကို သက်စွန့်ကြိုးပမ်းကယ်တင်ပေးခဲ့ကြသည့်ဝန်ထမ်းများနှင့် အဆိုပါကာလ လုပ်ငန်းတာဝန်များကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

မြဝတီ

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအားပေး

နေပြည်တော် မေ ၁

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား စခန်းသွင်းသင်ကြားလေ့ကျင့်နေမှုအခြေအနေများ၊ ကျောင်းအိပ်၊ ကျောင်းစားထားရှိမှုအခြေအနေများအား ယမန်နေ့ညနေပိုင်းက နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ဇေယျာသီရိမြို့နယ်ရှိ ကျောက်ချက်အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ရေဆင်း အခြေခံပညာအထက်တန်းကျောင်းနှင့် ပုဗ္ဗသီရိမြို့နယ်ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ကျောင်းသား၊ ကျောင်းသူများ စိတ်ချမ်းမြေ့စွာ နေထိုင်သင်ကြားလေ့ကျင့်နိုင်ရေး၊ စားသောက်ရေးနှင့် ကျန်းမာရေးကို ဂရုပြုဆောင်ရွက်ရေး၊ ကျောင်းသား၊ ကျောင်းသူများ ရာနှုန်းပြည့် စခန်းသွင်းဝင်ရောက်ရေး၊ ဆရာ၊ ဆရာမများနှင့် အုပ်ချုပ်ရေးပိုင်းတာဝန်ရှိသူများက စနစ်တကျကြီးကြပ်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးတို့ကိုမှာကြားပြီး စခန်းသွင်းသင်ကြားလေ့ကျင့်နေသည့် ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် စားသောက်စရိတ်များပေးအပ်သည်။

ယနေ့နံနက်ပိုင်းကလည်း နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရာဇဌာနီလမ်း၊ တော်ဝင်ရတနာလမ်း၊ ရာဇသင်္ဂဟလမ်း၊ ပျဉ်းမနား-တောင်ညိုလမ်းနှင့် ရတနာအောင်မြေလမ်းများတွင် စက်ယန္တရားကြီးများဖြင့် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ



နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

## နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

နေပြည်တော် မေ ၁

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။

(မိုး/ဇလ)

# ငလျင်ဒဏ်သင့်ဝန်ထမ်းများ ပြောင်းရွှေ့နေထိုင်သည့် ယာယီဘာရာလိုင်းခန်းများတွင် ယင်လုံအိမ်သာ၊ ရေမီးစနစ်များအမြန်ဆုံးပြီးစီးရေး ဆွေးနွေးမှာကြား



နေပြည်တော် မေ ၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး သည် ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ငလျင်ဒဏ်သင့်ခဲ့သည့်ဝန်ထမ်းများ ယာယီဘာရာလိုင်းခန်းများတွင် ပြောင်းရွှေ့နေထိုင်မှုအခြေအနေများနှင့် ယာယီဘာရာလိုင်းခန်းများ တည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးဝင်းအတွင်းရှိ ယာယီဘာရာလိုင်းခန်းများ တည်ဆောက်နေမှုအခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံးဝင်းအတွင်းရှိ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ ယာယီဘာရာလိုင်းခန်းများတွင် ပြောင်းရွှေ့နေထိုင်မှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ယင်လုံအိမ်သာများနှင့် ရေ၊ မီးစနစ်များ အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်သွားရန်နှင့် ယာယီဘာရာလိုင်းခန်းများအတွင်း မိုးရာသီတွင် ရေစီးရေလာကောင်းမွန်မှုရှိစေရေး ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနပိုင်မြေနေရာတွင် သမဝါယမဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့မှ ငလျင်ဒဏ်သင့်ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ ရွှေ့ပြောင်းနေထိုင်နိုင်ရေး ယာယီဘာရာလိုင်းခန်းများ တည်ဆောက်နေမှုအခြေအနေများ၊ အဆိုပါဘာရာလိုင်းခန်းများနှင့် ရုံးသို့ဆက်သွယ်သော လမ်းဖောက်လုပ်နေမှုအခြေအနေများနှင့် ပြောင်းရွှေ့နေထိုင်သည့်ဝန်ထမ်းများ သောက်သုံးရေအဆင်ပြေမှုရှိစေရေး စက်ရေတွင်းတူးဖော်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ယာယီဘာရာလိုင်းခန်းများအတွင်း မိုးရာသီတွင် ရေစီးရေလာကောင်းမွန်မှုရှိစေရေး၊ လျှပ်စစ်မီးအချိန်မီရရှိရေး၊ ဘာရာလိုင်းခန်းနှင့် ရုံးသို့ဆက်သွယ်သောလမ်းအား မိုးမကျမီ အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်သွားရန်နှင့် မေလ ၁၅ ရက် နောက်ဆုံးထားပြောင်းရွှေ့နိုင်ရေး အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းများဆောင်ရွက်

**ရန်ကုန် မေ ၁**

၂၀၂၅ ခုနှစ်မေလ ၅ ရက်တွင် ကျရောက်မည့်(၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနအောက်ရှိ မီးသတ်တပ်ဖွဲ့ဝင်များသည် မေလ ၁ ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနအောက်ရှိ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၈၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၉ ဦးတို့က စုပေါင်းသွေးလှူဒါန်းကြသည်။ ထိုသို့သွေးလှူဒါန်းနေမှုကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်ညွှန်ကြားရေးမှူး ဦးသိန်းထွန်းဦးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြရာ တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမင်းစမ်းအေးနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး (ပူးတွဲ) ဒေါက်တာအောင်လင်းအေးတို့က သွေးလှူဒါန်းနေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှပေးအပ်သည့် သွေးလှူရှင်တပ်ဖွဲ့ဝင် တစ်ဦးလျှင် ကြက်ဥ ၁၀ လုံး၊ အားဖြည့်စားသောက်ဖွယ်ရာလေးမျိုးနှင့် ချီးမြှင့်ငွေများကိုပေးအပ်ကြသည်။



ဆက်လက်၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီး သန့်ရှင်းသာယာရေးအတွက် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၆၃၀ ဦးက အဆင့်မြင့်မီးသတ်ယာဉ်များဖြင့် ဆေးရုံ၏အမိုးများ၊ ဆေးရုံနံရံများပေါ်တွင် ပေါက်နေသောအပင်များ ရှင်းလင်းခြင်း၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်ခြင်းနှင့် ဆေးရုံကြီးအတွင်းအပြင် သန့်ရှင်းရေးဆောင်ရွက်ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က လိုက်လံကြည့်ရှုအားပေးကြကြောင်း သိရသည်။

**နေကိုထိုက်**

# မြိတ်မြို့ သားဖွားသင်တန်းကျောင်း၌ ဘက်စုံသားဖွားဒီပလိုမာသင်တန်းသူများအား ဦးဆောင်းအပ်နှင်းပွဲကျင်းပ


**မြိတ် မေ ၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန သားဖွားသင်တန်းကျောင်း၌ အပတ်စဉ်(၁၂) ဘက်စုံသားဖွားဒီပလိုမာသင်တန်းသူများအား ဦးဆောင်းအပ်နှင်းပွဲကို ဧပြီလ ၃၀ ရက်က အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဦးဆောင်းအပ်နှင်းပွဲ၌ မြိတ်ခရိုင်ကုသရေးဦးစီးဌာန ဦးစီးမှူး မြိတ်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာသန္တာမျိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး သားဖွားသင်တန်းကျောင်း ကျောင်းအုပ် ဒေါ်ယုယုမော်က ဦးဆောင်းပေးအပ်ခြင်း၏အနက်အဓိပ္ပာယ်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဘက်စုံသားဖွားဒီပလိုမာ အပတ်စဉ်(၁၂) သင်တန်းသူ ၅၅ ဦးအား ကျောင်းအုပ်၊ သူနာပြုအုပ်နှင့် တာဝန်ခံသူနာပြုဆရာမကြီးများက ဦးဆောင်းများ ပေးအပ်ချီးမြှင့်ကြပြီး သင်တန်းသူများက လက်ဆင့်ကမ်းဆီမီးတိုင်များကို ထွန်းညှိ၍ သူနာပြုသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြကာ သင်တန်းသူများက ကရုဏာအလင်းသီချင်းဖြင့် သီဆိုဂုဏ်ပြုကြသည်။

ဦးဆောင်းဆိုသည်မှာ သူနာပြု/သားဖွားလောက၏ အဆောင်အယောင်အမှတ်လက္ခဏာတစ်ခုဖြစ်ကြောင်း၊ ဦးဆောင်းကို လက်ခံရရှိသည့် သင်တန်းသူများသည် သားဖွားအတတ်ပညာနှင့်ပတ်သက်သည်များကို သိသင့်သောအခြေခံဗဟုသုတများနှင့် သားဖွားဆရာမတစ်ယောက်တွင် ရှိရမည့် မှန်ကန်သည့်ခံယူချက်သဘောတရားများကို လေ့လာဆည်းပူးခဲ့ပြီးဖြစ်ကာ သင်ကြားမှု၊ လေ့ကျင့်မှုများခံယူပြီး စာမေးပွဲဖြေဆိုအောင်မြင်၍သားဖွားဆရာမဖြစ်ထိုက်သူများအဖြစ် သတ်မှတ်ခြင်းခံရသူများကိုသာ ဦးဆောင်းပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။ **ခိုင်ထူး(ပြန်/ဆက်)**




# မြောင်းမြမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၂၅၃၅ ဧက နုတ်သိမ်းပြီးစီး

**မြောင်းမြ မေ ၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၂၅၃၅ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်၏ပြောကြားချက်အရ သိရသည်။

မြောင်းမြမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက မြေပဲ ၂၅၃၅ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ထိုသို့စိုက်ပျိုးခဲ့သောမြေပဲများကို ပြီးခဲ့သည့် ဖေဖော်ဝါရီလပထမပတ်က စတင်နုတ်သိမ်းခဲ့ရာ လက်ရှိတွင် ဧကအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်းနှင့် တစ်ဧကလျှင် ၆၀ ဒသမ ၉၈ တင်းခန့်ထွက်ရှိကြောင်း သိရသည်။

''မြောင်းမြမြို့နယ်အနေနဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲ ၂၅၃၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့မြေပဲခင်းတွေကို နုတ်သိမ်းခဲ့တာ လက်ရှိမှာ ဧကအားလုံး နုတ်သိမ်းပြီးစီးနေပါပြီ။ နုတ်သိမ်းပြီးဖြစ်တဲ့မြေပဲတွေက အထွက်နှုန်းကောင်းသလို အရည်အသွေးလည်း ကောင်းပါတယ်။ အခု နုတ်သိမ်းခဲ့တဲ့မြေပဲတွေအပါအဝင် ဆောင်းသီးနှံတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ တောင်သူတွေ၊ စိုက်ပျိုးရေးဦးစီးဌာနနဲ့ တခြားဆက်စပ်ဌာနတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ မြေပဲအပါအဝင် ဆီထွက်သီးနှံအားလုံး အသီးကောင်းစေရေး၊ အထွက်နှုန်းကောင်းစေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေးတို့အတွက်လည်း ဆောင်ရွက်ပေးခဲ့ပါတယ်'' ဟု ဒေါ်ခင်ဌေးမြင့်က ပြောသည်။

မြောင်းမြမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက မြေပဲအပါအဝင် ဆောင်းသီးနှံများ လျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးမည့်သီးနှံများ ပိုးမွှားရောဂါကင်းရှင်းစေရေး၊ အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်စေရေး စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဒေသခံတောင်သူများ၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆက်စပ်သည့် ဌာနဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် နိုင်ငံအတွင်း စားသုံးဆီဖူလုံရေးနှင့် ပြည်ပသို့တင်ပို့နိုင်ရေးအတွက် ဆီထွက်သီးနှံများကို ပန်းတိုင်အထွက်နှုန်းရရှိစေရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။

**သုတကျော်**

# လင်းခေးမြို့၌ အဆင့်မြင့်စက်ချုပ်သင်တန်းဖွင့်လှစ်

**လင်းခေး မေ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်စက်ချုပ်သင်တန်း ဖွင့်ပွဲကို မေလ ၁ ရက်တွင် အဆိုပါဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ လင်းခေးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းထက်က အဖွင့်အမှာစကားပြောကြားပြီး လင်းခေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးမြင့်သူက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လင်းခေးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမင်းထက်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းအထောက်အကူပြုဆိုင်ရာ အသုံးအဆောင်ပစ္စည်းများကိုပေးအပ်ရာ သင်တန်းသူတစ်ဦးချင်းစီက လက်ခံရယူကြသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်စက်ချုပ်သင်တန်းသို့ လင်းခေးမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများမှ သင်တန်းသူ စုစုပေါင်း ၂၀ ဦးတက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြများက အဝတ်အထည်ချုပ်လုပ်နည်းအမျိုးမျိုးကို စာတွေ့လက်တွေ့ နှစ်မျိုးဖြင့် မေလ ၁ ရက်မှစတင်၍ ဇွန်လ ၁၅ ရက်အထိ သင်တန်းကာလ ၄၅ ရက်ကြာ အခမဲ့လေ့ကျင့်သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# တိုက်ကြီးမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် နွေစပါးစံပြလယ်ယာ အထွက်နှုန်း စိစစ်ရိတ်သိမ်းပွဲကျင်းပ

ရန်ကုန် မေ ၁

**၂၀၂၄-၂၀၂၅ ခုနှစ် နွေစပါးစံပြလယ်ယာအထွက်နှုန်း စိစစ်ရိတ်သိမ်းပွဲအခမ်းအနားကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ရင်းတိုက်ကွင်းကျေးရွာအုပ်စု ရင်းတိုက်ကွင်း(၂) စံပြလယ်ယာကေ ၁၀၀ အတွင်း၌ ကျင်းပသည်။**



ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တိုက်ကြီးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသူအောင်က တိုက်ကြီးမြို့နယ်အတွင်း စပါးနှင့် အခြားသီးနှံများစိုက်ပျိုးမှု၊ နွေစပါးအား Seeder ဖြင့် စိုက်ပျိုးခဲ့သည့်အကျိုးကျေးဇူးများနှင့် Seeder ဖြင့် ရိတ်သိမ်းမှုအခြေအနေများကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးမြင့်ဆွေက Seeder အသုံးပြု စပါးစိုက်ပျိုးရေးနှင့် အထွက်နှုန်း စိစစ်ရိတ်သိမ်းမှုအားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်မောင်ကြည်က တိုင်းဒေသကြီးအတွင်း Seederများဖြန့်ဝေအသုံးပြုမှု၊ ကောက်ရိုးထုံးစက်ဖြင့် ကောက်ရိုးထုံးနေမှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် စံပြလယ်ယာ ကေ ၁၀၀ အတွင်းရှိတောင်သူ ဦးသန်းစိုးထွန်း၏ Seederဖြင့် စိုက်ပျိုးသည့် ရက် ၁၀၀ မျိုးနွေစပါး ၅ ကေနှင့် တောင်သူ ဦးဝင်းကြိုင်၏ Seeder ဖြင့်စိုက်ပျိုးသည့် ရက် ၁၀၀မျိုး နွေစပါးတစ်ကေတို့အား ရိတ်သိမ်းချွေလှေ့စက်ဖြင့်ရိတ်သိမ်းနေမှုနှင့် ရိတ်သိမ်းပြီးလယ်ကွက်အတွင်း စက်မှုလယ်ယာဦးစီးဌာနမှ ကောက်ရိုးထုံးစက်ဖြင့် ကောက်ရိုးထုံးများဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးပြီး ယာယီမဏ္ဍပ်၌ ရိတ်သိမ်းပြသထားသည့် စပါးမျိုးအထွက်နှုန်းများအား ကြည့်ရှုစစ်ဆေးကြသည်။

ယနေ့စံပြလယ်ယာအထွက်နှုန်း စိစစ်ရိတ်သိမ်းရာ တောင်သူဦးသန်းစိုးထွန်း၏Seederဖြင့် စိုက်ပျိုးထားရှိသည့် စိုက်ရက် ၁၀၀ မျိုးမှ တစ်ကေစပါး ၁၃၁ ဒသမ ၅၂ တင်း၊ တောင်သူဦးဝင်းကြိုင်၏ ပျိုးစိုက်ရက် ၁၀၀ မျိုးမှတစ်ကေစပါး ၁၂၆ ဒသမ ၆၃ တင်းထွက်ရှိခဲ့ကြောင်း၊ တိုက်ကြီးမြို့နယ်အတွင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှပံ့ပိုးထားသော ကောက်ရိုးထုံးစက်နှစ်စီးဖြင့် ဆောင်ရွက်လျက်ရှိရာ တိုက်ကြီးမွေးမြူရေးအထူးဇုန်သို့ တိရစ္ဆာန်အစားအစာအဖြစ် ကောက်ရိုးထုံး ၄၀၀ အား ပေးပို့ခဲ့ကြောင်းသိရသည်။

ရန်ကုန်တိုင်းဒေသကြီး မြို့နယ်အသီးသီးတွင် တောင်သူများပူးပေါင်း၍ နွေစပါးနှင့် ပဲတီစိမ်းကေ ၁၀၀ အကွက်များအလိုက် ယှဉ်ပြိုင်စိုက်ပျိုးစေခဲ့ရာ စုပေါင်းအထွက်နှုန်းအများဆုံးရရှိမှုအပေါ်မူတည်၍ ဆုများရွေးချယ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**ဝန်းရံခ**

## မဲစာရင်းများပြည့်စုံမှန်ကန်စေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၁

**ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်ဇော်သည် မချမ်းဘောမြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းများပြည့်စုံမှန်ကန်စေရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်းပြောကြားခဲ့သည်။**

ဆက်လက်၍ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုဗဟိုကော်မတီက ပေးပို့လာသည့် တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ အသက် ၁၈ နှစ်ပြည့် လူဦးရေစာရင်းများကို ရပ်ကွက်/ ကျေးရွာအုပ်စုအဆင့်အထိ ပြန်လည်စိစစ်၍ လျာထားမဲရုံများအလိုက် မဲစာရင်းများပြုစုနိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ကျင်းပပြုလုပ်ရန်ရှိသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် ဆန္ဒမဲပေးနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါမဲပေးစက်အသုံးပြု၍ မဲပေးခြင်းဖြင့် ပယ်မဲဖြစ်ပေါ်မှုမရှိခြင်း၊ မဲရေတွက်ခြင်းအတွက် အချိန်ကြန့်ကြာမှုများ၊ ကိန်းဂဏန်းလွဲမှားမှုများကို ကျော်လွှားပြီး အချိန်တိုအတွင်း တိကျမှန်ကန်သည့် မဲရလဒ်များထုတ်ပြန်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မချမ်းဘောမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ ရွေးကောက်ပွဲအရာရှိက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ရပ်ကွက်/ကျေးရွာ



အုပ်စုအုပ်ချုပ်ရေးမှူးနှင့် စာရေးဝန်ထမ်းခန့်အပ်ထားရှိမှုအခြေအနေများကိုရှင်းလင်းတင်ပြရာ ကော်မရှင်အဖွဲ့ဝင်က သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင်သည် မချမ်းဘောမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ဝန်ထမ်းများကို ချီးမြှင့်ထောက်ပံ့ငွေများပေးအပ်၍ မချမ်းဘောမြို့နယ်အတွင်းရှိ လျာထားမဲရုံတည်နေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် မေ ၁

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၅-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၈၅ | ၂၉၉၅ | ၂၉၆၅ | ၂၉၀၀ | ၃၀၀၅ | ၃၀၂၀ | ၃၀၃၅ | ၂၉၅၅ | ၄၅၀၅ | ၃၂၅၀ | ၂၉၇၀ | ၂၉၇၅ | ၃၀၄၅ | ၃၀၁၀ | ၃၀၃၀ | ၃၂၈၅ |
| 95 Ron | ၂၉၄၀ | ၃၀၅၅ | ၃၀၂၀ | ၂၉၅၅ | ၃၀၆၀ | ၃၀၇၅ | ၃၀၉၀ | ၃၀၁၀ | ၄၅၆၀ | ၃၃၀၅ | ၃၀၃၀ | ၃၀၃၀ | ၃၁၀၀ | ၃၀၆၅ | ၃၀၈၅ | ၃၃၄၅ |
| HSD (500 ppm) | ၂၄၇၀ | ၂၅၈၅ | ၂၅၅၀ | ၂၄၈၅ | ၂၅၉၀ | ၂၆၀၅ | ၂၆၂၅ | ၂၅၄၀ | - | ၂၈၃၅ | ၂၅၆၀ | ၂၅၆၀ | ၂၆၃၀ | ၂၅၉၅ | ၂၆၂၀ | ၂၈၇၅ |
| HSD (50 ppm) | ၃၀၅၅ | ၃၁၆၅ | ၃၁၃၀ | ၃၀၆၅ | ၃၁၇၀ | ၃၁၉၀ | ၃၂၀၅ | ၃၁၂၅ | ၄၈၃၀ | ၃၄၁၅ | ၃၁၄၀ | ၃၁၄၀ | ၃၂၁၀ | ၃၁၇၅ | ၃၂၀၀ | ၃၄၅၅ |
| HSD (10 ppm) | ၃၀၅၅ | ၃၁၆၅ | ၃၁၃၀ | ၃၀၆၅ | ၃၁၇၀ | ၃၁၉၀ | ၃၂၀၅ | ၃၁၂၅ | - | ၃၄၁၅ | ၃၁၄၀ | ၃၁၄၀ | ၃၂၁၀ | ၃၁၇၅ | ၃၂၀၀ | ၃၄၅၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၁၈ | ၂၈၀၆ |
| 95 Ron | ၂၇၇၃ | ၂၈၆၂ |
| HSD (500 ppm) | ၂၃၁၈ | ၂၃၉၄ |
| HSD (50 ppm) | ၂၈၈၂ | ၂၉၆၉ |
| HSD (10 ppm) | ၂၈၈၂ | ၂၉၆၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ကျောက်ကပ်ကျန်းမာရေးအတွက် ရှောင်ရန် ဆောင်ရန် အစားအစာများ

**''ဟင်းသီးဟင်းရွက်တစ်မျိုးစီတွင် သဘာဝမှပေးစွမ်းထားသော ကျန်းမာရေးအတွက် အာနိသင်တစ်မျိုးစီပါရှိနေသည်။ တရုတ်နံနံ၊ ဂေါ်ဖီ၊ သခွားသီး၊ မုန်လာဥနီ၊ ဆလတ်ရွက်၊ ကိုက်လန် စသည်တို့က ကျောက်ကပ်အတွက် အထူးဆေးဖက်ဝင်သော ဟင်းသီးဟင်းရွက်များဖြစ်ကြသည်။ ထို့ကြောင့် ယင်းဟင်းသီးဟင်းရွက်အားလုံးကိုဖြစ်စေ၊ နှစ်မျိုး၊ သုံးမျိုးကိုဖြစ်စေ တစ်ပြိုင်တည်းကြိတ်ခြေကာ ဖျော်ရည်အဖြစ် သောက်သုံးပေးခြင်းဖြင့် ခန္ဓာကိုယ်ထဲမှ အဆိပ်အတောက်များကို ဆီး(အရည်)အဖြစ် စွန့်ထုတ်ပေးကာ ကျောက်ကပ်ကိုလည်း သန့်စင်စေနိုင်သည် . . .''**

ယနေ့ကမ္ဘာတွင် လူသားများ နေထိုင်စားသောက်မှုပုံစံ စနစ်မကျခြင်းကြောင့် ရောဂါဝေဒနာအမျိုးမျိုးခံစားနေကြရကာ ဆန်းသစ်သောဝေဒနာများအနက် လူတော်တော်များများ ကျောက်ကပ်ပျက်စီးသောရောဂါနှင့် တွေ့ကြုံနေကြရသည်။ ကျောက်ကပ်၏လုပ်ငန်းဆောင်တာမှာ ခန္ဓာကိုယ်ထဲမှ မလိုလားအပ်သော အဆိပ်အတောက်များကို ဖယ်ရှား၍ သွေးကိုသန့်စင်ပေးသည်။ အကယ်၍ ကျောက်ကပ်သည် ၎င်းအလုပ်လုပ်နိုင်သည်ထက်ပို၍ အလုပ်လုပ်ရသည့်အခါ ဖိအားများစွာဖြစ်လာပြီး ကျောက်ကပ်ပျက်စီးလာသည်။

ကျောက်ကပ်ပျက်စီးခြင်းဝေဒနာကို အမျိုးသား၊ အမျိုးသမီးအားလုံး ခံစားရနိုင်သည်။ ဆီးအခြေအနေပြောင်းလဲခြင်း၊ ခက်ခက်ခဲခဲဆီးသွားရခြင်း သို့မဟုတ် ဆီးသွားနေစဉ် နာကျင်စွာခံစားရခြင်း၊ ဆီးထဲတွင် သွေးပါခြင်း၊ ဆီးအမြှုပ်ထခြင်း၊ ခန္ဓာကိုယ်ဖောသွပ်ခြင်း၊ အလွန်အမင်းမောပန်းနွမ်းနယ်၍ ဖျော့ရော်ရော်ဖြစ်ခြင်း၊ မူးနောက်၍ အာရုံမစူးစိုက်နိုင်ခြင်း၊ ချမ်းစိမ့်စိမ့်ဖြစ်ခြင်း၊ အရေပြားယားယံ၍ အနီစင်းကြောင်းများပေါ်ခြင်း၊ အသက်ရှူရာတွင် အမိုးနီးယားဓာတ်ငွေ့နံ့ ခံစားရခြင်း၊ ပျို့အန်ခြင်း၊ အစာစားချင်စိတ်မရှိခြင်း၊ အသက်ရှူမဝခြင်း၊ ခါးဘေးနာကျင်ခြင်း စသည်တို့သည် ကျောက်ကပ်ပျက်စီးသောလက္ခဏာများဖြစ်၍ မပေ့ါဆသင့်ပေ။

သို့ပါ၍ ကျောက်ကပ်ကျန်းမာရေးအတွက် မိမိတို့နေ့စဉ်ဘဝတွင် ရှောင်ရန်၊ ဆောင်ရန် အစားအစာများကို အောက်ပါအတိုင်း ရေးသားအကြံပြုလိုက်ရပါသည်။

**ကျောက်ကပ်ကို ကောင်းကျိုးမပြုသောအစားအစာများ**

- နို့၊ ဒိန်ချဉ်၊ နို့ခဲ စသည့်တိရစ္ဆာန်မှရရှိသော အဆီမထုတ်ထားသည့် နို့ထွက်ပစ္စည်းများကို လွန်ကဲစွာစားသောက်ပါက ကျောက်ကပ်ထဲ ကယ်လ်စီယမ်ဓာတ်များ အနည်ကျကာ ဆီးကျောက်တည်ခြင်းကိုဖြစ်စေသည်။
- ဆိုဒီယမ်(အငန်)ဓာတ်က ခန္ဓာကိုယ်ထဲရှိ အရည်များကို မျှတအောင် ထိန်းပေးနိုင်သောကြောင့် ဆားက မရှိမဖြစ်ဆိုသော်လည်း အငန်ဓာတ်ကို လိုအပ်သည်ထက် ပိုမိုစားသုံးမိပါက ခန္ဓာကိုယ်ထဲတွင် ကယ်လ်စီယမ်ဓာတ်ကို စွန့်ထုတ်မှုပိုများသဖြင့် အရိုးသန်မာမှုကို လျော့နည်းစေသည့်အပြင် ကျောက်ကပ်တွင် ကျောက်တည်နိုင်ခြေ အလားအလာပိုများလာစေသည်။ ထို့ကြောင့် ဆားကို လျှော့နိုင်သမျှ လျှော့စားပါ။
- အသားစား မကြူးပါနှင့်။ အထူးသဖြင့် အမဲ၊ သိုး၊ ဆိတ်၊ ကြက်ဆင် စသည့် အနီရောင်အသားများ၊ ပင်လယ်ငါးနှင့် ပုစွန်တို့တွင်ပါရှိသော Phosphorus (ခေါ်) မီးစုန်းဓာတ်က ကျောက်ကပ်ကို လုံးဝကောင်းကျိုးမပြုနိုင်ပေ။
- အရက်အလွန်အကျွံမသောက်ပါနှင့်။ အရက်ထဲတွင်ပါသော အယ်လ်ကိုဟောက အသည်းရောဂါကြောင့် ကျောက်ကပ်ကို သွယ်ဝိုက်သောနည်းဖြင့် ပျက်စီးစေသည်။
- ရှားစောင်းလက်ပပ်ပင်၏ အနှစ်(ဂျယ်လီ)က ကျန်းမာရေးအတွက် ဘက်စုံကောင်းကျိုးပြုသော်လည်း ယင်းဂျယ်လီကို တစ်ရက်လျှင် ၂၀ စီစီထက် ပိုစားမိပါက ကျောက်ကပ်ပျက်စီးစေနိုင်သည်။
- ဟင်းနုနယ်ထဲတွင် Oxalates ဓာတ်ပါရှိသဖြင့် ကျောက်ကပ်ဝေဒနာသည်များ အလွန်အကျွံမစားသင့်ပေ။
- Oxalates ဓာတ်ကြွယ်ဝသော ဗိုလ်စားပဲသီး၊ ပိန်းဥ၊ ပိန်းရိုး၊ ဟင်းနုနယ်ရွက်တို့က ဆီးကျောက်တည်စေနိုင်၍ သင့်တင့်ရုံသာစားပါ။
- ဥပမာ- အစားအစာများကို တာရှည်ခံအောင် ပြုပြင်ထားသော သား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဂလံ စည်သွတ်ဘူးများ၊ ကြက်အူချောင်း၊ ဝက်အူချောင်းများ၊ ထုံချိုင်းအသားလုံးများ၊ အသင့်စားခေါက်ဆွဲထုပ်၊ ကြာဆံထုပ် စသည်တို့က အသည်းနှင့်ကျောက်ကပ်ကို အဆိပ်အတောက်ဖြစ်စေနိုင်သောကြောင့် ရံဖန်ရံခါမှသာ စားသုံးပါ။
- သဘာဝသစ်သီးဖျော်ရည်မဟုတ်သော အချိုရည်အမျိုးမျိုးနှင့် ဆိုဒါတို့တွင် တာရှည်ခံအောင်၊ အနံ့ကောင်းအောင်နှင့် အရသာရှိအောင် ဓာတုပစ္စည်းများသုံး၍ ပြုပြင်ထားသဖြင့် အာဟာရမဖြစ်သည့်အပြင် ကျောက်ကပ်ကိုပါ ထိခိုက်နိုင်သည်။
- ထိုနည်းတူ ကာဗွန်ဒိုင်အောက်ဆိုက်ဂက်စ်ထည့်ထားသည့် အဖျော်ယမကာများကလည်း ကျောက်ကပ်ထဲရှိသွေးကြောများကို ပျက်စီးခြင်း၊ ကျောက်တည်ခြင်း စသည့်ဆိုးကျိုးများဖြစ်စေနိုင်သည်။
- ကဖိန်းဓာတ်များသော ကော်ဖီနှင့်လက်ဖက်ရည်ကို အလွန်အကျွံသောက်ခြင်းက ခန္ဓာကိုယ်အနှံ့ သွေးလည်ပတ်စီးဆင်းမှုကို လှုံ့ဆော်ပေးသောကြောင့် သွေးဖိအားများလာပြီး ကျောက်ကပ်ကို ဖိအားဖြစ်စေသည်။

**ကျောက်ကပ်ကို ကောင်းကျိုးပြုသောအစားအစာများ**

- ကြက်ဥ၊ ဘဲဥအကာ(အဖြူရောင်အကာ)ထဲတွင်ပါရှိသော အမိုင်နိုအက်စစ်က ကျောက်ကပ်ကို ကျန်းမာစေသည်။
- ဂေါ်ဖီထုပ်ထဲတွင် ပိုတက်ဆီယမ်ပါဝင်မှု လွန်စွာနည်းပါးသည့်အပြင် ယင်းထဲရှိ သဘာဝဗီတာမင်များနှင့် အမျှင်ဓာတ်များက ကျောက်ကပ်အတွက် အားဆေးဖြစ်သည်။
- လူတို့တွင် မဂ္ဂနီဆီယမ်ဓာတ်ချို့တဲ့ခြင်းက သွေးတိုးရောဂါဖြစ်စေပြီး ကျောက်ကပ်ကို သွယ်ဝိုက်သောနည်းဖြင့် ဘေးဖြစ်စေသည်။ ထို့ကြောင့် မဂ္ဂနီဆီယမ်ဓာတ်ကြွယ်ဝသည့် အစားအစာများဖြစ်ကြသော အခွံမာသီးအစေ့အဆန်များ၊ မြေထောက်ပဲနှင့် ကိုက်လန်၊ ပန်းဂေါ်ဖီစိမ်းကဲ့သို့ ဟင်းရွက်စိမ်းများကို လုံလောက်စွာစားပေးပါ။
- အစိမ်းရောင်ငရုတ်ပွထဲတွင် ပိုတက်ဆီယမ်ဓာတ်ပါဝင်မှု နည်းပါးသည့်အပြင် ယင်းထဲရှိသဘာဝဗီတာမင်နှင့် သတ္တုဓာတ်က ကျောက်ကပ်ကို သန့်စင်ပေးနိုင်သည့်အစွမ်းများရှိသည်။
- စပျစ်သီးက ခန္ဓာကိုယ်ထဲရှိ မလိုလားအပ်သော ယူရစ်အက်စစ်များကို ဆီးအဖြစ်ထွက်ရှိလာအောင် တွန်းအားပေးသောကြောင့် ဆီးရွှင်စေကာ ကျောက်ကပ်ကျန်းမာစေသည့်အပြင် ခန္ဓာကိုယ်တွင်း အဆိပ်များကို သုတ်သင်ရှင်းလင်းနိုင်သည့် ဇီဝဖြစ်စဉ်ကို တိုးမြှင့်ပေးနိုင်၍ ကျောက်ကပ်နှင့် သည်းခြေကို သန့်စင်စေသည်။
- ဘယ်ရီသီးမျိုးနွယ်ဝင်များဖြစ်ကြသော စတော်ဘယ်ရီနှင့် Cranberry (ခေါ်) အချဉ်အရသာရှိသည့် ဘယ်ရီသီးအနီရောင်ထဲတွင် ပါရှိသော Hippuric အက်စစ်က ခန္ဓာကိုယ်ထဲရှိ ဆီးအဆိပ်အတောက်ကို ဖယ်ရှားပေးနိုင်သည်။
- ကြိတ်မှန်ရွက်ပဉ္စငါးပါးကို ရေစင်စင်ဆေး၊ အခြောက်လှန်းပြီး သွပ်ပြားပေါ်တင်၍ ပြာချပါ။ ယင်းပြာကို သံဒယ်အိုးတွင်ထည့်၊ ရေနှင့်ဖျော်ပြီး ခန်းခြောက်သွားအောင် အပူပေးခြင်းဖြင့် ရလာသောဆေးကို ကြိတ်မှန်ရွက်ရက္ခမူဆားဟု ခေါ်သည်။ ယင်းကို ထမင်းမစားမီ ဆီးကင်းခန့် နေ့စဉ် အချိန်မှန်မှန်စားပါ။
- မည်သည့်ငှက်ပျောပင်၏ အူတိုင်ကိုမဆို ကျောက်ဖရုံသီးဖျော်ရည် လုပ်သောက်ပါက ကျောက်ကပ်၊ ဆီးအိမ်၊ အမျိုးသားများ ဆီးကျိတ်ဝေဒနာနှင့် ဆီးကျောက်တည်ခြင်းမှ ကာကွယ်ပေးသည်။
- ရွှေဖရုံသီးနှင့် ရွှေဖရုံစေ့ထဲရှိအဆီက ကျောက်ကပ်၏စွမ်းဆောင်ရည်ကို တိုးတက်မြင့်မားစေပြီး ခန္ဓာကိုယ်ထဲရှိ မလိုလားအပ်သောအညစ်အကြေးများကို ဆီးအဖြစ်စွန့်ထုတ်ပေးနိုင်၍ ဆီးကျောက်တည်ခြင်းကို မဖြစ်စေတော့ပေ။ အထူးသဖြင့် အမျိုးသားများတွင် ဖြစ်တတ်သော ဆီးကျိတ်ကြီးထွားလာခြင်းကို သက်သာစေရုံမျှမက ဆီးကျိတ်ကင်ဆာရောဂါကိုလည်း ထိထိရောက်ရောက်တားဆီးကာကွယ်ပေးနိုင်သည်။
- နာနတ်သီးကို ပန်းသီး သို့မဟုတ် ဖရဲသီးနှင့် တွဲဖက်စားပေးပါက ခန္ဓာကိုယ်ထဲရှိ မလိုလားအပ်သော အငန်ဓာတ်များကို ဖယ်ရှားပေးကာ ကျောက်ကပ်နှင့် သည်းခြေတို့ကို အားဖြစ်စေသည်။ ထို့ပြင် အဆိပ်အတောက်များကို ဖယ်ရှားပေးနိုင်သောကြောင့် ကျောက်ကပ်ကို သန့်စင်စေသည်။
- အာလူးထဲတွင် မဂ္ဂနီဆီယမ်ဓာတ် မြင့်မားစွာပါရှိနေပြီး ထိုဓာတ်က ကျောက်ကပ်နှင့်တစ်သျှူးများထဲတွင် ကျောက်ကပ်ကျောက်တည်ခြင်းကို ချေဖျက်ပေးနိုင်စွမ်းရှိသည်။
- ကြံရည်က ကျောက်ကပ်ကိုအားပေးပြီး ဆီးချုပ်၊ ဆီးအောင့်ခြင်း မဖြစ်အောင် ကာကွယ်ပေးသည်။
- ခရမ်းချဉ်သီးကို အစေ့ဖယ်စားခြင်းက ကျောက်ကပ်နှင့် ဆီးအိမ်ကျောက်တည်ခြင်းကို လျှော့ချပေးနိုင်သည်။
- မြင်းခွာရွက်ကို နေ့စဉ်မှန်မှန်စားပေးခြင်းဖြင့် ကျောက်ကပ်နှင့် ပတ်သက်သော ဆီးဝေဒနာအမျိုးမျိုးကို ကြိုတင်ကာကွယ်ရာရောက်သည်။

**ကျောက်ကပ်ကိုသန့်စင်ပေးနိုင်သော သဘာဝဖျော်ရည်များ**

- Beet Root (ခေါ်) သကြားမုန်လာဥ (ခေါ်) မုန်လာဥနီအလုံးကလည်း ကျောက်ကပ်အတွက် ဆေးတစ်ပါးဖြစ်သည်။ Beet Root ထဲရှိ Betaine ဓာတ်တိုးဆန့်ကျင်ပစ္စည်းက ကျောက်ကပ်အတွင်း ကယ်လ်စီယမ်၊ Phosphorus ဖြစ်တည်ခြင်းကို ရှင်းထုတ်ပေးကာ ကျောက်ကပ်ကင်ဆာမဖြစ်အောင်လည်း ကြိုတင်ကာကွယ်ပေးနိုင်သည်။ ယင်းအတွက် Beet Root ကို ဖျော်ရည်အဖြစ် တစ်နေ့တစ်ကြိမ် သောက်ပေးသင့်သည်။ Beet Root ကို မြန်မာနိုင်ငံ၏ အေးမြစိုစွတ်သော တောင်ပေါ်ဒေသ ရှမ်းပြည်နယ်၌ တွေ့ရတတ်သည်။ သွေးနီရောင် သို့မဟုတ် ခရမ်းနီရောင်ဖြစ်ပြီး ဓားဖြင့်လှီးလိုက်သောအခါ သွေးရည်ကြည်ကဲ့သို့ နီနီရဲရဲအရည်ရွှမ်းသည်။ ပုံစံမှာ ကြက်သွန်နီကဲ့သို့ လုံးဝိုင်း၍ အပေါ်ယံအခွံအထပ်ထပ်ဖြစ်နေကာ လက်သီးဆုပ်ခန့် အရွယ်အစားဖြစ်သည်။ ဥ၏ထိပ်ပိုင်းတွင် အစိမ်းရင့်ရောင် သို့မဟုတ် စိမ်းညိုရောင်သန်းနေသော ရိုးတံရှည်နှင့်အတူ အရွက်ဖားဖားများ ပါရှိကြသည်။
- သံပရိုသီးက ကျောက်ကပ်ထဲရှိ ကျောက်များကို ကြေပျက်စေသည်။ သံလွင်ဆီက ကျောက်ကပ်ထဲရှိ ကျောက်များ၏အရွယ်အစားကို သေးငယ်သွားစေနိုင်သည်။ ပန်းသီးရှလကာရည်(ခေါ်) Apple Cider Vinegar (ACV)က ဆီးကျောက်တည်ခြင်းဝေဒနာကို ကောင်းကျိုးပြုသည်။ သံပရိုသီးအရည် ၁ အောင်စ၊ ရေသန့် ၁၂ အောင်စ၊ ACV လက်ဖက်ရည်ဇွန်းတစ်ဇွန်းတို့ကိုရောစပ်၍ ရလာသောဖျော်ရည်ကို တစ်နေ့တစ်ကြိမ် သောက်သုံးပေးနိုင်သည်။

ဟင်းသီးဟင်းရွက်တစ်မျိုးစီတွင် သဘာဝမှပေးစွမ်းထားသော ကျန်းမာရေးအတွက် အာနိသင်တစ်မျိုးစီပါရှိနေသည်။ တရုတ်နံနံ၊ ဂေါ်ဖီ၊ သခွားသီး၊ မုန်လာဥနီ၊ ဆလတ်ရွက်၊ ကိုက်လန် စသည်တို့က ကျောက်ကပ်အတွက် အထူးဆေးဖက်ဝင်သော ဟင်းသီးဟင်းရွက်များဖြစ်ကြသည်။ ထို့ကြောင့် ယင်းဟင်းသီးဟင်းရွက်အားလုံးကိုဖြစ်စေ၊ နှစ်မျိုး၊ သုံးမျိုးကိုဖြစ်စေ တစ်ပြိုင်တည်းကြိတ်ခြေကာ ဖျော်ရည်အဖြစ် သောက်သုံးပေးခြင်းဖြင့် ခန္ဓာကိုယ်ထဲမှ အဆိပ်အတောက်များကို ဆီး(အရည်)အဖြစ်စွန့်ထုတ်ပေးကာ ကျောက်ကပ်ကိုလည်း သန့်စင်စေနိုင်သည်။

အချုပ်ဆိုရသော် အစာလည်းဆေး၊ ဆေးလည်းအစာဟု ဆိုသော်လည်း တန်ဆေး၊ လွန်ဘေးဖြစ်တတ်၍ မည်သည့်အစားအစာကိုမဆို သင့်တင့်မျှတစွာစားသုံးကြစေလိုကြောင်းနှင့် ကျောက်ကပ်ကျန်းမာရေးကို ဂရုစိုက်ကြစေလိုကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

**ပေါက်ပေါက်**

# အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲနှင့် ဆုပေးအပ်ပွဲကျင်းပ



**တောင်ကြီး မေ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့သစ်တောရပ်ကွက်ရှိ ပြည်နယ်အားကစားကွင်း၌ ဧပြီလ ၃၀ ရက် ညနေပိုင်းက ၂၀၂၅ ခုနှစ် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများနှင့် ခရိုင်များအလိုက် အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲနှင့် ဆုပေးအပ်ပွဲကျင်းပသည်။

ရှေးဦးစွာ အမျိုးသား/ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲကိုကျင်းပရာ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်ဦးသန်းဦးလွင်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားအသင်းများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများက ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဆုပေးအပ်ပွဲကိုကျင်းပရာ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်နှင့် တာဝန်ရှိသူများက မြို့နယ်အသင်းများမှ အမျိုးသား မီတာ၃၀၀၀ ပြိုင်ပွဲတွင်ပထမ၊ဒုတိယ၊တတိယဆုရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားဆုကိုလည်းကောင်း၊ အမျိုးသား/ အမျိုးသမီး သုံးဆင့်ခုန်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားဆုကိုလည်းကောင်း၊ အမျိုးသား/ အမျိုးသမီး လုံတံပစ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားဆုကိုလည်းကောင်း အသီးသီးပေးအပ်သည်။

ထို့နောက် အမျိုးသား / အမျိုးသမီး မီတာ၄၀၀ x ၄ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားဆုကိုလည်းကောင်း၊ အမျိုးသား / အမျိုးသမီး မီတာ ၁၀၀ တန်းကျော်ပြေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားဆုကိုလည်းကောင်း၊ အမျိုးသား/ အမျိုးသမီး မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားဆုကိုလည်းကောင်း၊ အမျိုးသား/အမျိုးသမီး မီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားဆုကိုလည်းကောင်း၊ ခနုခရိုင်အသင်းအား အမျိုးသမီးတံခွန်စိုက်ဆုဖလားကိုလည်းကောင်း၊ လင်းခေးခရိုင်အသင်းအား အမျိုးသားတံခွန်စိုက်ဆုဖလားကိုလည်းကောင်း၊ ခနုခရိုင်အသင်းအား စုပေါင်းတံခွန်စိုက်ဆုဖလားကိုလည်းကောင်း အသီးသီးဆုပေးအပ်ချီးမြှင့်ကြောင်းသိရသည်။ (၄၀၅)

# အေးချမ်းသာယာ ရွှေမြန်မာ

❖ ရွှေမြန်မာ ကောင်းသတင်း
ရောင်းရင်းတို့ ရပါစေ။
မိတ်သဟာ စိတ်ချမ်းမြေ့
ပျော်မွေ့အဆင်ပြေ။
သောကလည်း ကင်းပမသွေ
ကျန်းမာအခြေ တိုးကာမြင့်။
အလုပ်ကိုင် အစဉ်ကောင်းဖို့
ဆုတောင်းတွေဆင့်။

❖ မင်္ဂလာ ကျက်သရေတင့်ပါလို့
တိုးတက်မြင့် လမ်းကောင်းကို။
လျှောက်လှမ်းချိန် အောင်မြင်ပွဲ
နွှဲဆက်လျက်ကြို။
ခက်ခဲခြင်း ပျောက်ကင်းလို
စိတ်ဓာတ်ကို ကောင်းအောင်ထား။
ကူညီလေ စာနာစိတ်နဲ့
ထိပ်တန်းလှုပ်ရှား။

❖ သင်းပျံ့ဂုဏ် နေ့ရက်များက
ပိုင်ဆိုင်အား တင့်တယ်လာ။
လောကကို ကောင်းကျိုးပေး
အေးချမ်းသာယာ။
ရင်ထဲက စိတ်ကောင်းမှာ
ဆန္ဒဖြာ ဂုဏ်ရောင်လွှမ်း။
အတွေးမလွဲပါနဲ့
သွေးထဲဝယ် ပရဟိတဖြင့်
ပြုကြလျက်လှမ်း။ ။

**မောင်မျိုးချစ်(အညာမြေ)**

## သဖင်(FM)အသံလွှင့် အစီအစဉ်

၂-၅-၂၀၂၅(သောကြာနေ့)

၁။ ၀၈:၀၀ For Youth
၂။ ၁၀:၀၀ သတင်း/သီချင်း
၃။ ၁၃:၀၀ တိုင်းရင်းသားစကားပြောကြရအောင်
၄။ ၁၇:၀၀ ထူးခြားထင်ရှားကမ္ဘာတစ်လွှား
၅။ ၁၉:၀၀ စစ်သည်ကဏ္ဍ
၆။ ၂၁:၂၀ စာလာတယ်ဗျို့

# ကျွန်းစုမြို့နယ်၌ ဒေသထွက် ဒူးရင်းသီးများရောင်းအားကောင်း

**ကျွန်းစု မေ ၁**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ကပကျေးရွာနှင့် မိုင်းတွေးကျေးရွာတို့၌ ဒေသထွက်ဒူးရင်းသီးများ ရောင်းအားကောင်းလျက်ရှိကြောင်းသိရသည်။

ကျွန်းစုမြို့နယ်၌ ဧပြီလ တတိယပတ်မှစတင်၍ ဒူးရင်းသီးမှည့်များ စပေါ်လျက်ရှိပြီး ပေါ်ဦးပေါ်ဖျားရာသီဖြစ်၍ အထွက်နည်းနေသေးကြောင်း ဒူးရင်းပင်စိုက်ပျိုးသည့် ခြံပိုင်ရှင်တချို့ထံမှသိရသည်။

"ဒူးရင်းသီးမှည့်တွေက သိပ်မကြွေသေးတော့ အထွက်နည်းနေသေးတယ်။ အခုမှပေါ်ခါစဆိုတော့ အခုရောင်းရင်အခုကုန်ပါတယ်။ ရောင်းအားလည်းကောင်းပါတယ်။ ဈေးကတော့ အလုံးအကြီးအသေးအလိုက် ဈေးအမျိုးမျိုးနဲ့ ရောင်းချရပါတယ်" ဟု မိုင်းတွေးကျေးရွာမှ ဒူးရင်းပင်ခြံယ်ပိုင်ရှင်တစ်ဦးကပြောသည်။

အဆိုပါ ဒူးရင်းသီးမှည့်များကို ကျေးရွာအတွင်းရှိဈေးများ၊ မြို့ပေါ်ဈေးများနှင့် မြိတ်မြို့သို့တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ (၄၁၂)

# နွေစပါးနှင့်နွေသီးနှံစိုက်ခင်းများ ဆည်ရေအပြင် မိုးရေရရှိစေရေး မိုးခေါ်လွန်ဆွဲပြိုင်ပွဲကျင်းပ



**နေပြည်တော် မေ ၁**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်၌ နွေစပါးနှင့်နွေသီးနှံစိုက်ခင်းများ ဆည်ရေအပြင် မိုးရေရရှိစေရေး မိုးခေါ်လွန်ဆွဲပြိုင်ပွဲကို ဧပြီလ ၃၀ ရက် ညနေပိုင်းက ကွင်းအမှတ် (၁၃၁၉) ဗိုလ်မင်းရောင်ကွင်း၌ အိုးစည်၊ ဒိုးပတ်များဖြင့် ကျင်းပသည်။

မိုးခေါ်လွန်ဆွဲပြိုင်ပွဲကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြီးကြပ်ပြီး ဗိုလ်မင်းရောင်ရပ်ကွက်အုပ်ချုပ်ရေးမှူးက ဦးဆောင်၍ အမျိုးသားအဖွဲ့၊ အမျိုးသမီးအဖွဲ့နှင့် ကလေးငယ်အဖွဲ့တို့ဖြင့် သုံးဖွဲ့ခွဲကာ ယှဉ်ပြိုင်ကျင်းပခြင်းဖြစ်သည်။

ပြိုင်ပွဲတွင်ဆုရရှိသည့်အဖွဲ့များကို တာဝန်ရှိသူများက ဆုငွေများအသီးသီးပေးအပ်ပြီး ပြိုင်ပွဲဝင်များ၊ ဧည့်ပရိသတ်များနှင့်တာဝန်ရှိသူများက မိုးရွာစေရန် ဆုတောင်းကြသည်။

အဆိုပါပြိုင်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဗိုလ်မင်းရောင်ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်သည့် အမျိုးသားအဖွဲ့၊ အမျိုးသမီးအဖွဲ့၊ ကလေးငယ်အဖွဲ့နှင့် ဧည့်ပရိသတ်များတက်ရောက်ကြောင်း သိရသည်။

(၄၁၃)

# ထုတ်ကုန်နှစ်ဆဖြစ်ပေါ်ရေး အလုပ်သမားအခွင့်အရေးမြှင့်တင်ပေး

**❖ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးသည် မိမိတို့နိုင်ငံသားများ သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်တိုးမြှင့်ရေး အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိ၊ အမှန်တကယ် အလုပ်လိုအပ်နေသူများကို အလုပ်ခန့်ထားပေးနိုင်မှုသည် ပြည်သူအများစု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး၊ ဆင်းရဲမှုတိုက်ဖျက်ရေးကို အလေးထားခြင်းဖြစ်၊ ကုန်ထုတ်လုပ်မှုအခန်းကဏ္ဍတွင် အဓိကမောင်းနှင်အားဖြစ်သည့် အလုပ်သမားများ၏ လုပ်ငန်းကျွမ်းကျင်မှုများသည် လွန်စွာအရေးပါသကဲ့သို့ နိုင်ငံတော်အနေဖြင့်လည်း နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်း၊ နည်းပညာ၊ အရင်းအနှီးများပိုမိုရရှိစေရေး အထူးစီးပွားရေးဇုန်များ၊ စက်မှုဇုန်များ၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံလိုသူများစွာကို ဖိတ်ခေါ်လျက် ကုန်ထုတ်လုပ်မှုကဏ္ဍများပိုမိုဖွံ့ဖြိုးတိုးတက်စေရေး အလေးထားဆောင်ရွက်လျက်ရှိ . . .**

ယနေ့ကမ္ဘာကြီးသည် အချိန်နှင့်အမျှပြောင်းလဲနေပြီး ပြောင်းလဲမှုတိုင်းတွင် လူ့စွမ်းအားအရင်းအမြစ်ဟူသော လုပ်သားအင်အားမပါမဖြစ်ပါဝင်နေသည်ကိုတွေ့ရသည်။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံလူမှုစီးပွားဘဝပြည့်စုံရေး ဦးတည်ဆောင်ရွက်ရာတွင် လုပ်သားစွမ်းရည်မြှင့်တင်ပေးခြင်း၊ အသိဉာဏ်ပညာနှင့် ကြိုးစားဆောင်ရွက်မှုကိုဖြစ်စေသော လေ့ကျင့်သင်ကြားပေးမှုကို အခြေခံလျက်ရှိသည်။ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနယ်ပယ်တိုင်းတွင် လူသားအရင်းအမြစ်ကို ကောင်းစွာအသုံးချရေးမှာ လွန်စွာအရေးကြီးသည်။ ထို့အတူ ကုန်ထုတ်လုပ်မှုကဏ္ဍများကိုဦးဆောင်နေသည့်အလုပ်သမားများ၏လူမှုဘဝဖူလုံမှုသည် ဘဝအနာဂတ်လင်းရောင်ခြည်ပင်ဖြစ်သည်။

ဖွံ့ဖြိုးပြီးနိုင်ငံများ၏ လုပ်ငန်းလိုအပ်ချက်များတွင် လုပ်သားလိုအပ်ချက်မှာ ဟင်းတစ်ခွက်တွင် မပါမဖြစ်ဆားတစ်ပွင့်ပမာတူညီသည်။ ပြည်ပနိုင်ငံအသီးသီးမှ စက်ရုံ၊ အလုပ်ရုံများတွင် ကျွမ်းကျင်အလုပ်သမားများ တရားဝင်ခေါ်ယူရခြင်းဈေးကွက်များဖြစ်ထွန်းအောင်မြင်လာခဲ့သည်။ နိုင်ငံတကာရွှေ့ပြောင်းအလုပ်သမားအချို့သည် အိမ်တွင်းမှုအထောက်အကူပြုအလုပ်နေရာများဖြစ်သည့် အိမ်တွင်းဧည့်ကြိုများ၊ သန့်ရှင်းရေးအလုပ်သမားများ၊ ယာဉ်မောင်းများ၊ ချက်ပြုတ်သူများ၊ ကလေးသူငယ်စောင့်ရှောက်ပေးရသူများ၊ သက်ကြီးရွယ်အိုစောင့်ရှောက်ပေးရသူများ၊ လုံခြုံရေးဝန်ထမ်းများအစရှိသည့် အလုပ်အမျိုးအစားများတွင် ပါဝင်လုပ်ကိုင်လာကြသည်ကို တွေ့ရှိရသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်နေကြသည့် အလုပ်သမားများကို လေ့လာဆန်းစစ်ကြည့်လျှင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ လုပ်ခလစာနည်းပါးခြင်းတို့ကြောင့် လုပ်ခလစာပိုမိုရရှိသည့်နိုင်ငံများကို ရွေးချယ်သွားလာနေကြခြင်းဖြစ်သည်။

အလုပ်သမားအများစုသည် လုပ်ခလစာကို အခြေခံပြီး လုပ်ခလစာတိုးမြှင့်ရရှိရေး၊ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေး တောင်းဆိုသံများပေါ်ထွက်စမြဲဖြစ်သည်။ အနည်းဆုံးအခကြေးငွေသည် မိသားစုဘဝ စားဝတ်နေရေးဖြေရှင်းနိုင်သည့် အနိမ့်ဆုံးလုပ်ခကို ဆိုလိုခြင်းဖြစ်သည်။ အနည်းဆုံးအခကြေးငွေသည် ပုံမှန်အလုပ်ချိန်အပေါ်မူတည်သတ်မှတ်ထားသော နှုန်းထားလည်းဖြစ်သည်။ အလုပ်ရှင်နှင့် အလုပ်သမားတို့သည် တစ်ဦးနှင့်တစ်ဦးအပြန်အလှန်သဘောမှီခိုလျက် ရှိပြီး တစ်ဦးအကျိုးစီးပွားကို တစ်ဦးက အထောက်အကူပြုပေးသည့်ပုံစံနှင့်တူသည်။ ယင်းတို့အကြား အပြန်အလှန် ကိုယ်ချင်းစာနာစိတ်ဖြင့် လုပ်ခလစာနှင့် စေတနာလဲလှယ်သော လုပ်ငန်းခွင်မပျက်ညှိနှိုင်းဆွေးနွေးခြင်းများသည် နှစ်ဦးနှစ်ဖက်အတွက် ငြိမ်းချမ်းရေးအသွင်ဆောင်သော ဆက်ဆံရေးတစ်ရပ်ထူထောင်ခြင်းဖြစ်သည်။

တန်ဖိုးရှိလှသော လူ့စွမ်းအားအရင်းအမြစ်ရေရှည်တည်တံ့ရေးအတွက် ဘေးကင်းလုံခြုံသော လုပ်ငန်းခွင်များ ဖန်တီးကြရမည်။ အလုပ်ရှင်များ၏ တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် အသိအမြင်များသည် အရေးကြီးလွန်းလှသည်။ နှစ်ဦးနှစ်ဖက် ချင့်ချိန်တွက်ဆမှုသည် အကျိုးမမဲ့ အကျိုးဖြစ်ထွန်းသောလုပ်ရပ်များဖြစ်သည်။ ဘေးကင်းလုံခြုံသော လုပ်ငန်းခွင်များ ဖန်တီးကြရာတွင် ပုံမှန်အလုပ်လုပ်ခွင့်ရှိသည့် အသက်အရွယ်ကို သတိပြုရမည်။ ဥပဒေအရသတ်မှတ်ထားသည့် အသက်ပြည့်မီမှသာ အလုပ်ခွင်ဝင်ရောက်ရန်ဖြစ်သည်။ သတ်မှတ်ထားသည့် အသက်အောက်ရောက်ရှိနေသည့် ငယ်ရွယ်သူများကို အလုပ်လုပ်ခွင့်မပေးဘဲ အလုပ်ခွင်စည်းကမ်းအတိုင်း တိတိကျကျလိုက်နာရမည်ဖြစ်သည်။ လူငယ်များသည် မိသားစုစားဝတ်နေရေးကြောင့် အလုပ်ခွင်အတွင်း ဝင်ရောက်နေကြရသော်လည်း လုပ်ငန်းခွင်ဘေးအန္တရာယ်များ၊ အန္တရာယ်ဖြစ်နိုင်သည့် အခြေအနေများနှင့် ပတ်သက်သော အသိပညာဗဟုသုတအားနည်းခြင်း၊ လုပ်ငန်းခွင်အတွင်း ရပိုင်ခွင့် အခွင့်အရေးများနှင့် သက်ဆိုင်သော အထွေထွေဗဟုသုတများမရှိခြင်းတို့ကြောင့် လုပ်အားခေါင်းပုံဖြတ်ခံရနိုင်မှုနှင့်အတူ လူငယ်များ၏စိတ်ကျန်းမာရေး၊ ကိုယ်ကျန်းမာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေနိုင်သည်။

လုပ်ငန်းခွင်အတွင်း အလုပ်သမားများ အချိန်မတိုင်မီသေဆုံးခြင်း၊ မသန်စွမ်းဖြစ်ခြင်း၊ ရောဂါတစ်မျိုးမျိုးခံစားခြင်းများမဖြစ်စေရန် လုပ်ငန်းခွင်ဘေးကင်းရေး၊ အလုပ်သမားများ၏ ကျန်းမာရေး၊ သက်သာချောင်ချိရေးဆိုင်ရာ ရပိုင်ခွင့်များကို အလုပ်ရှင်ဘက်မှစီစဉ်ဆောင်ရွက်ပေးရပြီး လုပ်သားများဘက်မှလည်း လုပ်ငန်းခွင်ဘေးကင်းရေး၊ အလုပ်သမားများ၏ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို လိုက်နာရန်လိုအပ်သည်။ လုပ်ငန်းခွင် မတော်တဆမှုနှင့် ရောဂါဖြစ်ပွားမှုလျှော့ချရေးဆောင်ရွက်ရာတွင် အလုပ်ရှင်၊ အလုပ်သမားများမှ မှန်ကန်သောအသိအမြင်၊ အတွေးအခေါ်ဖြင့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာရန် လိုအပ်သည်။ ထို့အတူပင် အလုပ်ရှင်၊ မန်နေဂျာ၊ အလုပ်သမားများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များမြှင့်တင်ရေးဆိုင်ရာ ဆွေးနွေးပွဲများကို အခါအားလျော်စွာကျင်းပပေးခြင်းဖြင့် ဘေးကင်းလုံခြုံသောဘဝများကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။

ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးတွင် အဓိကလိုအပ်လျက်ရှိသည့် ကျွမ်းကျင်အလုပ်သမားများ၏ အခန်းကဏ္ဍသည် ထိပ်ဆုံးက အရေးပါလာခဲ့သည်။ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပေါ်ပေါက်ရရှိရန်လိုအပ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ အလုပ်သမားလိုအပ်ချက်ပြည့်မီရေး ရွှေ့ပြောင်းအလုပ်သမားလိုအပ်မှုအရေးအတွက်မှာ စဉ်ဆက်မပြတ်တိုးပွားလာဖွယ်သာရှိသည်။ နိုင်ငံတစ်ခုမှတစ်ခုသို့ ရွှေ့ပြောင်းအလုပ်လုပ်ကြသဖြင့် အလုပ်သမား၊ အလုပ်ရှင်နှစ်ဖက်စလုံးတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေသော အကျိုးအမြတ်များရရှိစေနိုင်သည်၊ ရွှေ့ပြောင်းသွားလာလုပ်ကိုင်ခြင်းသည် ပွင့်လင်းမြင်သာရှိသည့်ခေတ်ကို အမီလိုက်လျက် တစ်ဟုန်ထိုးတိုးတက်နေသော အလုပ်သမားများ၏ စီးပွားရေးအရွေ့ပင်ဖြစ်သည်။ ကမ္ဘာကြီးသည် ခေတ်မီတိုးတက်ခြင်းဖြင့် စက်မှုနည်းပညာနယ်ပယ်အသီးသီးကို ကျော်လွှားရောက်ရှိသည့်တိုင် အသိဉာဏ်ရှိသော လူ့စွမ်းအားအရင်းအမြစ်များကို အသုံးပြုနေရဆဲဖြစ်သည်။ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာများ တိုးတက်လာခြင်းကြောင့် ကမ္ဘာကြီးသည် ရွာတစ်ရွာပမာ တည်ရှိလာခဲ့သည်။ နည်းပညာနယ်ပယ်အသီးသီးတွင်လည်း စက်ကိုထိန်းချုပ်နိုင်သည့် လူသားအကူအညီများ၊ ကျွမ်းကျင်အလုပ်သမားများ၏ စွမ်းပကားများမှာ လိုအပ်နေဆဲဖြစ်သည်။

သို့ဖြစ်ရာ ရွှေ့ပြောင်းအလုပ်သမားများ တရားဝင်လမ်းကြောင်းမှ သွားရောက်အလုပ်လုပ်ကိုင်ရေး သတင်းအချက်အလက်၊ အသိပညာများ ကျယ်ပြန့်စွာသိရှိနားလည်ရန်လိုအပ်လှသည်။ အလုပ်သမားများသည် မသိနားမလည်ဖြင့် တရားမဝင်အလုပ်သမားစေလွှတ်ရေးအေဂျင်စီများနှင့် အလုပ်ပွဲစားများကို ဆက်သွယ်ကြလေ့ရှိသဖြင့် အလိမ်ခံရနိုင်ဖွယ်ရှိကြောင်း သတိပြုကြရမည်။ အလုပ်သမားစေလွှတ်ရေးအေဂျင်စီများမှလည်း လူစုဆောင်းမှုအစီအစဉ်တွင် ပွင့်လင်းမြင်သာမှုရှိရမည်။ သို့မှသာ ရွှေ့ပြောင်းအလုပ်သမားများအတွက် ခေါင်းပုံဖြတ်မှုကင်းဝေးခြင်း၊ ကုန်ကျစရိတ်အနည်းဆုံးဖြစ်ခြင်းအစရှိသော တရားမျှတမှုများရရှိစေမည်ဖြစ်သည်။ ရွှေ့ပြောင်းအလုပ်သမားများအတွက် ရွှေ့ပြောင်းသွားလာမှုလုံခြုံရေး၊ အလုပ်သမားဥပဒေပါအတိုင်း ခံစားခွင့်များရရှိရေးမှာ လွန်စွာအရေးကြီးလှသည်။

မြန်မာနိုင်ငံအနေဖြင့် အဆိုပါလိုအပ်ချက်များကို ဖြည့်ဆည်းကူညီပေးလျက်ရှိပြီး ထိုင်း၊ မလေးရှား၊ ကိုရီးယားကဲ့သို့နိုင်ငံကြီးများတွင် အလုပ်သမားအရေးဖြေရှင်းပေးနိုင်မည့် အလုပ်သမားသံတမန်အရာရှိများ စေလွှတ်ထားရှိပေးခြင်း၊ နိုင်ငံတကာအလုပ်သမားရေးရာစံသတ်မှတ်ချက်များကို အလေးထားရှိခြင်း၊ သက်ဆိုင်ရာနိုင်ငံများ၏ အလုပ်သမားဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ အလုပ်သမားများအရေး ကူညီဖြေရှင်းပေးခြင်း၊ ရွှေ့ပြောင်းအလုပ်သမားများ၏ ဘာသာစကားအခက်အခဲ၊ လုပ်ငန်းခွင်အခက်အခဲများ ကူညီဖြေရှင်းပေးနိုင်ရန် စကားပြန်များထားရှိပေးခြင်းနှင့် သက်ဆိုင်ရာသံရုံးနှင့် ပူးပေါင်းဆောင်ရွက်ပေးခြင်းများ ကူညီဆောင်ရွက်ပေးလျက်ရှိသည်ကို ဝမ်းမြောက်ဖွယ်လေ့လာသိရှိရသည်။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးသည် မိမိတို့နိုင်ငံသားများ သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်တိုးမြှင့်ရေး အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိကြသည်၊ အမှန်တကယ်အလုပ်လိုအပ်နေသူများကို အလုပ်ခန့်ထားပေးနိုင်မှုသည် ပြည်သူအများစု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး၊ ဆင်းရဲမှုတိုက်ဖျက်ရေးကို အလေးထားခြင်းဖြစ်သည်၊ အလားတူ ကုန်ထုတ်လုပ်မှုအခန်းကဏ္ဍတွင် အဓိကမောင်းနှင်အားဖြစ်သည့် အလုပ်သမားများ၏ လုပ်ငန်းကျွမ်းကျင်မှုများသည် လွန်စွာအရေးပါသကဲ့သို့ နိုင်ငံတော်အနေဖြင့်လည်း နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်း၊ နည်းပညာ၊ အရင်းအနှီးများ ပိုမိုရရှိစေရေး အထူးစီးပွားရေးဇုန်များ၊ စက်မှုဇုန်များ၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံလိုသူများစွာကို ဖိတ်ခေါ်လျက် ကုန်ထုတ်လုပ်မှုကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး အလေးထားဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်မှ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များကို စနစ်တကျအသုံးချလျက်ရှိရာ အဓိကအင်အားတစ်ရပ်ဖြစ်သည့် အလုပ်သမားများ၏အခွင့်အရေး အပြည့်အဝရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပေါ်ပေါက်ရေး၊ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းများပေးရေး၊ တတ်မြောက်ထားသည့် အတတ်ပညာ၊ အတွေ့အကြုံများကို ပြည်တွင်းပြည်ပလုပ်ငန်းခွင်များတွင်အသုံးချနိုင်ရေး၊ သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ အလုပ်သမားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းခွင်အတွင်း ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ပေးရေး၊ လူမှုဖူလုံရေးစနစ် အပြည့်အဝရရှိရေးစသော ကောင်းမြတ်သော ဦးတည်ချက်များဖော်ဆောင်ပေးခြင်းဖြင့် အလုပ်ရှင်၊ အလုပ်သမား လုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်ခြင်းဖြင့် စံချိန်မီထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်မည့်အပြင် နှစ်ဦးနှစ်ဖက် အကျိုးတူပူးပေါင်းလျက် ဂုဏ်သိက္ခာရှိသော၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသောလုပ်ငန်းခွင်အဖြစ် ရေရှည်တည်တံ့နိုင်မည်ဖြစ်ကြောင်း ယုံကြည်လျက် မေလ ၁ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

**ထက်ဝေအောင်**
**(စစ်ကိုင်း)**

# ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ရှိ ရှေးဟောင်းအဆောက်အအုံများကို ကွင်းဆင်းစစ်ဆေး






နေပြည်တော် မေ ၁

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့်အတူ သီတဂူဆရာတော်ကြီး၏ စံကျောင်းတော်သို့ရောက်ရှိပြီး ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်ကိုင်းဗုဒ္ဓပြတိုက်နှင့် ယဉ်ကျေးမှုပြတိုက်သို့သွားရောက်၍ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သော ပြတိုက်အဆောက်အအုံများနှင့် ပြတိုက်ပစ္စည်းသိုလှောင်ခန်းကို ကြည့်ရှုစစ်ဆေးပြီး ပျောက်ဆုံးမှု၊ ပျက်စီးမှုစာရင်း ပြုစုထားရန် မှာကြားသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်ကိုင်းမြို့ ကျိုက်လတ်ချောင်ရှိ ဂူဘုရား၊ ဥမင်သုံးဆယ်စေတီ၊ ရှင်ပင်နံကိုင်းစေတီ၊ လေးကျွန်းမာန်အောင်ဘုရားကြီးနှင့် ဆွမ်းဦးပုညရှင်စေတီတော်၏ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကိုကြည့်ရှုစစ်ဆေးပြီး ဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် မရှိခဏစေတီ (ခေါ်) မဟိယင်္ဂဏစေတီ၊ စေတီလုဘုရား၊ ရာဇမဏိစူဠာစေတီတော်မြတ်ကြီး၊ ဆင်များရှင်စေတီ၊ ထူပါရုံစေတီနှင့် မဟာစေတီတို့သို့သွားရောက်၍ ငလျင်ကြောင့်ထိခိုက်ပျက်စီးမှုနှင့် အပျက်အစီးများရှင်းလင်းနေမှုကိုကြည့်ရှုပြီး ဂေါပကအဖွဲ့များထံ အလှူငွေများပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။

မြဝတီ

# အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အခမ်းအနားကျင်းပ




ရန်ကုန် မေ ၁

၂၀၂၅ ခုနှစ် မေလ ၁ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်ခန်းမ၌ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့သို့ပေးပို့သည့် ဂုဏ်ပြုသဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက ဖတ်ကြားပြီး အလုပ်သမားကိုယ်စားလှယ်တစ်ဦးနှင့် အလုပ်ရှင်ကိုယ်စားလှယ်တစ်ဦးတို့က အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့နှင့်စပ်လျဉ်း၍ ဂုဏ်ပြုဆွေးနွေး ပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ကို ဂုဏ်ပြုကျင်းပသည့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ (Job Fair) အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အလုပ်သမားမှတ်ပုံတင်ကတ်ပြား (Labour Card)ပြုလုပ်ပေးနေသော အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှဝန်ထမ်းများ၊ အလုပ်လာရောက်လျှောက်ထားသူများ၊ ပြပွဲတွင်ပါဝင်ပြသသော စက်ရုံ၊ အလုပ်ရုံနှင့်ကုမ္ပဏီများကို လှည့်လည်ကြည့်ရှုအားပေးသည်။

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်း၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အလုပ်သမားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ချုပ်(CTUM)မှ အလုပ်သမားကိုယ်စားလှယ်များ၊ စက်ရုံ၊ အလုပ်ရုံများမှ အလုပ်ရှင်၊ အလုပ်သမားများတက်ရောက်ကြသည်။

အလုပ်သမားဝန်ကြီးဌာနသည် အလုပ်ရှာဖွေသူများနှင့် အလုပ်ရှင်များကို တစ်နေရာတည်း၌တွေ့ဆုံ၍ အချိန်ကုန်၊ ငွေကုန်သက်သာစွာနှင့် One Stop Service ဖြင့် အလုပ်အကိုင်များရရှိရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းပြပွဲများကိုကျင်းပလျက်ရှိရာ ယနေ့ကျင်းပသည့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲတွင် စက်ရုံ၊ အလုပ်ရုံနှင့်ကုမ္ပဏီများ၊ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး အကျိုးဆောင်လိုင်စင်ရအေဂျင်စီ စုစုပေါင်း ၅၂ ခုတို့မှ အလုပ်အကိုင်ရရှိရေးပြခန်းများ ပါဝင်ပြသခဲ့သည်။

အလုပ်သမားဝန်ကြီးဌာနသည် အရည်အချင်းပြည့်ဝသော လုပ်သားအင်အားထုဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရေးတို့အတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင်ဆက်ဆံရေးကောင်းမွန်ခြင်းဖြင့် တည်ငြိမ်အေးချမ်းသည့် လုပ်ငန်းခွင်များဖြစ်ပေါ်စေရေး၊ အလုပ်သမားဥပဒေပါ အကျိုးခံစားခွင့်များရရှိစေရန် စည်းကြပ်ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင် မတော်တဆထိခိုက်မှုနှင့် လုပ်ငန်းခွင်ရောဂါရရှိခံစားမှု လျော့နည်းကျဆင်းရေး၊ ပြည်တွင်း၊ ပြည်ပတို့၌ သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ရရှိစေရေးနှင့် ဘေးကင်းသည့် ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်စေရေး၊ လုပ်သားထု၏ ယှဉ်ပြိုင်နိုင်စွမ်းကိုမြှင့်တင်ပေးရန် လုပ်ငန်းခွင်ကျွမ်းကျင်မှုလေ့ကျင့်သင်ကြားပေးရေး၊ လူမှုဖူလုံရေးအာမခံအလုပ်သမားများအတွက် လူမှုအကာအကွယ်နှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အလုပ်သမားရေးရာအငြင်းပွားမှုများကို သက်ဆိုင်ရာဥပဒေနှင့်အညီ ညှိနှိုင်းဖျန်ဖြေဆောင်ရွက်ပေးရေး၊ အလုပ်သမားရေးရာ သုတေသနလုပ်ငန်းများဆောင်ရွက်ရေးနှင့် အလုပ်သမားဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းပြုစုရေး၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအလုပ်သမားရေးရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် အလုပ်လုပ်နိုင်သော အသက်အရွယ်အပိုင်းအခြားအတွင်းရှိသူများကို ၎င်းတို့၏အရည်အချင်း၊ ကျွမ်းကျင်မှုတို့နှင့်အညီ အလုပ်ရှင်၏လိုအပ်ချက်နှင့် သင့်လျော်သည့်အလုပ်အကိုင်များရရှိစေရေးအတွက်အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်ရှိ အမျိုးသားလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးသင်တန်းကျောင်း၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဦးစီးဌာန၊ အဖွဲ့ရုံးများမှ တာဝန်ခံအရာရှိများနှင့်တွေ့ဆုံ၍ လူမှုဖူလုံရေးအာမခံအလုပ်သမားများ၏ အချိန်ပြည့်ပညာသင်ကြားနေသော သားသမီးများအတွက် ပညာသင်စရိတ်နှင့် ငလျင်ဘေးဒဏ်သင့်အာမခံအလုပ်သမားများအား သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်(၄၀ ရာခိုင်နှုန်း)ကို ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နည်းစနစ်မှန်ကန်စွာပေးအပ်နိုင်ရေးအတွက် ဦးစီးဌာန၊ အဖွဲ့ရုံးများမှ ပူးပေါင်းဆောင်ရွက်ကြရန်မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ယာယီဝန်ထမ်းအိမ်ရာများတွင် ရေ၊ မီး၊ သန့်စင်ခန်းများ ကောင်း၊ မကောင်း ကြည့်ရှုစစ်ဆေး၊ မိုးတွင်းရေမဝပ်စေရေး ဆောင်ရွက်ရန်မှာကြား

နေပြည်တော် မေ ၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းတွင်နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်၌ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများအတွက် ယာယီဆောက်လုပ်နေရာချထားပေးခဲ့သော အမှုထမ်းနှင့်အရာထမ်းအိမ်ရာများသို့သွားရောက်၍ ရေ၊ မီး အဆင်ပြေမှု ရှိ၊ မရှိ၊ သန့်စင်ခန်းများ ကောင်း၊ မကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး မိုးတွင်းရေမဝပ်စေရေးအတွက်ကြိုတင်စီမံဆောင်ရွက်ထားရန် မှာကြားသည်။

ထို့နောက် သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများ ယာယီနေထိုင်လျက်ရှိသော လယ်ဝေးမြို့ မဟာစည်သာသနာ့ရိပ်သာသို့သွားရောက်၍ ဝန်ထမ်းများနှင့်တွေ့ဆုံအားပေးစကားပြောကြားကာ မိုးတွင်းကာလ ရုံးဖယ်ရီကားများ မိုးလုံလေလုံဖြစ်စေရေး၊ ဝမ်းပျက်ဝမ်းလျှောရောဂါများ မဖြစ်အောင်ဂရုပြုရေး မှာကြားသည်။

ယင်းနောက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လယ်ဝေးမြို့နယ်ရုံးမြေနေရာတွင် အရာထမ်းနှစ်ခန်းတွဲအိမ်ရာ ၁၀ လုံး ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ရက်အတွင်းပြီးစီးရေး၊ အခန်းအလိုက်ထားရှိပေးမည့်ခုတင်များ ပြီးစီးအောင်ဆောင်ရွက်ပေးရေး မှာကြားကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ပျဉ်းမနားမြို့ မြောက်လွတ်ကုန်းသင်တန်းကျောင်းသို့သွားရောက်၍ အရာထမ်းနှစ်ခန်းတွဲအိမ်ရာ ခုနစ်လုံးဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ပျဉ်းမနားရိပ်သာသို့သွားရောက်ပြီး ဝန်ထမ်းများနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများပေးအပ်သည်။

ယင်းနောက် သက်ဆိုင်ရာက အပြာရောင်အဆင့်သတ်မှတ်ချက်ဖြင့် ပြန်လည်နေရာချထားပေးပြီးဖြစ်သည့် သဇင် (၁)၊ သဇင် (၄)၊ သဇင် (၆) ဝန်ထမ်းအပျိုဆောင်များသို့သွားရောက်၍ တွေ့ဆုံအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

# မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်းပေါင်းစုံ ငြိမ်းချမ်းရေးအထောက်အကူပြုဗဟိုကော်မတီက ကြီးမှူး၍ ငလျင်ဒဏ်နှင့် သဘာဝဘေးအန္တရာယ်သင့်ပြည်သူများနှင့် ငြိမ်းချမ်းရေးအတွက် ဆုတောင်းမေတ္တာပို့သ



**ရန်ကုန် မေ ၁**

မြန်မာနိုင်ငံ ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ငြိမ်းချမ်းရေးအထောက်အကူပြုဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ငလျင်ဒဏ်နှင့်သဘာဝဘေးအန္တရာယ်သင့်ပြည်သူများနှင့် ငြိမ်းချမ်းရေးအတွက် ဆုတောင်းခြင်းအစီအစဉ်ကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ မက်သဒစ်အင်္ဂလိပ်အသင်းတော်ဘုရားရှိခိုးကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင်ဦးစောထွန်းအောင်မြင့်က အမှာစကားပြောကြားပြီး အခမ်းအနားအစီအစဉ်အတိုင်း သမ္မာကျမ်းစာဖတ်ကြားခြင်း၊ ဓမ္မဒေသနာရွတ်ဖတ်ခြင်း၊ ဂုဏ်တော်ချီးမွမ်းခြင်းတို့ဆောင်ရွက်ပြီး ငြိမ်းချမ်းရေးစကားများ ပြောကြားကြသည်။

ယင်းနောက် မန္တလေးငလျင်ကြောင့် ငလျင်ဘေးသင့်ပြည်သူများအပါအဝင် ပြည်တွင်းပြည်ပကူညီကယ်ဆယ်ရေးအဖွဲ့များ၊ စေတနာရှင်အလှူရှင်များ၊ အသင်းတော်အဖွဲ့အစည်းအသီးသီးတွင် ကူညီဆောင်ရွက်ပေးကြသူများ၊ ဆေးအဖွဲ့များ၊ ပြန်လည်ထူထောင်ရေးအတွက် ပါဝင်ကူညီပံ့ပိုးပေးကြသူများ၊ သဘာဝဘေးအခက်အခဲကြုံတွေ့တိုင်း ပေးလှူကူညီခဲ့ကြသည့် အလှူရှင်များ၊ အမိမြန်မာပြည်နှင့် ကမ္ဘာကြီးငြိမ်းချမ်းရေးအတွက် ဆုတောင်းမေတ္တာများပို့သကြသည်။

ဆုတောင်းခြင်းအစီအစဉ်သို့ မြန်မာနိုင်ငံ ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ငြိမ်းချမ်းရေးအထောက်အကူပြုဗဟိုကော်မတီအဖွဲ့ခေါင်းဆောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဗဟိုအကြံပေးအဖွဲ့ ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်နှင့် အဖွဲ့ဝင် ဒေါက်တာမောင်မောင်နိုင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်းပေါင်းစုံမှ ခေါင်းဆောင်များ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်းသိရသည်။ **မြဝတီ**

# တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများကို တက္ကသိုလ်ပါမောက္ခများနှင့် ဆရာ၊ ဆရာမများက အနီးကပ်သင်ကြားပို့ချပေးလျက်ရှိ

**မန္တလေး မေ ၁**

**မန္တလေးငလျင်ကြီးကြောင့် အဖြေလွှာများပျက်စီးသွားခဲ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဇွန်လ ၁၆ ရက်တွင် ပြန်လည်ဖြေဆိုကြရမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရေးအတွက် သတ်မှတ်ထားသည့်ကျောင်းများ၌ လေ့ကျင့်သင်ကြားရေးစခန်းများဖွင့်လှစ်၍ တက္ကသိုလ်များမှပါမောက္ခများနှင့် အခြေခံပညာဆရာ၊ ဆရာမများက သင်ခန်းစာများကို အနီးကပ်သင်ကြားပို့ချပေးလျက်ရှိသည်။**







အလားတူ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက်လည်း ဧပြီလ ၂၈ ရက်မှစတင်၍ သတ်မှတ်ထားသည့် ကျောင်းများ၌ လေ့ကျင့်သင်ကြားရေးစခန်း(Camp)များ ဖွင့်လှစ်ထားရှိပြီး တက္ကသိုလ်များမှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများနှင့် ဆရာ၊ ဆရာမများက ဘာသာရပ်များအလိုက် စနစ်တကျပြန်လည်သင်ကြားပို့ချပေးလျက်ရှိသည့်အပြင် နိုင်ငံ၏အနာဂတ်ဖြစ်သည့် ကျောင်းသား၊ ကျောင်းသူများ၏ စိတ်ဓာတ်ခွန်အားပြန်လည်မြှင့်တင်နိုင်ရန်အတွက်လည်း ဆောင်ရွက်ပေးလျက်ရှိသည်။



၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရန် လေ့ကျင့်သင်ကြားရေးစခန်း၌ သင်ခန်းစာများပြန်လည်သင်ကြားနေသည့် ကျောင်းသူ မနီနီမြတ်မှူးက "စာမေးပွဲ ပြန်လည်ဖြေဆိုရမယ်ကြားတော့ ကျွန်မအနေနဲ့ဝမ်းသာမိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပထမဖြေဆိုခဲ့တဲ့ စာမေးပွဲမှာ အားနည်းခဲ့တဲ့ဘာသာရပ်တွေ ရှိခဲ့တယ်။ အခုပြန်လည်ဖြေဆိုရမယ့် စာမေးပွဲမှာ အစွမ်းကုန်ကြိုးစားနိုင်မယ့် အခွင့်အရေးရတယ်လို့ မြင်မိပါတယ်။ ငလျင်ကြောင့် အဖြေလွှာတွေပျက်စီးသွားတဲ့အတွက် နှမြောမိပေမယ့် သဘာဝဘေးအန္တရာယ်ဆိုတာ ကြိုမသိနိုင်တဲ့အတွက် အခုလိုစာမေးပွဲပြန်လည်ဖြေဆိုပေးရမယ့်အပေါ်မှာ လက်ခံပေးရမှာဖြစ်ပါတယ်။ Camp မှာတော့ ဘာသာရပ်အလိုက် တစ်ဘာသာကို တစ်နာရီနှုန်းနဲ့ သင်ကြားပို့ချပေးနေပါတယ်။ ဒီမှာနေရတာ နေထိုင်စားသောက်ရေး အားလုံးအဆင်ပြေပါတယ်။ ဆရာမတွေကလည်း ဂရုတစိုက်နဲ့ဆောင်ရွက်ပေးပါတယ်။ သူငယ်ချင်းတွေအားလုံးလည်း အခွင့်အရေးရှိတုန်း စာမေးပွဲပြန်လည်ဖြေဆိုပြီး အကောင်းဆုံးကြိုးစားကြစေလိုပါတယ်"ဟု ပြောသည်။

ယင်းသို့ သင်ကြားပို့ချပေးလျက်ရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ အမှတ်(၂၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ချောစုအောင်က "ကျွန်မတို့ကျောင်းမှာတော့ စာမေးပွဲပြန်လည်ဖြေဆိုကြမယ့် ကျောင်းသား၊ ကျောင်းသူတွေအတွက် Camp ဖွင့်လှစ်ပြီး သင်ကြားပေးလျက်ရှိပါတယ်။ ကလေးတွေ စားသောက်ရေး အဆင်ပြေစေဖို့အတွက် မနက်စာ၊ နေ့လယ်စာနဲ့ညစာတွေစီစဉ်ပေးထားပါတယ်။ နေထိုင်ရေးအတွက်လည်း အိပ်ရာခင်း၊ ဖျာ၊ ခေါင်းအုံး၊ စောင်၊ သွားတိုက်ဆေး၊ သွားပွတ်တံ၊ ဆပ်ပြာခဲနဲ့ဆေးဝါး အပါအဝင် အသေးစိတ်စီစဉ်ပေးထားပါတယ်။ Camp ကို ဧပြီလ ၂၈ ရက်က စတင်ဖွင့်လှစ်ပြီး ကလေးတွေစာမေးပွဲဖြေဆိုပြီးတဲ့အထိ ဆက်လက်ဖွင့်လှစ်သင်ကြားပေးသွားမှာဖြစ်ပါတယ်။ စာသင်ချိန်အနေနဲ့ ဘာသာရပ်အလိုက် မနက် ၈ နာရီကစပြီး သင်ကြားပေးပါတယ်။ ညဘက်မှာလည်း သင်ခန်းစာတွေကို Revision သဘောမျိုး ပြန်လည်ဆောင်ရွက်ပေးပါတယ်။ ကျွန်မတို့ကျောင်းမှာတော့ ကျောင်းသား၊ ကျောင်းသူ ၅၁ ဦးရှိပါတယ်။ နောက်ထပ်ကလေးတွေ ထပ်ရောက်ဖို့လည်းရှိပါတယ်။ အခုလို နိုင်ငံတော်ရဲ့စီစဉ်ဆောင်ရွက်ပေးမှုအပေါ် ကလေးတွေကလည်း အားတက်သရောရှိကြပါတယ်။ ပျော်ပျော်ရွှင်ရွှင်နဲ့ စာတွေပြန်လုပ်ကြတဲ့အတွက် ကျွန်မအနေနဲ့လည်း ဝမ်းသာမိပါတယ်။ စာမေးပွဲကိုလည်း အောင်မြင်စွာ ဖြေဆိုနိုင်ကြပါစေလို့ ဆုတောင်းပေးပါတယ်"ဟု ပြောသည်။

ထို့ပြင် ပညာရေးဝန်ကြီးဌာနအနေဖြင့် စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် Text Book၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်၊ ပေတံနှင့် သင်ကြားမှုအထောက်အကူပြုပစ္စည်းများကိုထောက်ပံ့ပေးသည့်အပြင် သင်ခန်းစာနှင့်သက်ဆိုင်သည့် အထောက်အကူပြုသင်ခန်းစာစာရွက်စာတမ်းများကိုလည်း ဖြန့်ဝေပေးလျက်ရှိသည်။

ကျောင်းသားမိဘတစ်ဦးကလည်း "ကျွန်မသားလေးကို တက္ကသိုလ်ဝင်စာမေးပွဲကြီးမှာ အမှတ်ကောင်းကောင်းနဲ့ အောင်မြင်စေဖို့ Camp ကို လာပို့ခြင်းဖြစ်ပါတယ်။ ဒီလိုမျိုး ကျောင်းသား၊ ကျောင်းသူတွေအတွက် စာမေးပွဲပြန်လည်ဖြေဖို့စီစဉ်ပေးတဲ့အပြင် ဆရာ၊ ဆရာမတွေနဲ့အနီးကပ်သင်ကြားပေးဖို့ စီစဉ်ဆောင်ရွက်ပေးတဲ့ တာဝန်ရှိသူတွေအားလုံးကိုလည်း ကျေးဇူးတင်ရှိပါတယ်။ ကျွန်မသားလေး ပထမအကြိမ်ဖြေခဲ့တုန်းကလည်း အားရကျေနပ်မှုရှိခဲ့သလို အခုပြန်လည်ဖြေဆိုရမယ့် စာမေးပွဲမှာလည်း အရင်ထက်ပိုမိုကြိုးစားဖို့ မှာထားပါတယ်။ Camp မှာလည်း ဆရာ၊ ဆရာမတွေက အားလုံးဂရုတစိုက်ဆောင်ရွက်ပေးတဲ့အတွက် ကလေးတွေလည်း လုံခြုံစွာနဲ့ သင်ခန်းစာတွေလေ့လာနေကြပါပြီ။ နေထိုင်စားသောက်ရေးကိုလည်း အပြည့်အဝ ဆောင်ရွက်ပေးတဲ့အတွက်လည်းဝမ်းသာမိပါတယ်။ စာမေးပွဲပြန်လည်ဖြေဆိုကြမယ့် ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့လည်း စိတ်ဓာတ်မကျဘဲ အခွင့်အရေးရတယ်လို့မှတ်ယူပြီး ကြိုးစားကြပါ။ အောင်မြင်မှုက နောက်ကလိုက်လာပါလိမ့်မယ်"ဟုပြောသည်။

ထိုသို့ တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုကြရမည့် ကျောင်းသား၊ ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနက လေ့ကျင့်သင်ကြားရေးစခန်းများဖွင့်လှစ်၍ Revision Class ပုံစံဖြင့် အနီးကပ်သင်ကြားပေးလျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် လာရောက်မသင်ကြားနိုင်သည့် ကျောင်းသား၊ ကျောင်းသူများအတွက်လည်း Online မှသင်ခန်းစာများကိုလေ့လာနိုင်ရန်စီစဉ်ထားကြောင်း၊ ထို့ပြင် Education Channel များ၊ ပုဂ္ဂလိကကျောင်းများ၏ Youtube Channel၊ Telegram များတွင် ဖြန့်ဝေထားသည့် ပညာဒါနအတန်းများတွင်လည်း လေ့လာသင်ကြားနိုင်ကြောင်း သိရသည်။ **မောင်အေးချမ်း**

## ၂၀၂၅ ခုနှစ် မေလ(ပထမ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**နေပြည်တော် မေ ၁**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှတိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့်ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၈ ဒီဂရီဖာရင်ဟိုက်မှ ၈၇ ဒီဂရီဖာရင်ဟိုက်အတွင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် မြောက်ပိုင်း)တို့တွင် ၈၈ ဒီဂရီဖာရင်ဟိုက်မှ ၉၇ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့်နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် ၉၈ ဒီဂရီဖာရင်ဟိုက်မှ ၁၀၈ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၄၅ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၆၂ ဒီဂရီဖာရင်ဟိုက်မှ ၇၃ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၄ ဒီဂရီဖာရင်ဟိုက်မှ ၈၅ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့်မကွေးတိုင်းဒေသကြီးတို့တွင် ၅၂ ရာခိုင်နှုန်းမှ ၆၁ ရာခိုင်နှုန်းအတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၆၂ ရာခိုင်နှုန်းမှ ၇၁ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၇၂ ရာခိုင်နှုန်းမှ ၈၁ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၄၀ မီလီမီတာမှ ၅၁ မီလီမီတာအတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၅၂ မီလီမီတာမှ ၆၃ မီလီမီတာအတွင်းနှင့် မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် ၆၄ မီလီမီတာမှ ၇၄ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

ရန်ကုန်တိုင်းဒေသကြီးတွင် (စိုစွတ်)အခြေအနေနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်သည်။

**(မိုး/ဇလ)**

## ဂျိုးဖြူရေပို့ပိုက်လိုင်းဘေး မြေထိန်းနံရံတည်ဆောက်နေမှု ကွင်းဆင်းစစ်ဆေး

**ရန်ကုန် မေ ၁**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄)ရပ်ကွက် ဦးဝိစာရလမ်းနှင့်ပြည်လုံးမွှေးလမ်းထောင့် ပြည်လုံးမွှေးလမ်းတစ်လျှောက် ရေထိန်းတံခါးအထိ ရေစီးရေလာကောင်းမွန်စေရန်ဆောင်ရွက်ထားရှိမှုနှင့် Pump House Station တည်ဆောက်ပြီးစီးမှုတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ(ဒုတိယမြို့တော်ဝန်) ဦးညီညီနှင့်တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။ အဆိုပါပြည်လုံးမွှေးရေနုတ်မြောင်းသည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် ၃၄၊ ၃၅၊ ၃၆၊ ၃၇၊ ၃၈၊ ၃၉၊ ၄၀၊ ၄၁ ရပ်ကွက်တို့အတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ငမိုးရိပ်ချောင်းသို့စီးဝင်သော အဓိကရေနုတ်မြောင်းဖြစ်သည်။

ထို့နောက် ဒုတိယမြို့တော်ဝန်နှင့်အဖွဲ့သည် (၄၂)တိုးချဲ့ရပ်ကွက်တို့ အမှတ်(၄)ရေတံခါးနှင့်(၄၈)ရပ်ကွက် ဗိုလ်မင်းရောင်လမ်းရှိ အမှတ်(၂)ရေတံခါးတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၅၂)ရပ်ကွက်ဘူတာလမ်းရှိ ဒဂုံတက္ကသိုလ်ရေနုတ်မြောင်းရေစီးရေလာကောင်းမွန်စေရန် Excavator ယန္တရားများဖြင့် ဗေဒါနှင့်နုန်းများဆယ်ယူရှင်းလင်းနေမှုနှင့် (၁၃၇) ရပ်ကွက် အလံအုတ်ရိုးရေတံခါးကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယမြို့တော်ဝန်နှင့်အဖွဲ့သည် ရန်ကင်းမြို့နယ် အမှတ် (၂) ရပ်ကွက်အတွင်း အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)မှ ၅၆ လက်မ ဂျိုးဖြူရေပို့ပိုက်လိုင်းဘေး မြေထိန်းနံရံတည်ဆောက်ရန် ကွန်ကရစ်ပိုင်ရိုက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ မြက်ပင်ချုံနွယ်များရှင်းလင်း၍ သန့်ရှင်းသပ်ရပ်ရေးဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**လင်းခန့်**



# နေပြည်တော်၊ စစ်ကိုင်းနှင့်မန္တလေးမြို့တို့ရှိ ဝန်ထမ်းအိမ်ရာများသို့ ကုန်မျိုးစုံနှင့် ဟင်းသီးဟင်းရွက်များအား သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိ

**နေပြည်တော် မေ ၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့တို့အတွင်း ငလျင်ဒဏ်သင့်ဝန်ထမ်းအိမ်ရာများသို့ ယနေ့တွင် ၃၂ ရက်မြောက်အဖြစ် ဈေးကားရှစ်စီးဖြင့် ကုန်မျိုးစုံနှင့်ဟင်းသီးဟင်းရွက်များကို လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။



၂၀၂၅ ခုနှစ် မတ်လ ၃၀ ရက်မှ မေလ ၁ ရက်အထိ စစ်ကိုင်းမြို့တွင် ဈေးကားလေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း) ၃၀၈ အိတ်၊ စားအုန်းဆီ ၄၈၇၃ ပိဿာ၊ ဆား ၆၉ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါ ၃၅၄ ဘူး၊ ငါးပိ ၂၂ ပိဿာ၊ ကြက်သွန်နီ ၅၆၈ ပိဿာ၊ အသားတုံ ၂၆ ပိဿာ၊ ကြက်ဥ၊ ဘဲဥများ၊ ငါးနီတူခြောက်များ၊ ပုစွန်ခြောက်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး မန္တလေး မြို့တွင်ဈေးကားလေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (မနောသုခ) ၅၉၆ အိတ်၊ စားအုန်းဆီ ၅၇၂၀၀ ပိဿာ၊ ဆား ၁၀၆ ပိဿာ၊ ကုလားပဲ ၂၅ ကျပ်သားပါ ၈၈ ထုပ်၊ ငါးပိ ၂၁ ပိဿာ၊ ငါးနီတူခြောက်၊ အာပွဲခြောက်၊ ကြက်ဥ၊ ဘဲဥများ၊ ခေါက်ဆွဲခြောက်ထုပ်များကို ရောင်းချပေးခဲ့သည်။

အလားတူ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၊ နေပြည်တော်ဘူတာကြီး၊ စက်ခေါင်းအလုပ်ရုံဌာနဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိဆေးရုံ ဝန်ထမ်းအိမ်ရာများ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ဓနသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဉာဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ ပညာရေးတိုက်တန်း၊ တပ်ကုန်းခုတင်-၁၀၀ ဆေးရုံ၊ MICC-2 ၊ မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ ပိတောက်မြေအသံလွှင့်ဌာန၊ အပျိုဆောင်၊ လူပျိုဆောင်များ၊ စည်ပင်ဘဲ့ရိပ်သာ (၁)(၂)၊ Gold Camp နှင့် အ.ထ.က(၁၁)တို့ရှိ ဝန်ထမ်းများနှင့် ပြည်သူများအား ဆန်ခြောက်ပြည်ပါ (မနောသုခ– Export Quality) ၁၀၀၆၁ အိတ်၊ ဆန်ငါးပြည်ပါ (ဖျာပုံပေါ်ဆန်း) ၂၃၃၃ အိတ်၊ ဆီပိဿာ ၃၁၃၇၀၊ ဆား ၁၅၀၉ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါ အိတ် ၅၄၂၉ ထုပ်၊ ငါးပိ ၂၉၂ ပိဿာ၊ ကြက်သား ၂၅၀ ကောင်၊ ဝက်သား ၂၀ ပိဿာ၊ အမဲသား ၂၅ ပိဿာ၊ ကြက်ဥ ၁၄၆၂၀ လုံး၊ ဘဲဥ ၆၄၈၀ လုံး၊ ငုံးဥအလုံး ၂၀၀၀၊ ငါးတံခွန်ခြောက်များ၊ ငါးပုတ်သင်ခြောက်များ၊ ငါးနီတူခြောက်များ၊ အာပွဲခြောက်များ၊ ငါးကြင်း ၄၅ ပိဿာ၊ ငါးတန်ပိဿာ ၄၀၊ ငါးမုတ်ပိဿာ ၃၀၊ ခေါက်ဆွဲခြောက်ထုပ်များနှင့် ခရမ်းချဉ်သီး၊ အာလူး၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ ချင်း၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ရွှေဖရုံသီး၊ ကျောက်ဖရုံသီး၊ ခရမ်းသီးနှင့် မုန်ညင်းဖြူ စသည့် ဟင်းသီးဟင်းရွက်များကိုလည်း ရောင်းချပေးခဲ့ကြောင်းနှင့်နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိ၊ အမဲသား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥ စသည့်ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**မြဝတီ**

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

## (၇၄)ကြိမ်မြောက် ကျပ်(၁၀၀၀) တန် အောင်ဘာလေသိန်းဆုထီပေါက်စဉ် ၂၀၂၅ ခုနှစ် မေလ (၁) ရက်နေ့

| အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု | အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆု | အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆု |
|---|---|---|
| င - ၇၄၀၁၆၃ | ဂ - ၄၉၇၅၈၆ | စ - ၅၁၇၆၂၄ |

### ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀) ဆုများ

ဂ - ၁၁၅၀၃၆　ဆ - ၂၆၆၁၃၆
ဆ - ၂၂၄၈၉၃　င - ၃၃၆၇၇၂

### ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀) ဆုများ

ဃ - ၁၁၉၈၂၂　ဃ - ၅၉၅၅၅၈
ဃ - ၄၁၉၂၄၈　ဂ - ၆၃၄၈၉၅
ဆ - ၅၁၂၈၅၇

### ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀) ဆုများ

ခ - ၄၀၃၁၆၉　က - ၆၁၃၃၈၉　စ - ၈၅၁၂၆၉
င - ၄၃၀၅၈၀　ဂ - ၆၆၂၃၈၈　ခ - ၈၈၆၆၃၇
ဆ - ၄၇၈၈၅၄　စ - ၇၂၄၃၁၁
ဂ - ၅၄၆၁၀၃　ဇ - ၇၅၄၆၁၃

### ဆုတစ်ဆုချင်းကျပ်သိန်း(၅၀) ဆုများ

က - ၂၀၆၂၁၁　က - ၅၉၀၀၇၀
စ - ၃၇၄၅၃၄　င - ၅၉၀၆၉၀
ဇ - ၄၀၄၆၄၈　စ - ၆၀၂၅၃၉
စ - ၄၅၅၅၆၉　ခ - ၆၁၀၄၈၆
င - ၄၈၈၂၅၂　ဂ - ၈၀၇၆၅၃
စ - ၅၀၃၄၇၀　စ - ၉၃၄၆၇၈
ဃ - ၅၀၄၉၈၄

### ဆုတစ်ဆုချင်းကျပ်သိန်း(၂၀) ဆုများ

က - ၂၆၇၀၁၇　က - ၆၄၁၀၁၉　က - ၈၆၂၆၄၂
ဆ - ၄၉၁၄၇၇　ဂ - ၆၄၁၆၉၇　င - ၈၉၃၂၄၈
စ - ၅၆၆၆၄၅　စ - ၇၂၃၁၅၃　စ - ၉၁၅၆၈၄
ဇ - ၅၇၉၆၀၂　ဃ - ၈၁၁၆၁၂　ဇ - ၉၉၅၉၄၉
ဃ - ၆၀၅၆၅၈　ဆ - ၈၁၉၅၆၀
ဆ - ၆၂၃၂၅၈　င - ၈၃၈၂၁၄

### ဆုတစ်ဆုချင်းကျပ် (၁၀) သိန်းဆုများ

ဆ - ၁၁၆၄၅၂　ဇ - ၄၉၄၀၈၂　ခ - ၇၁၈၈၉၄
ခ - ၁၄၄၉၁၇　င - ၅၅၀၂၈၀　ဇ - ၇၆၂၇၄၀
ဇ - ၂၁၀၁၂၉　ဂ - ၅၇၂၈၄၇　ခ - ၇၆၅၉၀၃
ခ - ၂၇၂၆၀၈　ဆ - ၆၂၁၇၅၇　ဂ - ၈၆၀၁၁၈
ဂ - ၃၂၅၆၆၅　ခ - ၆၉၅၆၈၃　ခ - ၉၉၇၄၉၄
က - ၃၇၂၀၉၈

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ (၃) ယူနစ်

ဆ - ၂၃၁၈၁　င - ၅၀၀၈၂
ခ - ၂၆၅၁၇

အက္ခရာနှင့် ရှေ့ဂဏန်း (၅) လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ (၈) ယူနစ်

စ - ၁၀၉၂　ဂ - ၆၅၂၇
ဂ - ၂၁၆၅　ဆ - ၈၁၇၄
ခ - ၃၄၆၃　ခ - ၈၂၅၁
ဇ - ၅၆၁၇　င - ၉၈၀၃

အက္ခရာနှင့် ရှေ့ဂဏန်း (၄) လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ (၆) ယူနစ်

င - ၁၁၇　ဆ - ၅၅၁　င - ၈၇၈
စ - ၁၄၀　ဃ - ၈၁၉　င - ၉၂၁

အက္ခရာနှင့် ရှေ့ဂဏန်း (၃) လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ (၃) ယူနစ်

င - ၁၉　ဆ - ၈၆
က - ၇၁

အက္ခရာနှင့် ရှေ့ဂဏန်း (၂) လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆု (၁) ယူနစ်

စ - ၉

အက္ခရာနှင့် ရှေ့ဂဏန်း (၁) လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည်ချီးမြှင့်သောဆုမဲများ

### ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

ဆ - ၅၇၆၆၄၈　က - ၉၁၂၀၅၇
ဂ - ၈၀၇၇၁၁　င - ၉၇၆၄၉၆

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ (၂) ယူနစ်

ဇ - ၂၈၀၇၉　ဂ - ၉၅၂၈၃

အက္ခရာနှင့် ရှေ့ဂဏန်း (၅) လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ (၂) ယူနစ်

ခ - ၂၂၆၇
စ - ၆၄၁၈

အက္ခရာနှင့် ရှေ့ဂဏန်း (၄) လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ (၂) ယူနစ်

ဂ - ၄၀၉
စ - ၅၁၄

အက္ခရာနှင့် ရှေ့ဂဏန်း (၃) လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

၁။ ၂၀၂၅ ခုနှစ် မေလ (၁) ရက်နေ့တွင်ကျင်းပသည့် (၇၄) ကြိမ်မြောက် ကျပ် (၁၀၀၀) တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ (၁၃၉၁၂၁) ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်းကံထူးရှင် (၁၃၉၁၂၁) ဦးဖြစ်ပါသည်။

၂။ ၂၀၂၅ ခုနှစ် ဇွန်လ (၁) ရက်နေ့တွင်ဖွင့်လှစ်မည့် (၇၅) ကြိမ်မြောက် ကျပ် (၁၀၀၀) တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့်အက္ခရာများမှာ (က) အက္ခရာမှ (ဈ) အက္ခရာထိ အက္ခရာ (၉) လုံးဖြစ်ပါသည်။

၃။ (၇၄) ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဆုမဲများအနက် ကျပ် (၁၀) သိန်းနှင့်အထက်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၂-၅-၂၀၂၅) ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၁၂-၅-၂၀၂၅) ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန်လိုအပ်ပါသည်။


အောင်ဘာလေသိန်းဆုဌာနခွဲ

**အောင်ဘာလေသိန်းဆုထီပေါက်စဉ်အား www.ird.gov. mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**


■ **ကျောဖုံးမှအဆက်**

လည်းကောင်း ယနေ့ညနေမှ ၄-၅-၂၀၂၅ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

၂-၅-၂၀၂၅ ရက်နေ့မှ ၃-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




၄-၅-၂၀၂၅ ရက်နေ့အတွက် မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




**အကြံပြုချက်**

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

● **ရှေ့ဖုံးမှအဆက်**

ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ဖို့ အသိပညာပေးတာတွေ၊ စိုက်ပျိုးရေ စနစ်တကျသုံးစွဲကြဖို့နဲ့ စိုက်ပျိုးရေးသွင်းအားစုတွေ မှန်မှန်ကန်ကန်သုံးစွဲကြဖို့ အသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်”ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်နွေသီးနှံ စိုက်ပျိုးရာသီတွင် ဒေသတွင်း ဆီစားသုံးမှုဖူလုံစေရန်နှင့် တောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းစိုက်တောင်သူများကို ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ မြေဩဇာစနစ်တကျသုံးစွဲရေး၊ ပိုးမွှားကျရောက်မှုမရှိစေရေး၊ ပန်းတိုင်အတွက်နှုန်းများရရှိရေး စသည့် တောင်သူအသိပညာပေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

နှမ်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ပြည်တွင်းဆီစားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုပါ ပြည်ပသို့တင်ပို့ရောင်းချနိုင်မည်ဖြစ်၍ လုပ်ငန်းစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့်ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

### အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၇၉ ဦး ရှာဖွေပေးနိုင်

နေပြည်တော် မေ ၁

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ၆ ခုတို့တွင် မေလ ၁ ရက်အထိ သေဆုံးသူ ၃၈၃၅ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၅ ဦးနှင့်ပျောက်ဆုံးသူ ၁၀၅ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၇၉ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဧပြီလ ၃၀ ရက် ည ၇ နာရီမှ မေလ ၁ ရက် ညနေ ၅ နာရီအတွင်း မြန်မာထိုင်ဝမ်ကုန်သည်ကြီးများအသင်းမှ လှူဒါန်းသည့် ခြင်ထောင်၊ ခေါက်ဆွဲခြောက်နှင့် ရွက်ဖျင်တဲ စုစုပေါင်း တန်ချိန် ၁ ဒသမ ၃၄၂ တန်နှင့် Full Moon Services Ltd မှ မှာယူ၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ငလျင်ဘေးသင့်ဝန်ထမ်းများအသုံးပြုနိုင်ရန် လှူဒါန်းသည့် ရွက်ဖျင်တဲတန်ချိန် ၃ ဒသမ ၁ တန်ရောက်ရှိခဲ့သည်။

အဆိုပါ ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများလက်ဝယ်အရောက်အမြန်ဆုံး ခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။

မြဝတီ



## အိန္ဒိယနိုင်ငံ၌ ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့်ဖျော်ဖြေရေးညီလာခံကျင်းပ

မွမ်ဘိုင်း မေ ၁

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ရှိ ဂျေရီကမ္ဘာ့ကွန်ဗင်းရှင်းစင်တာ၌ ယနေ့နံနက်ပိုင်းတွင် ကမ္ဘာလုံးဆိုင်ရာမီဒီယာနှင့် ဖျော်ဖြေရေးညီလာခံ(WAVES-2025) ဖွင့်ပွဲကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Mr. Narendra Modi က တက်ရောက်၍ မိန့်ခွန်းပြောဖွင့်လှစ်ပေးခဲ့ပြီး အိန္ဒိယနိုင်ငံ၏ မီဒီယာနှင့် ဖျော်ဖြေရေးကဏ္ဍ၌ တိုးတက်မှုများအပြင် အိန္ဒိယနိုင်ငံ၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကို ပြသခဲ့သည်။

“အိန္ဒိယသည် ဆန်းသစ်တီထွင်မှု၏ဗဟိုချက်ဖြစ်ရမည်” ဆိုသည့် ဆောင်ပုဒ်ဖြင့် ပြုလုပ်သည့် အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲဝင့် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့ပြီး နိုင်ငံပေါင်း ၇၅ နိုင်ငံမှ ပြန်ကြားရေးလုပ်ငန်းဆိုင်ရာ အကြီးအကဲများ၊ မူဝါဒချမှတ်သူများ၊ မီဒီယာနှင့် ဖျော်ဖြေရေးကဏ္ဍဆိုင်ရာ ဆန်းသစ်တီထွင်သူများနှင့် အိန္ဒိယနိုင်ငံမှ နာမည်ကြီး အနုပညာရှင်များလည်း တက်ရောက်ခဲ့ကြသည်။

ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့်ဖျော်ဖြေရေးညီလာခံ(WAVES-2025)ကို မီဒီယာနှင့် ဖျော်ဖြေရေးကဏ္ဍဆိုင်ရာဆန်းသစ်တီထွင်မှုများ ပေါင်းစည်းနိုင်ရေးအတွက် ပထမဆုံးကျင်းပခြင်းဖြစ်ပြီး မွမ်ဘိုင်းမြို့ရှိ ဂျေရီကမ္ဘာ့ကွန်ဗင်းရှင်းစင်တာ၌ မေလ ၁ ရက်မှ ၄ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါညီလာခံသည်မီဒီယာနှင့်ဖျော်ဖြေရေးကဏ္ဍတို့၏အခွင့်အလမ်းများကိုရှာဖွေရန်၊ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန်နှင့် မီဒီယာနှင့် ဖျော်ဖြေရေးလုပ်ငန်းများ၏ အနာဂတ်ကိုပုံဖော်နိုင်ရန်အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာမီဒီယာနှင့် ဖျော်ဖြေရေးလုပ်ငန်းနယ်ပယ်ကဏ္ဍအားလုံးမှ သက်ဆိုင်သူများနှင့် ချိတ်ဆက်ပေါင်းစည်းမှုမှတစ်ဆင့် ဆန်းသစ်တီထွင်မှုနှင့် တိုးတက်မှုတို့အတွက် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ခိုင်မာသောမိတ်ဖက်များအဖြစ် သတ်မှတ်၍ နယ်ပယ်သစ်များကို ဖွင့်လှစ်ပေးနိုင်ရန်၊ နိုင်ငံနယ်နိမိတ်များကိုကျော်လွန်လာသည့် ယဉ်ကျေးမှုဖလှယ်မှုများအပေါ် အပြန်အလှန်နားလည်မှုများကို ပြုစုပျိုးထောင်ရန်နှင့် ဆန်းသစ်တီထွင်မှုများကို မြှင့်တင်ရန် စသည့်မဟာဗျူဟာများကို ရှာဖွေသွားရန်၊ အစွမ်းထက်သော ကွန်မြူနတီရေဒီယိုအစီအစဉ်ပလက်ဖောင်းမှတစ်ဆင့် ခေတ်ရေစီးကြောင်းများနှင့် မူဝါဒများအပေါ်အာရုံစိုက်၍ ဒေသခံပြည်သူလူထုနှင့်ထိတွေ့ဆက်ဆံမှုအားကောင်းလာစေရန်ရည်ရွယ်ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၃°c | / | ၃၃°c |
| ရန်ကုန် | ၂၄°c | / | ၃၄°c |
| မန္တလေး | ၂၂°c | / | ၃၄°c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်လျက်ရှိ


ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် ငလျင်ဒဏ်ကြောင့် မန္တလေးမြို့ အမရပူရမြို့နယ်ရှိ စွယ်တော်မြတ်စေတီတော်(မန္တလေး) ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။


မန္တလေးမြို့ ဝိဇ္ဇာလင်္ကာရကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်ဂိုဏ်း အကျိုးတော်ဆောင်ချုပ်ဘဒ္ဒန္တကောသလ္လထံ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နေပြည်တော် မေ ၁

မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။


ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် ကျောက်ဆည်ခရိုင်၊ ကူမဲမြို့ အမှတ်(၁)ရပ်ကွက် ရွှေဘုံသာဘုန်းကြီးကျောင်း၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော လျောင်းတော်မူရုပ်ပွားတော်နှင့် ဘုရားစေတီများအား စက်ယန္တရားဖြင့် ရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့၊ အေးမြဝတီရပ်ကွက်ရှိ (ခုတင်၂၀၀)ဆံ့အထွေထွေရောဂါကုပြည်သူ့ဆေးရုံတွင် အမှတ်(၆)အထူးဆောက်လုပ်ရေးအဖွဲ့ (အဆောက်အဦဌာန)မှ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးလျက်ရှိသော အဆောက်အအုံများအား ပြန်လည်မွမ်းမံဆောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် စစ်ကိုင်းမြို့နန်းဦးမြို့သစ်ရှိ မရှိခဏစေတီနှင့် မဟာစေတီလှစေတီများတွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများနှင့် စေတနာရှင်ကုမ္ပဏီများမှ ပူးပေါင်း၍ စုပေါင်းလုပ်အားပေးရှင်းလင်းဖယ်ရှားနေမှုအခြေအနေများအားသွားရောက်ကြည့်ရှုအားပေးကြသည်။

ဆက်လက်ပြီး ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့၊ ပန်းပဲတန်းရပ်ကွက်ရှိ မြို့မစည်ပင်သာယာဈေးအတွင်း ဈေးသည်များ စိတ်အေးချမ်းသာစွာနှင့် စည်ကားသိုက်မြိုက်စွာဈေးရောင်းချနေမှုများကိုကြည့်ရှုအားပေးပြီး ပန်းပဲတန်းရပ်ကွက်ရှိလူနေအဆောက်အအုံများ၊ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးနေသောအဆောက်အအုံများ စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းနေမှုတို့ကိုလည်းကောင်း၊ စစ်ကိုင်းမြို့၊ ရွာထောင်ရပ်ကွက်ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ ပတ္တမြားရပ်ကွက်ရှိ စစ်ကိုင်းပညာရေးတက္ကသိုလ်၊ စီတီးရပ်ကွက်ရှိ ရာဇာမဏိစူဠာကောင်းမှုတော်စေတီနှင့် စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီများတွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံ၊ အရံစေတီများနှင့် ကျောင်းဆောင်အဆောက်အအုံတို့အား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင် ပြည်သူများနှင့် စေတနာရှင်ကုမ္ပဏီများမှပူးပေါင်း၍စုပေါင်းလုပ်အားပေးရှင်းလင်းဖယ်ရှားနေမှုအခြေအနေတို့အားလည်းကောင်း သွားရောက်ကြည့်ရှုအားပေးသည်။


ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ မြို့မစည်ပင်သာယာဈေးအတွင်း ဈေးသည်များ စိတ်အေးချမ်းသာစွာနှင့် စည်ကားသိုက်မြိုက်စွာဈေးရောင်းချနေမှုကို ကြည့်ရှုအားပေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်ရှိ ဝိဇ္ဇာလင်္ကာရကျောင်းတိုက်သို့သွားရောက်၍ ဝိဇ္ဇာလင်္ကာရကျောင်းတိုက်ဦးစီးပဓာနနာယက ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်ဂိုဏ်း အကျိုးတော်ဆောင်ချုပ် ဘဒ္ဒန္တကောသလ္လအား သွားရောက်ဖူးမြော်၍ ဩဝါဒခံယူကာ သံဃာတော်များ အေးချမ်းစွာသီတင်းသုံးနေထိုင်တော်မူနိုင်ရန်နှင့် ဆွမ်းကိစ္စအခက်အခဲမရှိ အဆင်ပြေစေရန်အတွက် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

၎င်းနောက် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဓမ္မဒူတဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဒေါက်တာအရှင်ဆေကိန္ဒနှင့်အတူ ကျောင်းတိုက်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အလယ်တိုက်ကျောင်းတော်ကြီး၊ သိမ်၊ ဆွမ်းစားကျောင်းဆောင်နှင့် စာသင်သားကျောင်းဆောင်နေရာများသို့ သွားရောက်ကြည့်ရှုပြီး အပျက်အစီးများ အမြန်ဆုံးဖယ်ရှားရှင်းလင်းနိုင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၎င်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်သည်မန္တလေးမြို့ ၃၅ လမ်းတစ်လျှောက်ရှိ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိအဆောက်အအုံများ ဖယ်ရှားရှင်းလင်းနေမှုများကိုလည်းကောင်း၊ ဖယ်ရှားရှင်းလင်းပြီး အဆောက်အအုံနေရာများအား စနစ်တကျထိန်းသိမ်းထားရှိမှု အခြေအနေများအားလည်းကောင်း သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လုပ်ငန်းခွင်တွင် အန္တရာယ်မရှိစေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်၊ အများပြည်သူများ အသုံးပြုမှုများသော အဓိကလမ်းမကြီးများပေါ်ရှိ အန္တရာယ်ရှိအဆောက်

အအုံအပျက်အစီးများအား ဦးစားပေး၍ အမြန်ဆုံးဖယ်ရှားရှင်းလင်းနိုင်ရေး ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်သွားရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့သွားရောက်၍ Modular House တည်ဆောက်ခြင်းနှင့် ယာယီရုံးခန်းဖွင့်လှစ်၍ ရုံးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှုအားပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်ရှိ ဣန္ဒာသယပရိယတ္တိစာသင်တိုက်၊ အမရပူရမြို့နယ်ရှိ လိုရာဆုပယူ ဘုရားသုံးဆူမြတ်စွာဘုရား၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ လောကမဏိစူဠာဘုရား၊ အမရပူရမြို့နယ်ရှိ စွယ်တော်မြတ်စေတီတော် (မန္တလေး) နေရာများသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေသည်များကိုလည်းကောင်း၊ အပျက်အစီးများဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှုအခြေအနေများအားလည်းကောင်း၊ ဘုရားစေတီပုထိုးများတွင် ရှေးမူမပျက်ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများအားလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများအားမှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ငင်းနောက် ချမ်းမြသာစည်လေယာဉ်ကွင်းဟောင်းအနီးရှိ ငလျင်ဒဏ်သင့်ပြည်သူများယာယီတည်းခိုရေးစခန်းသို့ သွားရောက်ကြည့်ရှု၍ ငလျင်ဒဏ်သင့်ပြည်သူများကို အားပေးစကားပြောကြားကာ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်သည် ကျောက်ဆည်ခရိုင်၊ ကူမဲမြို့၊ အမှတ်(၁)ရပ်ကွက်၊ ရွှေဘုံသာဘုန်းကြီးကျောင်း၌ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးသွားသော လျှောင်းတော်မူရုပ်ပွားတော်နှင့် ဘုရားစေတီများအား စက်ယန္တရားဖြင့်ရှင်းလင်းနေမှုအားကြည့်ရှုစစ်ဆေးခဲ့ပြီး ရပ်မိရပ်ဖများ၊ ဂေါပကအဖွဲ့ဝင်များဖြင့်တွေ့ဆုံ၍ အလှူရှင် (၁) ဦးမှ မတည်ပေးသည့် ငွေကျပ်သိန်း(၅၀၀)အား ဘုရားစေတီများ ပြန်လည်ပြုပြင်မွမ်းမံရာတွင်အသုံးပြုမည့်အစီအမံများနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ငင်းနောက် ကျောက်ဆည်မြို့၊ စုကြီးရပ်ကွက်ရှိ နေထိုင်ရန်မသင့်သောအဆောက်အအုံ (၈)လုံးအား စက်ယန္တရားဖြင့်ရှင်းလင်းဆောင်ရွက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ လုပ်ငန်းခွင်အန္တရာယ်မရှိစေရေး၊ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်မှာကြားခဲ့ပြီး တာဝန်ရှိသူများမှတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ကျောက်ဆည်ခရိုင်အတွင်း ငလျင်ဒဏ်သင့် အဆောက်အအုံများအား SOP စနစ်ဖြင့် ဘုတ်အဖွဲ့များဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့အထိ အဆောက်အအုံ (၄၈၉၂) လုံးအား စစ်ဆေးခြင်းဆောင်ရွက်ခဲ့ပြီး ပြန်လည်ပြုပြင်နိုင်မည့် အဆောက်အအုံ (၄၆၁၇) လုံး၊ ဦးစားပေးဖြိုဖျက်ရှင်းလင်းရမည့် အန္တရာယ်ရှိ အဆောက်အအုံ(၂၇၅)လုံးမှ အဆောက်အအုံ (၂၀၅) လုံး ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ပြီး ဆောင်ရွက်ရန် ကျန်အဆောက်အအုံ (၇၀) လုံး ဖြစ်သည်။

ငင်းနောက် ကျောက်ဆည်မြို့၊ ဟံမြင့်မိုရ်ကျေးရွာအုပ်စု၊ အခြေခံပညာအထက်တန်းကျောင်း၌ ကျောက်ဆည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ငလျင်ဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်နေမှုအခြေအနေများ သွားရောက်ကြည့်ရှုခဲ့ပြီး ငလျင်ဒဏ်သင့်ပြည်သူများကို အားပေးစကားပြောကြားခဲ့ကာ အဆောက်အအုံများ ပြန်လည်တည်ဆောက်ရာတွင် နားလည်တတ်ကျွမ်းသူများနှင့် တိုင်ပင်၍ ငလျင်ဒဏ် 8 Magnitude ခံနိုင်သည့် အဆောက်အအုံများတည်ဆောက်သွားရန် လိုအပ်ကြောင်း၊ အဆောက်အအုံများတည်ဆောက်ရာတွင် ဘိလပ်မြေ၊ သံချောင်းများ ဝယ်ယူနိုင်ရေး ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘိလပ်မြေစက်ရုံများမှလည်း ပြန်လည်လည်ပတ်နိုင်အောင် ကူညီဆောင်ရွက်ပေးလျက်ရှိပြီး မေလဒုတိယပတ်တွင် စတင်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်းနှင့် တာဝန်ရှိသူများအား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ငင်းနောက် ကျောက်ဆည်ခရိုင်အတွင်း ငလျင်ဒဏ်ကြောင့်လမ်းတံတားပျက်စီးခဲ့မှုနှင့်ပတ်သက်၍ BOT စနစ်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသော သော်တာဝင်းကုမ္ပဏီမှတာဝန်ရှိသူများ၏ ပြင်ဆင်ပြီး၊ ပြင်ဆင်ဆဲလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြမှုများအပေါ် လမ်းပိုင်းပျက်စီးမှုများစစ်ဆေးခဲ့ရာ ပျက်စီးမှု (၈)နေရာရှိခဲ့ပြီး ကုမ္ပဏီမှ (၅)နေရာအား အပြီးသတ်ပြင်ဆင်ပေးပြီးဖြစ်ကာ (၃)နေရာမှာ ယာယီပြုပြင်ပြီးဖြစ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့ရ၍ ယာယီပြုပြင်ထားသောနေရာများအား အပြီးသတ်တွန်းအားပေးဆောင်ရွက်သွားရန်နှင့် ပျက်စီးသွားသောလမ်းပိုင်းနေရာများသည် ရန်ကုန်-မန္တလေးကုန်စည်စီးဆင်းမှုတွင် အဓိကအရေးပါသော လမ်းပိုင်းနေရာများဖြစ်သည့်အတွက် ဦးစားပေးပြင်ဆင်သွားရန်နှင့် အရည်အသွေးပြည့်မီစွာ ပြုပြင်သွားရန်မှာကြားခဲ့ပြီး လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ငင်းနောက် ကျောက်ဆည်မြို့၊ မြို့တော်ခန်းမ၌ ငလျင်ဒဏ်သင့်ပြည်သူများအတွက် MODULAR HOUSE များတည်ဆောက်ရန် စေတနာရှင်၊ အလှူရှင်များမှ လာရောက်လှူဒါန်းငွေများလက်ခံခဲ့ပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များအနေဖြင့် ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲမထားဘဲ ပြည်ထောင်စု၏အကျိုးကိုရှေးရှုဆောင်ရွက်

တောင်ကြီး မေ ၁

တိုင်းရင်းသားရေးရာကိစ္စရပ်များဆောင်ရွက်ရာတွင် ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲမထားဘဲ ပြည်ထောင်စု၏အကျိုးကိုရှေးရှုပြီး တိုင်းရင်းသားများအချင်းချင်း စည်းလုံးညီညွတ်မှုပိုမိုခိုင်မြဲအောင် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးခွန်သန့်ဇော်ထူးက ပြောသည်။

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရှမ်းပြည်နယ်ညွှန်ကြားရေးမှူးရုံးကို ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့်တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ပြောကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရှမ်းပြည်နယ်ညွှန်ကြားရေးမှူးရုံး၏ ရုံးလုပ်ငန်းဆောင်ရွက်နေမှုနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သည့် ရုံးအဝင်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုများကိုကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ညွှန်ကြားရေးမှူးရုံးအစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့်တွေ့ဆုံ၍ မိမိတို့ဝန်ကြီးဌာနသည် တိုင်းရင်းသားများ၏ စာပေနှင့်ယဉ်ကျေးမှုများ ထိန်းသိမ်းမြှင့်တင်ခြင်းနှင့် တိုင်းရင်းသားရေးရာကိစ္စရပ်များကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် နိုင်ငံတော်အတွက် “We are Myanmar” ဆိုသည့် ပြည်ထောင်စုစိတ်ဓာတ် တိုးတက်ခိုင်မာစေရန် ဆောင်ရွက်ရကြောင်းပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းက ရှမ်းပြည်နယ်အတွင်း တိုင်းရင်းသားရေးရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရှမ်း၊ ကချင်၊ ပအိုဝ်း၊ ဓနု၊ တောင်ရိုး၊ အင်းသား၊ လီဆူ၊ ကိုးကန့်၊ ယင်းကျား၊ ယင်းနက်နှင့် ထနော့တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များက တိုင်းရင်းသားရေးရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ၊ အသင်းအဖွဲ့မှတ်ပုံတင်ခွင့်ရရှိရေး၊ တိုင်းရင်းသားဒေသများတွင် သက်ဆိုင်ရာတိုင်းရင်းသားစာပေသင်ကြားရေးသင်တန်းများနှင့်စပ်လျဉ်း၍ အထွေထွေဆွေးနွေးတင်ပြကြရာ ရှမ်းပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းအေးကိုတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# (၁၂)ကြိမ်မြောက် အာဆီယံရေတပ် အရာရှိငယ်များတွေ့ဆုံနှီးနှောဖလှယ်ပွဲပြုလုပ်



(၁၂) ကြိမ်မြောက် အာဆီယံရေတပ်အရာရှိငယ်များတွေ့ဆုံပွဲ (12th ASEAN Navy Young Officers Interaction) ကျင်းပစဉ်။

နေပြည်တော် မေ ၁

မြန်မာနိုင်ငံတွင် ဒုတိယအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်သည့် (၁၂) ကြိမ်မြောက် အာဆီယံရေတပ်အရာရှိငယ်များတွေ့ဆုံပွဲ (12th ASEAN Navy Young Officers Interaction) အား ဧပြီလ ၂၈ ရက်မှ မေလ ၁ ရက်အထိ ရန်ကုန်မြို့ LOTTE HOTEL ၌ ကျင်းပပြုလုပ်ခဲ့သည်။

တွေ့ဆုံပွဲသို့တက်ရောက်မည့် အာဆီယံနိုင်ငံများမှ ရေတပ်အရာရှိငယ်များသည် ဧပြီလ ၂၈ ရက်တွင်ရန်ကုန်မြို့သို့လေကြောင်းခရီးဖြင့် အသီးသီးရောက်ရှိခဲ့သည်။ တွေ့ဆုံပွဲသို့တက်ရောက်လာသည့် အရာရှိငယ်များသည် ဧပြီလ ၂၉ ရက်တွင် ဖွင့်ပွဲအခမ်းအနားတက်ရောက်ခြင်း၊ နိုင်ငံအလိုက် ရေတပ်သမိုင်းကြောင်းရှင်းလင်းခြင်းနှင့် **“ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် ရေကြောင်းလုံခြုံရေးပေါင်းစည်းညီညွတ်အားဖြင့်ဟန်ချက်ညီဆောင်ရွက်ကြပါစို့”** ခေါင်းစဉ်အား ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သည်။



စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးအေးမင်းထွေး (၁၂)ကြိမ်မြောက် အာဆီယံရေတပ်အရာရှိငယ်များတွေ့ဆုံပွဲသို့ တက်ရောက်လာသည့် အာဆီယံရေတပ်အရာရှိငယ်များအား ကြိုဆိုလက်ခံတွေ့ဆုံစဉ်။

တွေ့ဆုံပွဲသို့တက်ရောက်ခဲ့သည့်အာဆီယံနိုင်ငံများမှ ရေတပ်အရာရှိငယ်များအား စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး အေးမင်းထွေးက ဧပြီလ ၂၉ ရက် နံနက်ပိုင်းတွင် LOTTE HOTEL ရှိ Sapphire Ballroom ခန်းမ၌ ကြိုဆိုလက်ခံတွေ့ဆုံခဲ့သည်။ ဦးစွာ စစ်ဦးစီးအရာရှိချုပ်(ရေ) က နှုတ်ခွန်းဆက်စကားပြောကြားပြီး အာဆီယံနိုင်ငံများမှ ရေတပ်အရာရှိငယ်များက တစ်ဦးချင်း နှုတ်ဆက်စကားပြောကြားခဲ့သည်။ ငင်းနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အထိမ်းအမှတ် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။ ညပိုင်းတွင် စစ်ဦးစီးအရာရှိချုပ်(ရေ)က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

အာဆီယံရေတပ်အရာရှိငယ်များသည် တပ်မတော်(ရေ) လေ့လျှော်ရွက်တိုက်အသင်း (အင်းလျားကန်)တွင် လှေလှော်ခြင်းနှင့် ရွက်တိုက်ခြင်းပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ဆောင်ရွက်ခဲ့ကြပြီး အမှတ်(၁)ဗျူဟာစစ်ရေယာဉ်စုမှ စစ်ရေယာဉ်အား သွားရောက်လေ့လာခြင်း၊ ရေတပ်လေ့ကျင့်ရေးဌာနချုပ်သို့သွားရောက်လေ့လာကြည့်ရှုခြင်း၊ ရွှေတိဂုံဘုရား၊ ဗိုလ်ချုပ်အောင်ဆန်းဈေးတို့သို့ လေ့လာရေးခရီးများ သွားရောက်ခဲ့ကြသည်။ အာဆီယံရေတပ်အရာရှိငယ်များသည် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် သက်ဆိုင်ရာနိုင်ငံအသီးသီးသို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Some 61,000 acres of black gram successfully planted in Maubin District this year



MAUBIN May 1

A total of 61,307 acres of black gram has been planted as cold season crops in Maubin Township of Ayeyawady Region, said U Zaw Min Tun, head of Township Agriculture Department.

In Maubin Township, the black gram planting season started in the first week of October 2024, with 61,188 acres of cropland dedicated to planting. By now, the planting has expanded to 61,307 acres exceeding the target cultivation. The local Agriculture Department has provided essential agricultural techniques and support to ensure the effective cultivation of black gram on the required acreage.

U Zaw Min Tun, the Head of Township Agriculture Department, remarked, "Local farmers in Maubin Township are planting winter crops, including black gram. The current cultivation area for black gram exceeds 61,000 acres. To ensure all winter crops, including black gram, are successfully grown, the township Agriculture Department has provided necessary techniques and support to ensure the crops thrive."

Reportedly, various activities such as ensuring systematic and successful planting of black gram, preventing pest damage, and collaborating with local farmers and the regional administration have been carried out to support the successful cultivation of the crops. **SK**

# Merchants from Kyaunggon Township send dried chilli to Yangon market



KYAUNGGON May 1

Local fishermen and merchants from Kyaunggon Township in Ayeyawady Region, sold dried chilli peppers in the Yangon market, with a total of 80,000 viss being sold. According to Daw San Htay, a trader of agricultural products from Kyaunggon Township, in December 2024, only 55,000 viss of dried chilli peppers were exported to the Yangon market. In January 2025, the export increased to 80,000 viss.

It is reported that the total revenue from the 80,000 viss of dried chilli peppers sold from this region reached Ks-99,000 per 10 viss.

"In the past month, we were able to export and sell up to 80,000 viss of dried chilli peppers from Kyaunggon Township to the Yangon market. Agricultural products from this region are mainly sent to Yangon which distributes them to other regions. The chilli peppers from Kyaunggon are of good quality, so the demand for these products has also risen. Currently, the price for 10 viss of dried chilli peppers is about Ks-99,000," said Daw San Htay, a trader from Kyaunggon Township.

The sale of high-quality dried chilli peppers from Kyaunggon Township to the Yangon market has provided job opportunities for farmers, workers, traders, and business owners in the region. **SMK**

# Kanbalu Township harvests over 90,000 acres of winter peanuts

KANBALU May 1

A total of 97,968 acres of peanuts planted during the winter crops planting season have been harvested in Kanbalu Township, Kanbalu District, Sagaing Region, according to the statistics of the Department of Agriculture for Kanbalu Township.

The peanut fields that were planted have been harvested since January this year. Up to now, 97,968 acres have been harvested, with an output of 62.37 baskets per acre.

"All of the planted peanuts have now been harvested. The yield is good. We have planted more than the target area of peanuts. Oilseed crops are also successful. Peanut cultivation has been improving year by year. Most people plant peanuts in the winter rather than the rainy season," said U Myo Zaw, head of the Department of Agriculture for Kanbalu Township.

In Kanbalu Township, one and a half baskets of peanut seeds are planted per acre, and the cost of planting peanuts is more than Ks-200,000, including the costs of seed, labour, fertilizer, and pesticides. The yield per acre is more than 50 baskets. **SK**

# More than 6,000 acres of peanut harvested in Katha Township

KATHA May 1

According to statistics from the Katha Township Agriculture Department, a total of 6,720 acres of peanuts cultivated during the winter crop season have been harvested in Katha Township, Sagaing Region.

In Katha Township, a total of 31,884 acres of peanuts were cultivated during the winter crop season. The harvesting of these peanut plantations began in January this year, and as of today, 6,720 acres have been completely harvested, yielding an average of 62.95 baskets per acre.

U Ko Lay, the head of the Katha Township Agriculture Department, said: "The total peanut cultivation in Katha Township during this winter crop season reached 31,884 acres, and all the cultivated fields have now been fully harvested. The cultivated acreage exceeded expectations, and as an oil crop, it has been successful. Peanut farming in the township has been steadily improving year by year."

In Katha Township, peanut cultivation requires approximately 1.5 baskets of seeds per acre. The total cost, including seed expenses, labor wages, fertilizers, and pesticides, exceeds Ks-200,000 per acre. On average, each acre yields over 50 baskets of peanuts.

To ensure successful peanut cultivation in Katha Township, prevent pest infestations, and keep the fields free of weeds, staff from the Township Agriculture Department have been conducting field inspections and keeping monitoring records. **SK**

# State Administration Council
# Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

# Ridge gourds from Myanaung Township marketable in regions

MYANAUNG May 1

Demand is high in trading of ridge gourds in Myanaung Township of Ayeyawady Region, said Daw Swe Swe, a green grocery trader in Myanaung Township.

Trading of ridge gourds started in Myanaung Township this season in the first week of January 2025. The domestic market demands from 35,000 pieces to 55,000 pieces of ridge gourds per day. It fetches Ks-27,000 per 100 pieces.

Daw Swe Swe commented: "Consumers and merchants from other townships demand to purchase ridge gourds from Myanaung Township. They trade some 55,000 fruits per day. The fruits of Myanaung Township are high in quality. Local people can consume fresh fruits. Due to high demand, local farmers and traders have chances to earn increased incomes."

Currently, seasonal vegetables including ridge gourds are thriving in Myanaung Township. Local farmers prepare to expand sown acreage of these crops in order to meet the domestic demand. As they sell domestic crops, residents can buy these fresh and healthy vegetables at fair prices. **SK**

# Wetlet Township plants more than 14,000 acres of peanut as cold season crops

WETLET May 1

Local farmers have planted 14,682 acres of winter peanut in Wetlet Township of Sagaing Region, according to the statistics of Wetlet Township Agriculture Department.

In 2024-2025 cold season, local authorities earmarked 15,407 acres of peanut but farmers have so far planted 14,682 acres of peanut against the target cultivation.

Daw Kyin San, Head of Wetlet Township Agriculture Department explained: "This year, local administrative officials earmarked cultivation of 15,407 acres of peanut in Wetlet Township but farmers grew 14,682 acres of crops so far. They are trying hard to meet the target cultivation. Oil crops are thriving in the region. Sown acreage of peanut is on the rise yearly."

Farmers need to use 1.5 baskets of peanut seeds per acre in Wetlet Township. They have to spend more than Ks-200,000 per acre in growing peanut due to quality seeds, labour charge, fertilizers and pesticides. But peanut yields more than 50 baskets per acre.

This year, officials of the Township Agriculture Department make field trips to the peanut plantations for thriving of crops, prevention of pests, weeding and other farming tasks. **SMK**

# Cucumber from Yekyi Township in high demand at domestic market

YEKYI May 1

Cucumber from Yekyi Township of Ayeyawady Region is in high trading at the domestic market, said Daw Ei Phyo, the green grocery trader in Yekyi Township.

The domestic market manages sale of 20,000 to 35,000 pieces of cucumber per day in Yekyi Township starting from January 2025. At present, cucumber fetches Ks-9,500 per 100 pieces.

Daw Ei Phyo disclosed: "Other townships purchase cucumber from Yekyi Township with high demand. In fact, cucumber is a domestic product of Yekyi Township. Now, the market manages quality crops. Local people can consume quality and healthy cucumber. Thanks to high demand of cucumber, local farmers can earn increased incomes."

Yekyi Township harvests various seasonal vegetables including cucumber. Local farmers prepare to expand sown acreage of cucumber to produce more number of vegetables. Trading of domestic products can reduce transport charge to the market. **SMK**

# Sunflower planted on all earmarked croplands in Taze Township

TAZE May 1

Local farmers have placed all earmarked croplands under sunflower in Taze Township of Sagaing Region, according to YeU District Agriculture Department.

Local authorities earmarked 3,187 acres of winter sunflower in Taze Township in 2024-2025 cold season. But farmers planted all 3,187 acres of crops starting from October 2024.

U Zaw Myint Tun, Head of YeU District Agriculture Department said: "Farmers could grow all earmarked acreage of sunflower in Taze Township. Cultivation of sunflower aims to reduce import of palm oil abroad. Hence, local farmers expand sown acreage of sunflower yearly. Yield of oil from sunflower is larger than sesame and groundnut."

Officials from Township Agriculture Department raised farmer awareness to grow sunflower without any difficulties and enhance capacity of local farmers and agricultural staff in Taze Township.

This year, officials of the township manage supply of quality strains of seed and urea fertilizers for farmers and arrange exchange of quality seeds of sunflower among farmers.

**SK**

# India closes airspace to Pakistan-linked aircraft




NEW DELHI May 1

India has closed its airspace to all Pakistan-linked aircraft, including military flights, as tensions between the nuclear-armed neighbors continue to mount following a deadly terrorist attack in the Indian-administrated Jammu and Kashmir.

The move comes in response to last week's decision by Islamabad to bar Indian-owned or operated airlines from Pakistani airspace.

A Notice to Air Missions, which was published by New Delhi on Wednesday, said: "Indian airspace [is] not available to Pakistan registered aircraft and aircraft operated or leased by Pakistan airlines. These include military flights."

The announcement means that India and Pakistan have now blocked their airspace to each other until at least May 23.

The only Pakistani carrier currently operating routes through India is Pakistan International Airlines, which flies to Malaysia's capital, Kuala Lumpur.

The escalation between India and Pakistan started after the April 22 terrorist attack in India's Jammu and Kashmir federal territory, which claimed the lives of 26 people, mostly tourists.

New Delhi blamed the incident on Islamabad, accusing the neighboring country's government of supporting cross-border terrorism and insurgency. Islamabad denied the allegations, calling for an impartial investigation into the incident and accusing New Delhi of backing "terrorist networks" operating on Pakistani soil.

The two countries have a long-standing dispute over Kashmir, which is de facto divided by the Line of Control established after the Indo-Pakistani war of 1971.

Since the attack, India has ordered the expulsion of all Pakistanis from the country, the closure of the border between the two nations, and the suspension of the 1960 Indus Water Treaty. Pakistan responded by suspending all bilateral trade, including through third countries, halting special South Asian visas issued to Indian nationals, along with other tit-for-tat measures.

**RT**

# US cuts military aid from rare minerals deal with Ukraine – No Guarantees, No Strings Attached

MOSCOW May 1

The United States has excluded provisions on security guarantees, such as continuation of providing military aid to Ukraine, from the text of the rare minerals deal, The New York Times reported on Thursday, citing an unnamed former US official familiar with the matter.

Washington reportedly rejected this provision at an early stage of its work on the deal's text.

The US Treasury Department earlier said Washington and Kiev signed an agreement to establish the United States-Ukraine Reconstruction Investment Fund, which, according to the Ukrainian government, is part of a broader minerals deal between the two countries.

On Wednesday, Ukrainian Prime Minister Denys Shmyhal said that the minerals agreement with the US would be signed in the next 24 hours. According to him, the agreement provides for the creation of an investment fund in Ukraine with a 50/50 distribution of management and contributions between the parties. He noted that the document also envisages investment in Ukraine's development over the next 10 years.

**Sputnik**

# UN seeks emergency support for 45,000 flood victims in Somalia

MOGADISHU May 1

The United Nations relief agency on Thursday called for immediate emergency assistance to support 45,000 people affected by flooding across Somalia.

According to the UN Office for the Coordination of Humanitarian Affairs (OCHA), four individuals, including two children, lost their lives after being swept away, while over 45,000 individuals have been affected by flash floods caused by moderate to heavy rainfall in various regions of Somalia since April 15.

OCHA said the Shabelle River burst its banks on Monday in Jowhar district, displacing over 6,000 people and inundating about 11,000 hectares of land.

"OCHA has reached out to partners to provide whatever emergency assistance they can deliver to those affected, particularly shelter, sanitation facilities, and relocation support," it said in its flash update released in Mogadishu, the capital of Somalia.

The UN agency said the flooding is occurring at a time when partners, especially national non-governmental agencies that often serve as frontline responders, are facing crippling funding reductions, which have severely limited their ability to respond to emerging needs.

The floods were triggered by moderate-to-heavy rains during the Gu (April to June) main rainy season, which typically begins on April 15 in parts of Somalia and the Ethiopian highlands, where the Juba and Shabelle rivers originate.

"The rains have, however, brought relief following six months of prolonged dry conditions by replenishing water points and pasture," OCHA said.

**Xinhua**

# 12 dead, 30 injured in 5-vehicle collision in Philippines

MANILA May 1

Twelve people were killed, including six children, and at least 30 others injured in a five-vehicle collision on an expressway north of Manila at noon on Thursday, authorities said.

NLEX Corp. Assistant Vice President for Traffic Operations Robin Ignacio told a local radio interview that the crash occurred around 12:08 p.m. in Tarlac City in central Luzon, involving a passenger bus, three sport utility vehicles, and a container truck.

Ignacio said the crash started when a speeding bus rear-ended the vehicle in front of it, creating a domino effect on the three cars queuing to pay for the highway toll fees.

"The four vehicles in front of the bus were almost stopping or stopped as they waited for their turn to pay the fees when the crash happened," Ignacio added.

He said emergency and rescue workers took the injured to a local hospital.

Police have taken into custody the bus driver as an investigation into the fatal crash continues.

**Xinhua**



## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# The Advantages and Disadvantages of Solar Energy

Solar energy pros and cons are a hot topic today. As the earth’s most plentiful source of energy, the sun holds enormous promise as a clean and dependable way to power our world.

When the radiant energy of the sun is converted to heat and electricity, it can provide energy to residences and businesses, and even power vehicles.

Now might be a good time to learn about solar energy advantages and explore adding a solar energy system to your home. Then you can decide: Is solar energy worth it?

When considering home energy options, it is important to understand how solar energy works. When sunlight hits a solar panel, a photovoltaic cell turns that light into direct current (DC) electricity. An inverter then converts it to alternating current (AC), which is what most devices in your home use.

### Advantages of Solar Energy

The more we can capture the benefits of solar energy, the less we will rely on fossil fuels. Adding a solar energy system to your home allows you to tap into these solar energy advantages:

**1. Solar energy is a renewable energy source and reduces carbon emissions**

Solar energy is a renewable energy source, meaning you don’t ever use it up. Solar energy is clean. It creates no carbon emissions or other heat-trapping “greenhouse” gases. It avoids the environmental damage associated with mining or drilling for fossil fuels. Furthermore, solar energy also uses little to no water, unlike power plants that generate electricity using steam turbines.

**2. Solar energy can reduce your home’s electricity bill**

A solar energy system for your home can reduce your reliance on the grid and help you save on your electricity bill. Some owners of residential solar energy systems may even have excess power that they can sell to the utility. Instead of paying a utility for electricity, homeowners get paid by the utility. You may not have to buy an entire solar energy system to cut your home’s electricity bill. Simply choose solar lights, lights that are powered by the sun instead of your home’s electrical system, to help save money.

**3. Solar power can get you money back through Solar Renewable Energy Credits (SRECs)**

Some states offer solar renewable energy certificates (SREC). Each one represents a megawatt-hour of electricity generated through solar energy. Electricity suppliers buy these certificates to satisfy their state’s Renewable Portfolio Standard, a requirement that a certain amount of their renewable energy come from solar. You can sell SRECs for your system's output, which is another way to earn money from your investment.

**4. Homes with solar panels installed may improve home value**

Home buyers will likely pay more for a house with solar panels installed. Considering solar energy pros and cons, the savings on electricity bills and the money earned selling power back to the utility, all count in the plus column. Residential solar energy systems are highly valued and can increase a home's resale value. The property value of a home with solar panels can be worth up to US$-15,000 more than its neighbors.

Solar systems are fairly easy to install and require very little maintenance. Both are handled by your solar provider, if you opt for a solar lease or power purchase agreement (PPA). Consider this as you ask yourself is solar energy worth it.

**5. Solar panels have low maintenance costs**

Solar panels are easy to maintain, as they have no moving parts that wear out over time. Just keep them clean and in good physical condition to keep them working properly. Between their low maintenance costs and average lifespan of 25 years, it can be easy to get your money’s worth when investing in solar panels.

**6. Solar energy can generate electricity in any climate**

Solar energy systems can generate electricity in any climate. One of the disadvantages of solar energy is that it’s subject to temporary weather disruption. Cloudy days reduce the amount of electricity you produce. Cold, however, doesn’t affect productivity. Snowfall can actually help your solar system, as the snow cleans the panels as it melts and sun reflected off the snow increases the amount of light hitting your panels. The result is more electricity production.

### Disadvantages of Solar Energy


The disadvantages of solar energy are becoming fewer as the industry advances and grows, creating economies of scale. Technological advances are helping solar go mainstream. Here are how the disadvantages of solar energy and the pros and cons stack up.

**1. The high initial costs of installing panels**

The most commonly cited solar energy disadvantage, cost, is declining as the industry expands. The initial cost to buy and install the equipment is not cheap. Still, if cost is an issue, leasing options may reduce the amount of your initial outlay. If you do choose to buy, you will need to live in your home for a number of years before the system pays for itself. It’s a long-term investment better suited to property owners than renters.

**2. Solar energy storage is expensive**

Of the disadvantages of solar energy, the temporary decline in energy production during bad weather has been a major issue.




Days with low solar energy, however, are having less of an effect due to advances in battery technology. Old technology for storing solar energy, like lead acid batteries are being replaced by alternatives. Lithium ion batteries offer greater power at a lower cost. Nickel-based batteries have an extremely long life. New technologies, like flow batteries, promise scale and durable power storage.

**3. Solar doesn’t work for every roof type**

Not every room will work well with solar panels. Orientation matters. If your roof doesn't face the sun, you won’t be able to capture enough solar energy. Roofs that angle into the sun tend to work better than flat roofs.

Roofing materials like asphalt shingles, metal and tiles make installing solar panels easier. If your room is made with other materials, installation may be more expensive. Part of what makes energy-efficient roofs is their ability to support solar panels.

**4. Solar panels are dependent on sunlight**

It’s obvious that solar panels need sunlight to generate electricity. They won’t produce electricity at night when you need it for light and they can be inefficient during storms and gloomy days. Your solar energy system needs batteries if you plan to fully depend on solar energy to power your home.

Batteries are one of the more expensive components of your system. Unlike solar panels, they do wear out and need careful maintenance to lengthen their lives. Comparing wind power vs. solar power, wind will keep generating electricity at night and during storms, as long as there is enough wind. Many people use both in residential systems.

### Constellation Energy and Solar Energy

When weighing the pros and cons of solar energy for your home, there are additional options worth considering. Community solar projects are a great way to get the advantages of solar energy without buying and maintaining a system yourself.

If your home and roof won’t support solar panels or if you don’t have enough money to invest in one, community solar might be your answer. With this option, you agree to participating in a program that allows you receive credits for every kWh generated by the solar facility.

**Internet**

AUTOMOBILE

## ၈၃၅ ကီလိုမီတာအထိမောင်းနှင်နိုင်မယ့် Xiaomi ရဲ့ YU7

Xiaomi က မကြာခင်မှာ YU7 ဆိုတဲ့ လျှပ်စစ်စွမ်းအင်သုံးကားတွေကို ထုတ်လုပ်သွားဖို့ရှိနေပါတယ်။ ဒါပေမဲ့ မကြာသေးခင်က စက်မှုလုပ်ငန်းနဲ့သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနကို တင်သွင်းလိုက်တဲ့အချက်အလက်တွေထဲမှာ အကွာအဝေး ၈၃၅ ကီလိုမီတာအထိ သွားနိုင်တဲ့ မော်ဒယ်အသစ်ကိုထည့်သွင်းတင်ပြလိုက်တယ်လို့ဆိုပါတယ်။

အခုတင်ပြလိုက်တဲ့မော်ဒယ်မှာ မော်တာတစ်လုံးတည်းသာ ပါဝင်မှာဖြစ်ပေမယ့် ၂၃၅ ကီလိုဝပ် သို့မဟုတ် မြင်းကောင်ရေ ၃၁၅ ကောင်အားရှိတဲ့မော်တာကို တပ်ဆင်ပေးသွားမှာဖြစ်တဲ့အတွက် တစ်ခါအားသွင်းရုံနဲ့ ကီလိုမီတာ ၈၀၀ ကျော် အထိခရီးပေါက်မှာပါ။

ဒါ့အပြင် ကားရဲ့အလေးချိန်ကလည်း ၂၃၁၅ ကီလိုဂရမ်ရှိတာကြောင့် အလေးချိန်များတယ်လို့ဆိုနိုင်ပေမယ့် စွမ်းအင်သုံးစွဲမှုအပိုင်းမှာတော့ ချွေတာနိုင်တယ်လို့ဆိုပါတယ်။

YU7 ရဲ့အပြင်ပိုင်းရုပ်ထွက်မှာဆိုရင် အသွင်အပြင်ကချောမွေ့တယ်။ ရှေ့မီးလုံးတွေဆိုရင် ရေစက်ပုံစံမီးလုံးတွေကိုအသုံးပြုထားတယ်။ သူ့ကို Mid-size SUV ရဲ့ ကိုယ်ထည်ပေါ်မှာအထိုင်ပြုထားတာဖြစ်ပြီး ကားဘီးတွေရဲ့အကွာအဝေးကလည်း ၃၀၀၀ မီလီမီတာရှိပါတယ်။

နည်းပညာအပိုင်းမှာဆိုရင် Xiaomi က ထုတ်လုပ်တာဖြစ်တဲ့အတွက် သူမတူတဲ့ အားသာချက်တွေရှိတာအမှန်ပါပဲ။ ဒါတင်မကသေးပါဘူး။ ဗို့အား ၈၀၀ နဲ့အားသွင်းစနစ်လည်းပါဝင်ပါတယ်။ Ref: AE

K.H



## တိုယိုတာက bZ7 ဇိမ်ခံလျှပ်စစ်ကားကို ထုတ်ဖော်ပြသ

တိုယိုတာကုမ္ပဏီက လျှပ်စစ်ကားဈေးကွက်မှာ ရင်ဆိုင်ယှဉ်ပြိုင်တိုးမယ့် နောက်ထပ် လျှပ်စစ်ကားအမျိုးအစားအသစ်တစ်မျိုးကို ထုတ်ဖော်ပြသလိုက်ပါတယ်။ အဲဒါကတော့ bZ7 ပါပဲ။ သူ့ကို ရှန်ဟိုင်းကားပြပွဲမှာ ထုတ်ဖော်မိတ်ဆက်လိုက်တာပါ။

အခုထုတ်ဖော်ပြသလိုက်တဲ့ bZ7 က တရုတ်ဈေးကွက်ကို အဓိကထိုးဖောက်မှာဖြစ်ပြီး သူ့ရဲ့အရွယ်အစားကြောင့်ဈေးကွက်ထဲမှာရှိနှင့်ပြီးသားဖြစ်တဲ့ တက်စလာရဲ့ Model S လိုမျိုး လျှပ်စစ်ကားတွေနဲ့အတူ ဈေးကွက်ထဲမှာယှဉ်ပြိုင်နိုင်မှာဖြစ်တယ်လို့ တိုယိုတာကုမ္ပဏီကထုတ်ပြန်ထားပါတယ်။

တိုယိုတာက ဒီလိုကားတွေကို တရုတ်နိုင်ငံရှိ GAC မော်တော်ကားကုမ္ပဏီနဲ့ပူးတွဲထုတ်လုပ်နေတာဖြစ်ပြီး တရုတ်နိုင်ငံမှ ဝယ်ယူသူများကို အတွင်းပိုင်းကျယ်ဝန်းတဲ့ ဇိမ်ခံကားအမျိုးအစားကို ပေးအပ်သွားနိုင်ဖို့ bZ7 ကိုထုတ်လုပ်ထားတာဖြစ်တယ်လို့ဆိုပါတယ်။

အတွင်းပိုင်းမှာတော့ သတင်းပေးဖျော်ဖြေရေးစနစ်အတွက် ဟွာဝေရဲ့ Harmony OS ကို အသုံးပြုထားတဲ့ ဖန်သားပြင်က အလယ်မှာရှိနေပါတယ်။ ဒါပေမဲ့ အကွာအဝေးဘယ်လောက်အထိ ရောက်မယ်ဆိုတာမဖော်ပြထားပါဘူး။ Ref: AE

K.H



MOBILE ARENA

## iOS 19 မှာ Gemini ကို Built-in အဖြစ်ထည့်သွင်းလာမည်ဟု Google မျှော်လင့်နေ




Apple ကုမ္ပဏီက ဖေဖော်ဝါရီလမှာ မိတ်ဆက်လိုက်တဲ့ iOS 18.4 Beta မှာတုန်းက သူတို့အနေနဲ့ Google ရဲ့ Gemini ကို Built-in အဖြစ်ထည့်သွင်းသွားဖို့ပြင်ဆင်နေတယ်လို့ဆိုထားပါတယ်။ လက်ရှိမှာ Apple က သူတို့ရဲ့ iOS မှာ OpenAI ရဲ့ ChatGPT ကိုအသုံးပြုထားတာပါ။

Apple ကုမ္ပဏီအနေနဲ့ အခုလိုမျိုးပြောလာတဲ့အတွက် ဒီနှစ်အတွင်းမှာဖြန့်ချိသွားမယ့် iOS 19 မှာ Gemini ကိုလည်း Built-in အဖြစ်ထည့်သွင်းလာနိုင်ဖွယ်ရှိတယ်လို့ Google ရဲ့အလုပ်အမှုဆောင်အရာရှိချုပ်က မျှော်လင့်နေတယ်လို့ဆိုထားပါတယ်။

လက်ရှိမှာဆိုရင် Google က ဒီကိစ္စနဲ့ပတ်သက်ပြီး Apple နဲ့ပြောဆိုဆွေးနွေးမှုတွေလုပ်နေတဲ့အကြောင်းနဲ့ ကုမ္ပဏီနှစ်ခုကြားသဘောတူညီချက်ဟာ ဒီနှစ်လယ်လောက်မှာရရှိနိုင်တယ်လို့ Google ဘက်ကပြောထားပါတယ်။ Ref: GA

K.H

## Samsung Galaxy S25 Edge ရဲ့ ကင်မရာအချက်အလက်ထွက်ပေါ်




Samsung ကုမ္ပဏီက မကြာမီထုတ်လုပ်သွားမယ့် Galaxy S25 Edge ရဲ့ ကင်မရာပိုင်းဆိုင်ရာအချက်အလက်များက ထွက်ပေါ်လာပါတယ်။ သူ့ရဲ့ပင်မကင်မရာက ထွက်ပေါ်ထားတဲ့ကောလာဟလတွေအတိုင်းပဲ Galaxy S25 Ultra မှာအသုံးပြုထားတဲ့ 200MP ရှိမယ်လို့ဆိုပါတယ်။ ဒါ့အပြင် မြင်ကွင်းကျယ်ပုံရိပ်အတွက် ကင်မရာက 12MP ရှိမယ်လို့ဆိုပါတယ်။

ထွက်ပေါ်လာတဲ့ကင်မရာပိုင်းဆိုင်ရာအချက်အလက်တွေအရဆိုရင်တော့ Galaxy S25 Ultra ထက် အနည်းငယ်နိမ့်ကျမှုရှိနေတယ်လို့ယူဆရပါတယ်။ ဒါပေမဲ့ ကိုယ်ထည်ပိုင်းမှာ ပါးလွှာမှုကတော့ တော်တော်လေးပါးတယ်လို့ဆိုနိုင်ပါတယ်။

နောက်ထပ်ထွက်ပေါ်လာတဲ့ အချက်အလက်တွေအရဆိုရင်လည်း Galaxy S25 Edge ကို မေလ ၁၃ ရက်မှာထုတ်ဖော်ကြေညာပြီး မေလ ၂၃ ရက်မှာ တောင်ကိုရီးယားနဲ့တရုတ်နိုင်ငံတို့မှာ ဖြန့်ချိသွားနိုင်ကာ မေလ ၃၀ ရက်မှာတော့ ကမ္ဘာတစ်ဝန်းဖြန့်ချိမယ်လို့ဆိုပါတယ်။ Ref: GA

K.H

## မျက်နှာပြင်ကြီးကြီး၊ ဘက်ထရီပမာဏများများနဲ့ထွက်ပေါ်လာနိုင်တဲ့ Xiaomi 16

Xiaomi ကုမ္ပဏီက Xiaomi 16 ဆိုတဲ့ ဖုန်းကို ဒီနှစ်အတွင်းမှာ ထုတ်လုပ်ဖြန့်ချိသွားမှာဖြစ်ပါတယ်။ မတ်လအတွင်းက ထွက်ပေါ်ထားတဲ့သတင်းစကားတွေအရဆိုရင် သူ့ရဲ့မျက်နှာပြင်အရွယ်အစားက ၆ ဒသမ ၃၆ လက်မအထိရှိနိုင်တယ်လို့ဆိုပါတယ်။



ဒါပေမဲ့ မကြာသေးမီကထွက်ပေါ်လာတဲ့သတင်းစကားတွေအရဆိုရင်တော့ သူ့ရဲ့မျက်နှာပြင်ဟာ ၆ ဒသမ ၃ လက်မဝန်းကျင်မှာရှိမယ်လို့ ဆိုထားကြပြန်ပါတယ်။ သို့သော်လည်း အလွန်ပါးလွှန်းတဲ့ဘောင်တွေနဲ့ မျက်စိကကွယ်နိုင်မှုလုပ်ဆောင်ချက်တို့ ပါဝင်လာနိုင်ပါတယ်။

သူ့ရဲ့ကိုယ်ထည်က ပါးလွှာပေမယ့် ဘက်ထရီပိုင်းမှာဆိုရင်လည်း မမျှော်မှန်းနိုင်လောက်တဲ့ ဘက်ထရီစွမ်းအင်ပမာဏများများနဲ့ ထွက်ပေါ်လာနိုင်ခြေရှိတယ်လို့ ဆိုထားပါတယ်။ Ref: GA

K.H

# အိန္ဒိယက ပါကစ္စတန်နှင့်ပတ်သက်သောလေယာဉ်များအားလုံးကို ဝေဟင်အသုံးပြုခွင့်တားမြစ်

**နယူးဒေလီ၊ ဆက်ဆံရေး**

အိန္ဒိယနိုင်ငံက ပါကစ္စတန်နိုင်ငံနှင့်ပတ်သက်သော လေယာဉ်များကို ဝေဟင်အသုံး ပြုခွင့်တားမြစ်ကြောင်း ထုတ်ပြန်လိုက်သည်။ အဆိုပါလေယာဉ်များတွင် စစ်သုံး လေယာဉ်များလည်းပါဝင်သည်။ ယခုကဲ့သို့ ပါကစ္စတန်နိုင်ငံအတွက် ဝေဟင်ကို အသုံးပြုခွင့်တားမြစ်ခြင်းသည် ပြီးခဲ့သည့် သီတင်းပတ်တွင် ပါကစ္စတန်အစိုးရက အိန္ဒိယနိုင်ငံမှ လေယာဉ်များအတွက် ဝေဟင်အသုံးပြုခွင့်ကို တားမြစ်ပြီးနောက် လက်တုံ့ပြန်သည့်အနေဖြင့် လုပ်ဆောင်ခြင်းဖြစ်သည်။

တစ်ချိန်တည်းမှာပင် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးက ပါဟယ်ဂမ်အကြမ်းဖက်တိုက်ခိုက်မှုကိုနောက်ကွယ်မှစီစဉ်သူများ၊ ကျူးလွန်သူများအနေဖြင့် တရားဥပဒေနှင့် အညီအပြစ်ပေးခံရမည်ဖြစ်ကြောင်း မေလ ၁ ရက်တွင်ပြောထားသည်။

အိန္ဒိယနိုင်ငံကထိန်းချုပ်ထားသည့် ကက်ရှမီးယားဒေသရှိ ပါဟယ်ဂမ်မြို့၌ စစ်သွေးကြွများက ခရီးသွားပြည်သူများကိုအကြမ်းဖက်တိုက်ခိုက်မှုကြောင့် လူ ၂၆ ဦးသေဆုံးပြီးနောက် အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့ကြား တင်းမာမှုများ မြင့်တက်လာခြင်းဖြစ်သည်။

အဆိုပါအကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် နယ်စပ်ရှိထိန်းချုပ်မျဉ်းတစ်လျှောက်၌ အိန္ဒိယနှင့်ပါကစ္စတန်စစ်သည်များကြား အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားရာ ယခုအခါသီတင်းပတ်တစ်ပတ်ရှိလာပြီဖြစ်သည်။ ယင်းပစ်ခတ်မှုများတွင် ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင်းနှင့်ထိုပစ်ခတ်မှုများကို ပါကစ္စတန်ဘက်က စတင်ခြင်းဖြစ်ကြောင်း အိန္ဒိယဘက်က ထုတ်ပြန်ထားသည်။ **Ref: RT, AGC**




# ယူကရိန်းက ရုရှားသို့နယ်မြေများပေးရန်ဆန္ဒရှိဟု ထရမ့်ကိုယ်စားလှယ်ပြော

**ဝါရှင်တန်၊ နိုင်ငံရေး**

ယူကရိန်းက ရုရှားနိုင်ငံသို့ နယ်မြေများကိုပေးရန်ဆန္ဒရှိနေသည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အထူးကိုယ်စားလှယ် ကိပ်ကဲလော့ကပြောကြောင်းသိရသည်။

ယူကရိန်းအစိုးရအနေဖြင့် ရုရှားနိုင်ငံကထိန်းချုပ်ထားသော ခရိုင်းမီးယားဒေသအပါအဝင် အခြားသောဒေသလေးခုကိုပါ ရုရှားနိုင်ငံပိုင်အဖြစ် သဘောထားပေးလိုကြောင်း၊ သို့သော် တရားဝင်ထုတ်ပြန်မှုကိုမူလုပ်ဆောင်မည်မဟုတ်ကြောင်း ကိပ်ကဲလော့ကဆက်ပြောသည်။

ထို့ပြင် ရုရှားထိန်းချုပ်ထားသောနယ်မြေများကို ယူကရိန်းကစွန့်လွှတ်ကြောင်း ရုရှား၏တောင်းဆိုချက်အပေါ် အမေရိကန်ကလက်ခံနိုင်ခြင်းရှိ၊ မရှိနှင့်ပတ်သက်၍ Fox News သတင်းဌာနကမေးမြန်းရာ ၎င်းတို့အနေဖြင့်လက်ခံနိုင်ကြောင်း ကိပ်ကဲလော့ကပြောသည်ဟု သတင်းဌာနက ဖော်ပြထားသည်။

ထို့ပြင် ယူကရိန်းဘက်က လက်ရှိရုရှားထိန်းချုပ်ခံနယ်မြေများတွင် ရုရှားကိုနေရာယူစေပြီး အပစ်အခတ်ရပ်စဲရေးကိုအလိုရှိနေကြောင်း ၎င်းကပြောသည်။ **Ref: RT**



# နယူးဇီလန်၌ ရာသီဥတုဆိုးဝါးမှုကြောင့် အရေးပေါ်အခြေအနေကြေညာ

**ဝယ်လင်တန်၊ ရာသီဥတု**

နယူးဇီလန်နိုင်ငံရှိဒေသအချို့၌ ရာသီဥတုဆိုးဝါးမှုကြောင့် မေလ ၁ ရက်မှစ၍ အရေးပေါ်အခြေအနေကြေညာထားလျက်ရှိကြောင်းသိရသည်။

တောင်ကျွန်းဒေသ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့်ရေကြီးမှုများပင်ဖြစ်ပွားလျက်ရှိကြောင်းနှင့် ပြည်သူများမှာလည်း ဘေးကင်းရာသို့ ရွှေ့ပြောင်းနေထိုင်နေရကြောင်း တာဝန်ရှိသူများကပြောသည်။

ထို့ပြင် ခရစ္စချာ့ဒေသ၌ မေလ ၁ ရက်မှစ၍ အရေးပေါ်အခြေအနေအသက်ဝင်လာပြီဖြစ်ကြောင်း အရေးပေါ်စီမံခန့်ခွဲမှုနှင့် ပြန်လည်ထူထောင်ရေးဝန်ကြီး မာ့မစ်ချဲကပြောသည်။

အလားတူ ကန်တာဗျူရီဒေသရှိနေရာအများအပြား၌ ဧပြီလ ၃၀ ရက်မှ မေလ ၁ ရက် နေ့လယ်ပိုင်းအထိ မိုးရေချိန် ၁၀၀ မှ ၁၈၀ မီလီမီတာအထိရှိကြောင်း မိုးလေဝသဌာနကပြောသည်။ ထို့အတူ မိုးလေဝသဌာနသည် အချို့နေရာများ၌လေပြင်းများတိုက်ခတ်နိုင်သည်ဟု သတိပေးချက်ထုတ်ပြန်ထားကြောင်းသိရသည်။

**Ref: Xinhua**

## သတင်းတိုကဏ္ဍ

### ကုန်သွယ်ရေးဆွေးနွေးရန် အမေရိကန်က တရုတ်ကို ဆက်သွယ်လာဟုဆို

အမေရိကန်တာဝန်ရှိသူများက ကုန်သွယ်ရေးကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးရန် တရုတ်အစိုးရကိုဆက်သွယ်လာကြောင်း တာဝန်ရှိသူများ၏ပြောဆိုချက်ကိုကိုးကား၍ တရုတ်နိုင်ငံပိုင်သတင်းဌာနက မေလ ၁ ရက်တွင် ဖော်ပြထားသည်။

အထူးသဖြင့် သွင်းကုန်အခွန်တိုးမြှင့်ကောက်ခံမှုနှင့်ပတ်သက်၍ ဆွေးနွေးရန် လမ်းကြောင်းအမျိုးမျိုးမှနေ၍ ဆက်သွယ်လာခြင်းဖြစ်ကြောင်း CCTV သတင်းဌာနကဖော်ပြထားသည်။

ထို့ပြင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏အစိုးရအဖွဲ့သည် ဖိအားအမျိုးမျိုးနှင့်ရင်ဆိုင်နေရကြောင်း၊ ဆွေးနွေးမှုလုပ်မည့်အခြေအနေတွင် အမေရိကန်ဘက်က စိုးရိမ်ကြောင့်ကြနေသည့်အခြေအနေတွင်ရှိနေကြောင်း အဆိုပါသတင်းဌာနကဆက်လက်ဖော်ပြထားသည်။

အမေရိကန်က တရုတ်နိုင်ငံမှသွင်းကုန်များအပေါ် သွင်းကုန်အခွန် ၁၄၅ ရာခိုင်နှုန်းအထိတိုးမြှင့်ကောက်ခံစဉ် တရုတ်ကလည်း အမေရိကန်မှသွင်းကုန်များအပေါ် အခွန် ၁၂၅ ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံထားသည်။ **Ref: AGC**

### တောင်ကိုရီးယား၏ပို့ကုန်တင်ပို့မှုမြင့်တက်လာ အမေရိကန်သို့တင်ပို့မှုကျဆင်း

ပြီးခဲ့သည့်လအတွင်း တောင်ကိုရီးယားနိုင်ငံက ပြည်ပသို့ပို့ကုန်တင်ပို့မှုပမာဏသည် ယမန်နှစ်နှင့်နှိုင်းယှဉ်ပါက ၃ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်လာကြောင်း၊ ထိုသို့မြင့်တက်လာခြင်းသည် သုံးလဆက်တိုက် ပို့ကုန်တင်ပို့မှုမြင့်တက်ခြင်းဖြစ်ကြောင်း အစိုးရက မေလ ၁ ရက်တွင်ထုတ်ပြန်ထားသည်။

သို့သော် တောင်ကိုရီးယားမှအမေရိကန်သို့ပို့ကုန်တင်ပို့မှုပမာဏမှာမူ သိသိသာသာလျော့ကျလာကြောင်းနှင့် ရာခိုင်နှုန်းအားဖြင့် ၆ ဒသမ ၈ ရာခိုင်နှုန်းအထိရှိကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ပြီးခဲ့သည့်လအတွင်း ပြည်ပသို့ပို့ကုန်တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၈ ဒသမ ၂ ဘီလီယံအထိရှိကြောင်း၊ သွင်းကုန်တင်သွင်းမှုမှာမူ ၂ ဒသမ ၇ ရာခိုင်နှုန်းအထိကျဆင်းပြီး ဒေါ်လာ ၅၃ ဒသမ ၃ ဘီလီယံရှိသောကြောင့် ကုန်သွယ်ရေးပိုငွေအဖြစ် ဒေါ်လာ ၄ ဒသမ ၈၈ ဘီလီယံရရှိထားကြောင်းသိရသည်။ **Ref: YH**

### အမေရိကန်-ယူကရိန်း သတ္တုတွင်းသဘောတူညီချက် နှစ်နိုင်ငံစလုံးအတွက်အကျိုးရှိဟုဆို

အမေရိကန်နိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့ကြား သဘောတူညီချက်ရရှိခဲ့သည့် သတ္တုတွင်းသဘောတူညီချက်သည် နှစ်နိုင်ငံစလုံးအတွက်အကျိုးရှိကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ တမ်မီဘရုက မေလ ၁ ရက်တွင်ပြောသည်။

အဆိုပါသဘောတူညီချက်သည်ပြည့်စုံမှုရှိကြောင်း၊ အကြောင်းရင်းမှာသမ္မတ ဒေါ်နယ်ထရမ့်ကိုယ်တိုင် ၎င်း၏စီးပွားရေးအတွေ့အကြုံအပေါ်အခြေခံ၍ ရေးဆွဲထားခြင်းကြောင့်ဖြစ်ကြောင်း တမ်မီဘရုကဆက်ပြောသည်။

အမေရိကန်နှင့်ယူကရိန်းနိုင်ငံတို့သည် လပေါင်းများစွာကြာ စောင့်စားခဲ့ရသော သတ္တုတွင်းသဘောတူညီချက်ကို ဧပြီလ ၃၀ ရက်တွင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

အဆိုပါသဘောတူစာချုပ်ပါအချက်အလက်များကို အပြည့်အစုံဖော်ပြထားခြင်းမရှိသော်လည်း ယူကရိန်းနိုင်ငံကသာ ယင်းနိုင်ငံ၏သယံဇာတများကိုပိုင်ဆိုင်သူဖြစ်ကြောင်းဖော်ပြထားသည်ဟုသိရသည်။

**Ref: RT**

### ဖိလစ်ပိုင်၌ဖြစ်ပွားသည့် ယာဉ်ငါးစီးဆင့်တိုက်မှုအတွင်း ၁၂ ဦးသေဆုံးပြီး ၃၀ ဒဏ်ရာရ

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့မြောက်ပိုင်း၌မေလ ၁ ရက်မွန်းလွဲပိုင်းတွင် မော်တော်ယာဉ်ငါးစီးဆင့်တိုက်မှုဖြစ်ပွားရာ ကလေးငယ်ခြောက်ဦးအပါအဝင် လူ ၁၂ ဦးသေဆုံးပြီး အနည်းဆုံးလူအယောက် ၃၀ ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများကထုတ်ပြန်ထားသည်။

အဆိုပါယာဉ်တိုက်မှုသည် မွန်းလွဲ ၁၂ နာရီ ၈ မိနစ်တွင်ဖြစ်ပွားခြင်းဖြစ်ကြောင်း၊ ထိုယာဉ်တိုက်မှု၌ ခရီးသည်တင်ဘတ်စကားတစ်စီး၊ SUV ကားသုံးစီးနှင့် ကုန်သေတ္တာတင်ယာဉ်တစ်စီးတို့ပါဝင်ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှတာဝန်ရှိသူတစ်ဦးကပြောသည်။

ယာဉ်တိုက်မှုဖြစ်ပွားရာနေရာသည် တိုးဂိတ်တစ်ခု၌ဖြစ်ပြီး ဘတ်စကားရှေ့ရှိယာဉ်လေးစီးက လမ်းအသုံးပြုခပေးရန် စောင့်ဆိုင်းနေစဉ် ထိုဘတ်စကားကအရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်မိခြင်းဖြစ်ကြောင်း တာဝန်ရှိသူကဆက်ပြောသည်။ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များက ဒဏ်ရာရရှိသူများကိုဆေးရုံသို့ခေါ်ဆောင်သွားပြီး ရဲတပ်ဖွဲ့က ဘတ်စကားယာဉ်မောင်းကို ထိန်းသိမ်းထားကြောင်းသိရသည်။ **Ref: Xinhua**

# မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၌ အမျိုးသား ၁ ဦးအား ဇနီးဖြစ်သူမှ ၎င်းနှင့် လူမှုရေးဖောက်ပြန်နေသည့်အမျိုးသားနှင့် ပူးပေါင်းလုပ်ကြံသတ်ဖြတ်ခဲ့မှုအား ဖော်ထုတ်ဖမ်းဆီး

နေပြည်တော်   မေ   ၁

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၌ ဧပြီလ ၂၇ ရက်နေ့ကဖြစ်ပွားခဲ့သည့် ခင်ပွန်းဖြစ်သူအား ဇနီးဖြစ်သူမှ ၎င်းနှင့်လူမှုရေးဖောက်ပြန်နေသည့် အမျိုးသားနှင့်ပူးပေါင်း၍ လုပ်ကြံသတ်ဖြတ်ခဲ့မှုအား ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီလ ၂၇ ရက်နေ့ နံနက် ၁၁ နာရီတွင် မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ ၃၇ x ၃၈ လမ်းကြား၊ သင်္ဂဇာပတ်လမ်း (အနောက်)ရှိ Happy Like လက်ဖက်ရည်ဆိုင်ပိုင်ရှင်ဖြစ်သူ ဦးအောင်နေမျိုး (၅၀)နှစ်သည် လက်ဖက်ရည်ဆိုင်အိပ်ခန်းအတွင်း ကျည်ထိမှန်ဒဏ်ရာများဖြင့် အသတ်ခံထားရကြောင်း ၎င်း၏ဇနီးဖြစ်သူ ဒေါ်ရွှေစင်ဝင်း၏ ဖုန်းဆက်အကြောင်းကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဦးအောင်နေမျိုးအား လက်ဖက်ရည်ဆိုင်အိပ်ခန်းအတွင်း ခုတင်ပေါ်၌ ယာနားထင်မှကျည်ဖောက်ဝင်ပြီး ဝဲနားထင်ကျည်ဖောက်ထွက်ဒဏ်ရာ ၁ ချက်၊ ဝမ်းဗိုက်၌ ထိုးသွင်းဒဏ်ရာ ၂ ချက်တို့ဖြင့် သေဆုံးနေပြီး အခင်းဖြစ်နေရာမှ Thai Arms 9mm စာတန်းပါ ကျည်ခွံ ၁ ခု သိမ်းဆည်းရရှိခဲ့သဖြင့် ပြစ်မှုကျူးလွန်သူတရားခံအား ဖော်ထုတ်ဖမ်းဆီးရရှိနိုင်ရေး အမှတ်(၇)နယ်မြေရဲစခန်း (ပ)၅၀/၂၀၂၅။ ရာဇသတ်ကြီးပုဒ်မ-၃၀၂ ဖြင့် အမှုဖွင့်စုံစမ်းခဲ့ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ် အမှတ်(၇)နယ်မြေရဲစခန်း(ပ)၅၀/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ အမှုမှ ပြစ်မှုကျူးလွန်သူများနှင့်သိမ်းဆည်းရမိသည့်သက်သေခံပစ္စည်းများ၏မှတ်တမ်းဓာတ်ပုံ။





တရားခံ(ဝဲမှယာ) ဇော်ဖြိုးအောင် (၃၃)နှစ်၊ (ဘ) ဦးစံမြင့်၊ ဒေါ်ရွှေစင်ဝင်း(၃၅)နှစ် (ဘ) ဦးလှဝင်း




အမှုမှပြစ်မှုကျူးလွန်သူများအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးနိုင်ရေး အတွက် အထူးအမှုစစ်အဖွဲ့ ဖွဲ့၍ အခင်းဖြစ်ရပ်စစ်ဆေးခြင်း၊ သက်သေများ စစ်ဆေးခြင်း၊ မသင်္ကာတရားခံများစုံစမ်းရှာဖွေခြင်းများအား အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ခဲ့ရာ သေဆုံးသူ ဦးအောင်နေမျိုး၏ဇနီး ဒေါ်ရွှေစင်ဝင်းမှာ မသင်္ကာဖွယ်အမူအရာပျက်ယွင်းနေသဖြင့် ၎င်းအား အသေးစိတ်စစ်ဆေးခဲ့ရာ ခင်ပွန်းဖြစ်သူမှာ ၎င်းအား အမျိုးမျိုးညှဉ်းပန်းနှိပ်စက်သည့်အပြင် အတူနေ၎င်း၏ညီအစ်ကိုမောင်နှမများအား နေအိမ်မှ အကြိမ်ကြိမ်မောင်းချသဖြင့် စိတ်နာကြည်းခဲ့ကြောင်း၊

လွန်ခဲ့သော(၁)နှစ်ကျော်က Tik Tok အသုံးပြုရာမှ ၎င်းနှင့် ချစ်ကြိုက်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး၊ သီရိမင်္ဂလာဈေးအတွင်း ကုန်စိမ်းရောင်းချသူ ဇော်ဖြိုးအောင် (၃၃)နှစ်အား မန္တလေးမြို့သို့ခေါ်ဆောင်၍ အတူနေထိုင်ခဲ့ကြောင်း၊ လွန်ခဲ့သော ၁ လကျော်မှစတင်၍ မန္တလေးမြို့သို့ ဇော်ဖြိုးအောင်ရောက်ရှိလာသည့်အခါ ၎င်းတို့ ၂ ဦး အတူနေထိုင်ရန်အတွက် အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အုတ်စက်ရပ်၊ အကွက်(၁၃)ရှိ အဆောင် ၁ ဆောင်အား ငှားရမ်းပေး ခဲ့ကြောင်း၊ ဒေါ်ရွှေစင်ဝင်းက ၎င်းအားညှဉ်းပန်းနှိပ်စက်နေသည့်ခင်ပွန်းဖြစ်သူအား လုပ်ကြံသတ်ဖြတ်ပေးရန် ဇော်ဖြိုးအောင်အား လွန်ခဲ့သောရက်အနည်းငယ်က ဖုန်းဖြင့် ဆက်သွယ်ပြောဆိုတိုင်ပင်ခဲ့ကြကြောင်း၊ ဧပြီလ ၂၅ ရက်နေ့ ညနေ ၆ နာရီခန့်တွင် ဇော်ဖြိုးအောင်မှာ ရန်ကုန်မြို့မှမန္တလေးမြို့သို့ ပြန်လည်ရောက်ရှိချိန်တွင် ၎င်းမှ ခင်ပွန်းဖြစ်သူအား လုပ်ကြံသတ်ဖြတ်ရန်အတွက် လာရောက်ရမည့်အချိန်နှင့် ခင်ပွန်းဖြစ်သူအိပ်သည့်နေရာတို့အား အသေးစိတ် ထပ်မံရှင်းလင်းပြောပြခဲ့ကြောင်း၊ ဧပြီလ ၂၇ ရက်နေ့ နံနက်ပိုင်းတွင် ဇော်ဖြိုးအောင်မှ ဦးအောင်နေမျိုး အိပ်သည့်အခန်းအတွင်းဝင်ရောက်ကာ သေနတ်ဖြင့်လုပ်ကြံပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ဝန်ခံထွက်ဆိုခဲ့သဖြင့် ဇော်ဖြိုးအောင်နေထိုင်ရန် ၎င်းငှားရမ်းပေးထားသည့် အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အုတ်စက်ရပ်၊ အကွက်(၁၃)ရှိအဆောင်အား ဝင်ရောက်ရှာဖွေခဲ့ရာ အဆိုပါအခန်းအတွင်းမှ လုပ်ကြံသတ်ဖြတ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် SIGSAUER အမျိုးအစား 9mm ပစ္စတိုသေနတ် ၁ လက်၊ ကျည်အိမ် ၂ ခု၊ ၎င်းကျည် ၂၈ တောင့်နှင့် Scoopy ဆိုင်ကယ် ၁ စီး တို့အား သိမ်းဆည်းရမိခဲ့ပြီး တရားခံ ဇော်ဖြိုးအောင်မှာ ၎င်း၏ဇာတိဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး၊ မော်ကျွန်းမြို့နယ်၊ တံခွန်တိုင်ကျုံဝါးကျေးရွာသို့ ထွက်ပြေးတိမ်းရှောင်နေကြောင်း ထပ်မံစုံစမ်းဖော်ထုတ်သိရှိရသဖြင့် ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ မေလ ၁ ရက်နေ့ နံနက်ပိုင်းတွင် တရားခံ ဇော်ဖြိုးအောင် (၃၃)နှစ် (ဘ)ဦးစံမြင့်အား တံခွန်တိုင်ကျုံဝါးကျေးရွာ၌ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် ခင်ပွန်းဖြစ်သူအား ဇနီးဖြစ်သူမှ ၎င်းနှင့်လူမှုရေးဖောက်ပြန်နေသည့်အမျိုးသားနှင့်ပူးပေါင်းကာ လုပ်ကြံသတ်ဖြတ်၍ လိမ်လည်သတင်းပေးတိုင်တန်းခဲ့မှုအား လုံခြုံရေး တပ်ဖွဲ့ဝင်များက အသေးစိတ်စစ်ဆေးဖော်ထုတ်နိုင်ခဲ့ပြီး ဖမ်းဆီးရမိသူ တရားခံများဖြစ်သည့်ရွှေစင်ဝင်းနှင့် ဇော်ဖြိုးအောင်တို့ ၂ ဦးအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (၁၀၀)

# မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၌ အငြိမ်းစားပါမောက္ခအမျိုးသမီး ၁ ဦးအား သတ်ဖြတ်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသား ၁ ဦးအား ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော်   မေ   ၁

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၌ ဧပြီလ ၂၇ ရက်နေ့က အငြိမ်းစားပါမောက္ခ အမျိုးသမီး ၁ ဦးအား သတ်ဖြတ်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသား ၁ ဦးအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။





ပုသိမ်ကြီးမြို့မရဲစခန်း(ပ) ၇၈/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ-၃၀၂ အမှုမှ ပြစ်မှုကျူးလွန်သူတရားခံနှင့် ပြန်လည်သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများ၏မှတ်တမ်းဓာတ်ပုံ။

ဖြစ်စဉ်မှာ ဧပြီလ ၂၇ ရက်နေ့ နံနက် ၇ နာရီခန့်တွင် ပုသိမ်ကြီးမြို့နယ်၊ ရေထွက်ကျေးရွာရှိ လူနေထိုင်ခြင်းမရှိသည့်နေအိမ်အတွင်း အမျိုးသမီးတစ်ဦးသေဆုံးနေသည်ကိုတွေ့ရှိရကြောင်းသတင်းအရ ပုသိမ်ကြီးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ရေထွက်ကျေးရွာ၊ မြောင်းပေါင်ဘေး၊ လယ်ကွင်းအတွင်း ဆောက်လုပ်ထားပြီး လူနေထိုင်ခြင်းမရှိသည့် တစ်ထပ်တိုက်အတွင်း ဒေါ်ထွေးထွေး(၆၆)နှစ် ပါမောက္ခ (အငြိမ်းစား) (ဘ)ဦးအောင်သန်းအား နဖူးပြတ်ရှဒဏ်ရာဖြင့် မှောက်လျက်အနေအထားဖြင့် သွေးအိုင်အတွင်း သေဆုံးပုပ်ပွနေသည်ကိုတွေ့ရှိရသဖြင့် ပုသိမ်ကြီးမြို့မရဲစခန်း(ပ)၇၈/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ-၃၀၂ ဖြင့် အမှုရေးဖွင့်၍ ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါဖြစ်စဉ်မှ ပြစ်မှုကျူးလွန်သူများအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် တာဝန်ရှိသူများက အထူးအမှုစစ်အဖွဲ့ဖွဲ့စည်းကာ အခင်းဖြစ်ရပ်နှင့် ပတ်ဝန်းကျင်အား အသေးစိတ်စစ်ဆေးခြင်း၊ သေဆုံးသူနှင့် ပတ်သက်သည့်အချက်အလက်များအား စုံစမ်းရှာဖွေခြင်းများ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ခဲ့ရာ သေဆုံးသူ ပါမောက္ခ(အငြိမ်းစား) ဒေါ်ထွေးထွေး အသုံးပြုမောင်းနှင်ခဲ့သည့် MDY-15 7G/xxxx Belta အမျိုးအစား ခဲရောင်မော်တော်ယာဉ်အား အခင်းဖြစ်နေရာအနီးမှ သိမ်းဆည်းရရှိခဲ့ပြီး ဒေါ်ထွေးထွေးမှာ ပုသိမ်ကြီးမြို့နယ်၊ ရေထွက်ကျေးရွာရှိ မင်္ဂလာရန်ကင်းအိမ်ရာ (အငြိမ်းစားအိမ်ရာ)၊ တိုက်အမှတ်(C-16)၊ အခန်းအမှတ်(၄၀၁)တွင် တစ်ဦးတည်းနေထိုင်ပြီး တူတော်စပ်သူ ဦးရဲဝဏ္ဏနှင့်အတူ အိမ်ခြံမြေအရောင်းအဝယ်လုပ်ငန်းအား လုပ်ကိုင်ခဲ့ကြောင်း သိရှိရသဖြင့် ပတ်ဝန်းကျင်သက်သေများအား အသေးစိတ်စစ်ဆေးခဲ့ရာ သက်သေများ၏ ထွက်ဆိုချက်များအရ ဒေါ်ထွေးထွေးမှာ ဧပြီလ ၂၅ ရက်နေ့ နံနက် ၇ နာရီခန့်တွင် နေအိမ်မှတစ်ဦးတည်း ၎င်းပိုင်မော်တော်ယာဉ်ဖြင့် ထွက်ခွာသွားသည်ကိုမြင်တွေ့ရကြောင်း၊ ထိုနေ့ မွန်းလွဲ ၂ နာရီကျော်ခန့်တွင် စိုင်းထွန်းနော်(ခ) ကိုစိုင်း(ခ) ငြိမ်းချမ်းဖြိုး(ခ) ကိုဖြိုးမှ Belta ခဲရောင်မော်တော်ယာဉ်တစ်စီးအားမောင်းပေးရန် ၎င်းနှင့်ခင်မင်ရင်းနှီးသူ တစ်ဦးအား အကူအညီတောင်းခံခဲ့ကြောင်း၊ ၎င်းကားနောက်ခန်းအတွင်းမှ မိန်းမစီးဖိနပ်တစ်ရန်အား ရေကန်အတွင်းသို့ လွှင့်ပစ်သည်ကို မြင်တွေ့ရကြောင်း၊ ညနေ ၃ နာရီ ၁၅ မိနစ်ခန့်တွင် ဒေါ်ထွေးထွေး၏နေအိမ်သို့ ၎င်းနှင့် မြေကွက်အရောင်းအဝယ်ပြုလုပ်နေသူ စိုင်းထွန်းနော် (ခ) ကိုစိုင်း(ခ)ငြိမ်းချမ်းဖြိုး (ခ) ကိုဖြိုး ရောက်ရှိလာပြီး နေအိမ်အတွင်း ဝင်သွားသည်ကို မြင်တွေ့ရကြောင်း စုံစမ်းဖော်ထုတ်သိရှိရသဖြင့် စိုင်းထွန်းနော် (ခ)ကိုစိုင်း(ခ) ငြိမ်းချမ်းဖြိုး(ခ)ကိုဖြိုးအား ဖမ်းဆီးစစ်ဆေးနိုင်ရေးဆောင်ရွက်ခဲ့ရာ ၎င်းမှာ မိသားစုများနှင့်အတူ တောင်ကြီးမြို့သို့ထွက်ခွာသွားကြောင်း ထပ်မံစုံစမ်းသိရှိရသဖြင့် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖမ်းဆီးရမိနိုင်ရေးဆောင်ရွက်ခဲ့ရာ မေလ ၁ ရက်နေ့ နံနက်ပိုင်းတွင် တရားခံ စိုင်းထွန်းနော် (ခ)ကိုစိုင်း(ခ) ငြိမ်းချမ်းဖြိုး(ခ) ကိုဖြိုး ၂၅ နှစ်(ဘ) ဦးစန်းယုအား ဟဲဟိုးမြို့ရှိတည်းခိုခန်းတစ်ခု၌ ပါမောက္ခ (အငြိမ်းစား) ဒေါ်ထွေးထွေးအား သတ်ဖြတ်ပြီး ယူဆောင်ခဲ့သည့် မောင်းကွင်းရွှေလက်စွပ် ၁ ကွင်း၊ ကျောက်ပါရွှေထည်လက်စွပ် ၅ ကွင်း၊ ရွှေကလစ် ၁ ခု၊ ကျောက်ပါရွှေထည်လေ့ကတ်သီး ၂ ခု၊ သံကြိုးပုံရွှေဆွဲကြိုး ၁ ကုံး၊ ကျောက်ပါ ရွှေဆွဲကြိုး ၁ ကုံး၊ ကျောက်ပါရွှေလက်ကောက် ၁ ကွင်း၊ ရွှေကြယ်သီး ၅ လုံး၊ မြေကွက်အရောင်းအဝယ် စာချုပ်/ စာရွက်စာတမ်း ၃၉ စောင်၊ Wave 110 ဆိုင်ကယ် ၁ စီး၊ မြန်မာငွေစက္ကူရောရာ ၂၀၂၀၀၀၀ ကျပ်တို့နှင့်အတူ သိမ်းဆည်းဖမ်းဆီးရမိခဲ့ပါသည်။

တရားခံ စိုင်းထွန်းနော်(ခ) ကိုစိုင်း(ခ) ငြိမ်းချမ်းဖြိုး(ခ) ကိုဖြိုး၏ ထွက်ဆိုချက်အရ ၎င်းနှင့် ပါမောက္ခ(အငြိမ်းစား) ဒေါ်ထွေးထွေးတို့သည် ဧပြီလ ၂၅ ရက်နေ့ နေ့လယ် ၁၂ နာရီခွဲခန့်က ပုသိမ်ကြီးမြို့နယ်၊ ရေထွက်ကျေးရွာနှင့် နှမ်းကြဲကျေးရွာအကြားရှိ ဒေါ်ထွေးထွေးပိုင်ဆိုင်သည့် ခြံကွက်အား အရောင်းအဝယ်ပြုလုပ်ရန်ပြသစဉ် အရောင်းအဝယ်မတည့်သဖြင့် စကားများရာမှ ဒေါ်ထွေးထွေးအား လည်ပင်းညှစ်၍ အုတ်နီခဲဖြင့် ဦးခေါင်းအား ၂ ချက် ထုရိုက်ခဲ့ကာ ၎င်းစီးနင်းလာသည့် MDY-15 7G/xxxx Belta အမျိုးအစား မော်တော်ယာဉ်အတွင်းမှ ရွှေထည်ပစ္စည်းများနှင့် ငွေကျပ်သိန်း ၅၀ တို့အား ယူဆောင်ကာ ထွက်ပြေးတိမ်းရှောင်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် အငြိမ်းစားပါမောက္ခ ဒေါ်ထွေးထွေးအား သတ်ဖြတ်၍ ၎င်းပိုင်ရွှေထည်ပစ္စည်းများနှင့် ငွေကြေးများအားယူဆောင်ကာ ထွက်ပြေးတိမ်းရှောင်ခဲ့သူ စိုင်းထွန်းနော်(ခ) ကိုစိုင်း(ခ) ငြိမ်းချမ်းဖြိုး(ခ) ကိုဖြိုးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ၎င်းအား ဥပဒေနှင့်အညီ ထိရောက်စွာအပြစ်ပေးအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံမှ သတင်းရရှိသည်။ (၁၀၀)

# ကြက်ငှက်တုပ်ကွေးရောဂါ (Avian Influenza or Bird Flu) နှင့် ငှက်ရိုင်းများ၏ အခန်းကဏ္ဍ

ဒေါက်တာခင်စန္ဒာလွင်(မွေး-ကု)

ကြက်ငှက်တုပ်ကွေးရောဂါ (Avian Influenza or Bird Flu) သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှ စောင့်ကြည့်နေသော ရောဂါများစွာထဲမှတစ်ခုဖြစ်ပြီး ဗိုင်းရပ်မျိုးကွဲအလိုက် လူသို့ကူးစက်နိုင်သော ပြည်သူ့ကျန်းမာရေးအန္တရာယ် (Pandemic Risk) ရှိသည့် (က)စာရင်းဝင်ရောဂါဖြစ်သည်။ ကြက်ငှက်တုပ်ကွေးရောဂါသည် ကြက်၊ ဘဲ၊ ငုံး၊ ငန်း၊ ငှက်စသည့် မွေးမြူရေးငှက်များနှင့် အရိုင်းငှက်မျိုးစိတ်များတွင် အဓိကဖြစ်ပွားတတ်သော ဗိုင်းရပ်ရောဂါတစ်မျိုးဖြစ်ပြီး အချို့သောဗိုင်းရပ်မျိုးကွဲများ ( ဥပမာ H5N1, H7N9) သည် လူသို့ကူးစက်နိုင်ကာ ပြင်းထန်သောကျန်းမာရေးပြဿနာများကို ဖြစ်စေနိုင်သည်။

ရေတွင်ကျက်စားလေ့ရှိသော ငှက်ရိုင်းများ (Water Birds) နှင့် ကမ်းခြေနေ ငှက်ရိုင်းများ(Shore Birds)တို့သည် ကြက်ငှက်တုပ်ကွေး (Avian Influenza) ရောဂါပိုးများအား သဘာဝအတိုင်းသယ်ဆောင်နိုင်သည့် လက်ခံကောင်များ (Natural Reservoirs) ဖြစ်သည်။ ထိုငှက်များသည် ရောဂါလက္ခဏာပြခြင်းမရှိဘဲ ဗိုင်းရပ်ပိုးများကိုသယ်ဆောင်နိုင်ပြီး ဆောင်းခိုငှက်များ (Migratory Birds) အဖြစ် နိုင်ငံအချင်းချင်း ရွှေ့ပြောင်းသွားလာမှုများကြောင့် ကြက်ငှက်တုပ်ကွေးရောဂါပျံ့နှံ့မှုကို ဖြစ်စေနိုင်သည်။

**ကြက်ငှက်တုပ်ကွေးရောဂါ၏ အကျိုးသက်ရောက်မှုများ**

**စီးပွားရေးထိခိုက်မှု –** ကြက်ငှက်တုပ်ကွေးရောဂါသည် ကြက်မွေးမြူရေးလုပ်ငန်းကို အကြီးအကျယ်ထိခိုက်စေနိုင်သည့်အပြင် ရောဂါကူးစက်ခံရသော ကြက်ငှက်များကိုသတ်ပစ်ရသဖြင့် စီးပွားရေးဆုံးရှုံးမှုများဖြစ်ပေါ်စေသည်။

**ပြည်သူ့ကျန်းမာရေး –** ကြက်ငှက်တုပ်ကွေးဗိုင်းရပ်သည် လူသို့ကူးစက်နိုင်ပြီး အထူးသဖြင့် H5N1 နှင့် H7N9 ဗိုင်းရပ်များသည် အသက်အန္တရာယ်ရှိသည်အထိ ပြင်းထန်နိုင်သည်။

**ဂေဟစနစ်ထိခိုက်မှု –** ငှက်ရိုင်းများတွင်ရောဂါပြန့်ပွားခြင်းသည် ဂေဟစနစ်ကို များစွာထိခိုက်စေနိုင်သည်။

**ကြက်ငှက်တုပ်ကွေးဗိုင်းရပ်ပိုး၏ မျိုးရင်းနှင့်မျိုးစု**

ကြက်ငှက်တုပ်ကွေးကိုဖြစ်စေသော ဗိုင်းရပ်များသည် Orthomyxoviridae မျိုးရင်းတွင်ပါဝင်ပြီး ဤမျိုးရင်းတွင် လူနှင့်အခြားနို့တိုက်သတ္တဝါများတွင် တုပ်ကွေးရောဂါဖြစ်စေသော ဗိုင်းရပ်များလည်းပါဝင်သည်။ Orthomyxoviridae မျိုးရင်းအတွင်း ကြက်ငှက်တုပ်ကွေးဗိုင်းရပ်များသည် Influenza virus A မျိုးစုတွင်ပါဝင်သည်။

**ရောဂါဖြစ်စေနိုင်စွမ်း**

**ပြင်းထန်သောအမျိုးအစား (HPAI – Highly Pathogenic Avian Influenza)**

HPAI ဗိုင်းရပ်များ အထူးသဖြင့် H5 နှင့် H7 အုပ်စုဝင်ဗိုင်းရပ်များသည် ငှက်များတွင် ပြင်းထန်သောရောဂါလက္ခဏာများနှင့် သေဆုံးနှုန်းမြင့်မားစေနိုင်သည်။

**အားပျော့သောအမျိုးအစား (LPAI – Low Pathogenic Avian Influenza)**

LPAI ဗိုင်းရပ်များသည် ကြက်များတွင် ရောဂါလက္ခဏာသိပ်မပြင်းထန်ဘဲ အသက်ရှူလမ်းကြောင်း၊ အစာခြေလမ်းကြောင်း သို့မဟုတ် မျိုးပွားမှုဆိုင်ရာပြဿနာများ (ဥပမာ – ဥဥနှုန်းကျခြင်း) ကိုသာဖြစ်စေနိုင်သည်။

**ရောဂါလက္ခဏာမပြသောအမျိုးအစား**

အချို့အခြေအနေများတွင် ရောဂါလက္ခဏာလုံးဝမပြဘဲ ဓာတ်ခွဲစစ်ဆေးမှုများဖြင့်သာ ရောဂါကိုဖော်ထုတ်နိုင်သည်။

**လူသို့ကူးစက်နိုင်မှုအခြေအနေများ (Zoonotic Potential)**

အချို့သော ကြက်ငှက်တုပ်ကွေးဗိုင်းရပ်များသည် တိရစ္ဆာန်များမှ လူသို့ကူးစက်နိုင်ပြီး အသက်အန္တရာယ်ရှိသော ရောဂါများဖြစ်စေနိုင်သည်။ ဥပမာအားဖြင့် H5N1 နှင့် H7N9 ကြက်ငှက်တုပ်ကွေးဗိုင်းရပ်များသည် လူသို့ကူးစက်နိုင်ပြီး ပြင်းထန်သော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများဖြစ်စေနိုင်ကာ ပြည်သူ့ကျန်းမာရေးအတွက် ခြိမ်းခြောက်မှုဖြစ်စေနိုင်သည်။ ဗိုင်းရပ်များသည် ဗီဇပြောင်းလဲနိုင်စွမ်းရှိသောကြောင့် လူအချင်းချင်းအလွယ်တကူကူးစက်နိုင်သော ပုံစံသစ်တစ်ခုဖြစ်ပေါ်လာပါက ကမ္ဘာ့ကပ်ရောဂါ (Pandemic) အဖြစ်ပြန့်ပွားနိုင်ပေသည်။

**ကြက်ငှက်တုပ်ကွေးဗိုင်းရပ်၏ မျိုးဗီဇဖွဲ့စည်းပုံ**

ကြက်ငှက်တုပ်ကွေးဗိုင်းရပ်များတွင် အပိုင်းရှစ်ပိုင်းပါဝင်သော negative–sense single–stranded RNA ဗီဇပစ္စည်းပါရှိပြီး ထိုဖွဲ့စည်းပုံသည် ဗိုင်းရပ်၏မျိုးဗီဇပြောင်းလဲနိုင်စွမ်း (High Genetic Variability) ကို အထောက်အကူဖြစ်စေကာ မတူညီသော ဗိုင်းရပ်မျိုးကွဲများ ဖြစ်ပေါ်လာစေနိုင်သည်။ ထိုသို့မတူညီသော ဗိုင်းရပ်များပူးတွဲကူးစက်ပါက ဗီဇအပိုင်းများ ပြန်လည်ပေါင်းစည်းကာ Reassortment ဗိုင်းရပ်အမျိုးအစားအသစ်များဖြစ်ပေါ်နိုင်ပြီး ကပ်ရောဂါအန္တရာယ်ရှိသည်။ Influenza A ဗိုင်းရပ်များကို ၎င်းတို့၏မျက်နှာပြင်ရှိ ဂလိုက်ကိုပရိုတင်းနှစ်မျိုးအပေါ်အခြေခံ၍ Hemagglutinin (H) နှင့် Neuraminidase (N)ဟူ၍ခွဲခြားထားသည်။ HPAI (Highly Pathogenic Avian Influenza) ၏ ထင်ရှားသောမျိုးကွဲများမှာ H5N1, H7N9 စသည်တို့ဖြစ်သည်။

**မြန်မာနိုင်ငံ၏ကြက်မွေးမြူမှုအခြေအနေ**

မြန်မာနိုင်ငံ၏ ကြက်မွေးမြူခြင်းကဏ္ဍကို တစ်နိုင်တစ်ပိုင်မွေးမြူခြင်းနှင့် စီးပွားဖြစ်မွေးမြူခြင်းဟူ၍ နှစ်ပိုင်းခွဲခြားနိုင်သည်။ ကြက်ကိုမြန်မာနိုင်ငံအနှံ့အပြားမွေးမြူကြပြီး တိုင်းဒေသကြီး/ပြည်နယ်အလိုက် အိမ်ထောင်စုများ၏ ၂၄ ရာခိုင်နှုန်းမှ ၈၅ ရာခိုင်နှုန်းအထိ ကြက်မွေးမြူသည်ကိုတွေ့ရသည်။ မြန်မာနိုင်ငံတွင် ဒေသကြက်ကိုအများဆုံးမွေးမြူကြပြီး စုစုပေါင်းကောင်ရေ ၈၈ ဒသမ ၆ သန်း၏ ၄၆ ဒသမ ၇ ရာခိုင်နှုန်းရှိသည်။ တစ်နိုင်တစ်ပိုင် လွတ်ကျောင်းမွေးမြူရေးကိုကြည့်လျှင် အိမ်ထောင်စုအလိုက် မွေးမြူထားသော ပျမ်းမျှဒေသကြက်ကောင်ရေမှာ အိမ်ထောင်စုတစ်စုတွင် ၁၅–၂၀ ကောင်ခန့်ရှိသည်။ အသားစားကြက် ၂၃ ဒသမ ၁၅ ရာခိုင်နှုန်း၊ ဥစားကြက် ၂၁ ဒသမ ၃၅ ရာခိုင်နှုန်း၊ ဒေသဘဲ ၄ ဒသမ ၄၄ ရာခိုင်နှုန်း၊ ဥစားဘဲ ၁ ဒသမ ၇၄ ရာခိုင်နှုန်း၊ ငုံး ၁ ဒသမ ၄၆ ရာခိုင်နှုန်းတို့ဖြစ်ပြီး အသားစားဘဲ၊ ကြက်ဆင်၊ ဘဲငန်းနှင့် မန်ဒါလီတို့ကို ၁ ရာခိုင်နှုန်းအောက်သာ မွေးမြူကြောင်းတွေ့ရှိရသည်။ (တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းအစီရင်ခံစာ ၂၀၂၃ မှ)



ဂရိတ်ကရက်စတက် ရေငှက်များကိုတွေ့ရစဉ်။

**သဘာဝတောရိုင်းငှက်များအခြေအနေ**

မြန်မာနိုင်ငံတွင်သဘာဝဘေးမဲ့တောနှင့်အမျိုးသားဥယျာဉ် ၃၃ ခုရှိသည်။ ဧရိယာအားဖြင့် ၃၁၈၃ စတုရန်းကီလိုမီတာ(၈၂၄၅ စတုရန်းမိုင်)ရှိသည်။ ပျမ်းမျှ ၉၇ စတုရန်းကီလိုမီတာတွင် ၂၅၀ စတုရန်းမိုင် သဘာဝဘေးမဲ့တောတစ်တောရှိသည်။ မြန်မာနိုင်ငံအတွင်း၌တွေ့ရသောကျေးငှက်များတွင် မျိုးတူမျိုးကွဲအားဖြင့် မှတ်တမ်းတင်ထားသော ငှက်မျိုးမှာ ၁၂၄၀ ခန့်ရှိသည်။ ယင်းတို့အနက် ငှက်မျိုး ၂၀၀ ခန့်သည် ဆောင်းရာသီတွင်မှရောက်လာတတ်သည့်ဧည့်သည်ငှက်မျိုးဖြစ်၍ ကျန်ငှက်များကား မြန်မာနိုင်ငံတွင် အမြဲတမ်းနေသောငှက်များဖြစ်၏။ သို့သော်လည်း ထိုသို့အမြဲတမ်းနေသောငှက်များထဲတွင် နိုင်ငံတွင်း၌ တစ်နေရာမှတစ်နေရာသို့ လှည့်လည်သွားလာနေထိုင်တတ်သည့် ငှက်မျိုးများလည်းပါဝင်ပေသေးသည်။ မြန်မာနိုင်ငံ၏တည်နေရာသည် တိုတောင်းသည့်နွေရာသီအတွင်း အစာရေစာမရှားပါးလှသော်လည်း ဆောင်းရာသီအတွင်း အခြေအနေများလွန်ကဲပြင်းထန်လှသည့် အာရှတိုက်မြောက်ပိုင်းနှင့် အလယ်ပိုင်းရှိ ကုန်းမြေထုကြီး၏တောင်ဘက်တွင်ရှိနေသည်။ ထို့ကြောင့် ပိုးမွှားနှင့် ဟင်းသီးဟင်းရွက် အစားအစာပေါများရာ မြန်မာနိုင်ငံအတွင်းသို့ ဆောင်းခိုရန်ငှက်များအုပ်နှင့်ချီ၍ ရောက်လာတတ်သည်။ ထိုသို့လာရောက်ရာတွင် ဇူလိုင်လမှစတင်ကာ တဖြည်းဖြည်းရောက်လာတတ်ပြီးလျှင် စက်တင်ဘာလတွင်ကား အများဆုံးဖြစ်လေသည်။

**ငှက်ရိုင်းများနှင့် ကြက်ငှက်တုပ်ကွေးရောဂါ၏ ဆက်နွှယ်မှု**

ငှက်ရိုင်းများသည် ကြက်ငှက်တုပ်ကွေးရောဂါပြန့်ပွားမှုတွင် အဓိကအခန်းကဏ္ဍမှပါဝင်သောကြောင့် ရောဂါပြန့်ပွားမှုကိုထိန်းချုပ်ရန်အတွက် ငှက်ရိုင်းများကိုစောင့်ကြည့်လေ့လာခြင်းသည် လွန်စွာအရေးကြီးသည်။ ငှက်ရိုင်းများ အထူးသဖြင့် ရေနေငှက်များသည် ကြက်ငှက်တုပ်ကွေးဗိုင်းရပ်၏ သဘာဝအိမ်ရှင်များဖြစ်ပြီး ထိုငှက်ရိုင်းများသည် ဗိုင်းရပ်ကိုသယ်ဆောင်နိုင်ပြီး ရောဂါလက္ခဏာမပြဘဲနေနိုင်သည်။ ရေနေငှက်များ (ရေကြက်၊ စင်ရော်၊ ရေဘဲ၊ ဘဲငန်း) နှင့် ကမ်းခြေနေငှက်များ (ကြိုးကြာ၊ မြစ်တွေး၊ တင်ကျီး၊ ဗျိုင်း) တို့တွင် ပုံမှန်အားဖြင့် ကြက်ငှက်တုပ်ကွေးရောဂါအပျော့စားဗိုင်းရပ်ပိုးများ ခိုအောင်းလျက်ရှိသည်။ ၎င်းတို့ကျက်စားရာဒေသတွင် မွေးမြူရေးဘဲများနှင့်ရောနှော၍ ဗိုင်းရပ်များမျိုးရိုးဗီဇပြောင်းလဲစေသည်၊ ထိုမှတစ်ဆင့် ရောဂါပြင်းထန်သောကြက်ငှက်တုပ်ကွေးရောဂါအသွင်ပြောင်းလဲ၍ မွေးမြူရေးကြက်များအပြင် လူကိုပါကူးစက်၍သေဆုံးနိုင်သည်။ အချို့နိုင်ငံများတွင် ယခင်အခါက လုံးဝဖြစ်ပွားခဲ့ဖူးခြင်းမရှိသေးသည့် ကြက်ငှက်တုပ်ကွေးရောဂါမှာ ယခုအခါတွင် ဆောင်းခိုငှက်များကြောင့် ရောဂါကူးစက်ဖြစ်ပွားကြောင်းတွေ့ရှိရသည် (ဥပမာ – အိုက်စလန်၊ ဖင်လန်၊ နော်ဝေ၊ ကနေဒါ၏ အချို့ဒေသများ)။ ဆောင်းခိုငှက်များ မြန်မာနိုင်ငံသို့လာရောက်ရာတွင် မြန်မာနိုင်ငံရှိ အထင်ကရတည်ရှိသော အင်းအိုင်ကြီးများတွင် နေထိုင်ကျက်စားကြပြီး အချို့မှာ ခေတ္တနားနေကြပြီးနောက် တောင်ဘက်နိုင်ငံများသို့ ဆက်လက်ပျံသန်းပြီး အချို့မှာ ဆောင်းရာသီကုန်ဆုံးသည်အထိ မြန်မာနိုင်ငံတွင်ပင်နေထိုင်ကြသည်။ ဆောင်းခိုငှက်များ ရာသီအလိုက်ရွှေ့ပြောင်းသွားလာသည့်အခါတွင် ကြက်ငှက်တုပ်ကွေးဗိုင်းရပ်ကို တစ်နေရာမှတစ်နေရာသို့ သယ်ဆောင်သွားနိုင်ခြင်းသည် ရောဂါပျံ့နှံ့မှုကိုအားပေးသည့် အဓိကအချက်တစ်ခုဖြစ်သည်၊ သစ်တောဦးစီးဌာန၏စာရင်းများအရ ဆောင်းခိုငှက်များလာရောက်တတ်သော အင်းအိုင်၊ ဆည်မြောင်းနှင့် မြစ်များ၏စာရင်းအရ ၈၈ ခုရှိပြီး အထူးသဖြင့် ၎င်းတို့အနက် ၁၂ ခုမှာ ဆောင်းခိုငှက်များကြောင့် ပိုမိုထင်ရှားကြောင်းသိရှိရသည်။

**ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားရန်အန္တရာယ်ရှိသောဒေသများ**

H5N1 ကြက်ငှက်တုပ်ကွေးဗိုင်းရပ်သည်ငှက်မျိုးစိတ် ၇၅ မျိုးကျော် (ငှက်မျိုးစဉ် ၁၀ ခုအတွင်း) တွင် တွေ့ရှိရသော်လည်း ရေတိမ်ဒေသ (သို့) ရေနေငှက်မျိုးစိတ်များတွင် အဓိကအဖြစ်များသည်။ H5N1 ကူးစက်ခံရသော အရိုင်းငှက်များ၏ ၆၀ ရာခိုင်နှုန်းခန့်သည် ရေတိမ်ဒေသငှက်များဖြစ်ပြီး သေဆုံးမှုနှုန်းမြင့်မားသည်။

ရေတိမ်ဒေသဆိုသည်မှာ ရေချိုနှင့် ပင်လယ်ကမ်းရိုးတန်းဒေသများတွင် အနည်းဆုံးကာလအတိုင်းအတာတစ်ခုအထိ ရေလွှမ်းမိုးနေသော မြေနေရာများကိုဆိုလိုသည်။ သို့သော် ရေတိမ်ဒေသများသည် မြေဆီလွှာအမျိုးအစား၊ ဆားငန်ဓာတ်၊ ရေလွှမ်းမှုအကြိမ်ရေနှင့် သစ်ပင်ပန်းမန်များအပေါ်မူတည်၍ အမျိုးမျိုးကွဲပြားသည်။ သဘာဝရေတိမ်ဒေသများ ဆုံးရှုံးလာခြင်းနှင့်အတူ လူသားတို့ဖန်တီးထားသော ရေတိမ်ဒေသများ (ဥပမာ–ရေလှောင်ကန်၊ ဆားအိုင်များ၊ စပါးစိုက်ခင်းများ၊ မွေးမြူရေးကန်များ) သည်လည်း

စာမျက်နှာ ၂၆ သို့ ◆

◆ **စာမျက်နှာ ၂၅ မှအဆက်**

ငှက်များ၏ အဓိကနေထိုင်ရာနေရာများ ဖြစ်လာသည်။ သဘာဝရေတိမ်ဒေသများဆုံးရှုံးလာခြင်းနှင့် စပါးစိုက်ခင်းများပြောင်းလဲခြင်းတို့ကြောင့် ရေငှက်များသည် နေရာကျဉ်းကျဉ်းတွင် ပိုမိုစုဝေးလာရသည်။ ဤသို့သိပ်သည်းစွာစုဝေးမှုသည် H5N1 အပါအဝင် ဗိုင်းရပ်များကူးစက်မှုအန္တရာယ်ကိုမြင့်တက်စေသည်။ မွေးမြူရေးကြက်များ သိပ်သည်းစွာမွေးမြူထားသောဒေသများနှင့် အင်းအိုင်ချောင်းမြောင်းဒေသများ (ငှက်ရိုင်းနှင့် မွေးမြူရေးကြက်များ အလွယ်တကူရောယှက်နိုင်သည့်ဒေသများ)တွင်လည်း ကြက်ငှက်တုပ်ကွေးရောဂါဗိုင်းရပ်များ အလွယ်တကူကူးစက်နိုင်သည်။

**ကြက်ငှက်တုပ်ကွေးရောဂါပိုးသယ်ဆောင်နိုင်သောငှက်များ**

ရေဝမ်းဘဲ၊ တစီးမှုတ်၊ ဆက်ရက်၊ တင်ကျီး၊ အော်ရော၊ ငန်း၊ ဗျိုင်း၊ ဗျိုင်းအောက်၊ ဘဲငန်း၊ ငှက်ကျား၊ ဘဲကျား၊ ဘဲတောင်ကျား၊ ခရုစုတ်၊ ဘဲရစ်၊ ရေကြက်ဒုံ၊ သဘော်ရေကြက်၊ စင်ရော်ခေါင်းမည်း၊ စွန်၊ လင်းတ၊ သိမ်းငှက်တို့ဖြစ်သည်။

**ငှက်ရိုင်းများတွင်တွေ့ရှိရသော ကြက်ငှက်တုပ်ကွေးရောဂါလက္ခဏာများ**

- ရုတ်တရက်သေဆုံးခြင်း။
- ဝမ်းကျဲကျဲသွားခြင်း။
- နှာချေခြင်း။
- အကြောင်းတစ်စုံတစ်ရာမရှိဘဲပိန်ချုံးနေခြင်း။
- ကိုယ်ခန္ဓာအရေပြားအောက်တွင် သွေးယိုစီးမှုများဖြစ်ပေါ်ခြင်း။
- ပါးစပ်၊ နှာခေါင်း၊ နားရွက်နှင့် စအိုဝများမှ အရည်များယိုစီးနေခြင်း။
- ဦးခေါင်းရောင်ရမ်းခြင်း။ (မျက်စိအပါအဝင်)
- အတောင်ပြန့်ကားနေခြင်း၊ သွေးယိုစီးခြင်း။
- အမူအကျင့်ပုံမှန်မဟုတ်ခြင်း။ (မတ်တတ်မရပ်နိုင်ခြင်း၊ လမ်းမလျှောက်နိုင်ခြင်းနှင့် မပျံသန်းနိုင်ခြင်း)
- ငှက်ရိုင်းများ အစုလိုက်အပြုံလိုက်နှင့် တစ်စုစီသေဆုံးခြင်း။

အထက်ဖော်ပြပါလက္ခဏာများကိုတွေ့ရှိရပါက သက်ဆိုင်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ အကြောင်းကြားရန်လိုအပ်သည်။

**ငှက်ရိုင်းများမှတစ်ဆင့် ကြက်ငှက်တုပ်ကွေးရောဂါမဖြစ်ပွားစေရန် သတိပြုရမည့်အချက်များ**

- ငှက်ရိုင်းများကျက်စားသော ဒေသဝန်းကျင်တွင် မွေးမြူရေးဘဲနှင့်ကြက်များ မမွေးမြူစေခြင်း။
- ငှက်ရိုင်းများကျက်စားသောဒေသတွင်းရှိ ရေကန်များမှရေကို မွေးမြူရေးကြက်များအား မတိုက်ကျွေးစေခြင်း။
- ငှက်ရိုင်းနှင့်မွေးမြူရေးကြက်များ ထိတွေ့မှုမရှိစေခြင်း။
- ကြက်မွေးမြူရေးခြံမှ ထွက်ရှိလာသော အညစ်အကြေးများကို ငှက်ရိုင်းများ ကျက်စားရာရေအိုင်များသို့ မစွန့်ပစ်ရခြင်း။
- ငှက်ရိုင်းများကို စိုက်ပျိုးရေးဒေသများသို့မဝင်ရောက်စေခြင်း။
- ကြက်၊ ဘဲမွေးမြူရေးသမားများအနေနှင့် ကြက်ငှက်တုပ်ကွေးရောဂါကို ငှက်ရိုင်းများမှ မကူးစက်နိုင်စေရန် ကျန်းမာသန့်ရှင်းမှုနှင့် ဇီဝလုံခြုံရေးဆိုင်ရာအဆင့်အတန်းများကို ခြံများတွင် မြှင့်တင်ထားရှိရမည့်အပြင် ကြက်နှင့်ဘဲများ သယ်ဆောင်ရာတွင် ဘေးကင်းလုံခြုံမှုကိုဂရုပြုရမည်။
- ငှက်ရိုင်းများ ကျက်စားသောနေရာနှင့် နားနေသောနေရာများမှ ကြက်၊ ဘဲ လွှတ်ကျောင်းခြင်းကိုရှောင်ကြဉ်ရမည်။
- လွှတ်ကျောင်းစနစ်ဖြင့်မွေးမြူထားသော ဒေသကြက်များကို ခြံလှောင်စနစ်ဖြင့် မွေးမြူရန် လူထုပညာပေးရေးလုပ်ငန်းများကို လုပ်ဆောင်ခြင်း။
- ရောဂါစမ်းသပ်ရန်အတွက် သေနေသော ငှက်ရိုင်းနှင့် နာနေသောငှက်ရိုင်းများကို ယူဆောင်၍ သက်ဆိုင်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ပေးပို့ခြင်း။

အချုပ်အားဖြင့်ဆိုသော် **ကြက်ငှက်တုပ်ကွေးရောဂါသည် တိရစ္ဆာန်များအကြား ကူးစက်မှုမြင့်မားပြီး လူသားများအတွက် အန္တရာယ်ရှိနိုင်သောကြောင့် သတိထားကာကွယ်ရန် အရေးကြီးသည်။ ကြက်ငှက်တုပ်ကွေးရောဂါသည် ကမ္ဘာတစ်ဝန်းရှိ ကြက်မွေးမြူရေးလုပ်ငန်းများနှင့် ဂေဟစနစ်အတွက် ကြီးမားသောစိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး ငှက်ရိုင်းများ (Wild Birds) သည် ဤရောဂါပျံ့နှံ့မှုတွင် အဓိကသယ်ဆောင်သူများအဖြစ်ပါဝင်နေသည်။ ထို့ကြောင့် ငှက်ရိုင်းများ၏ အခန်းကဏ္ဍကိုနားလည်ခြင်းသည် ရောဂါကာကွယ်ရေးနှင့်ထိန်းချုပ်ရေးအတွက် အရေးကြီးသည်။ H5N1၊ H7N9 အပါအဝင် အချို့သောကြက်ငှက်တုပ်ကွေးဗိုင်းရပ်များသည် ငှက်ရိုင်းများ၏ သဘာဝကျက်စားရာဒေသမှတစ်ဆင့် မွေးမြူရေးကြက်များသို့ကူးစက်ပျံ့နှံ့ကာ လူသားများအတွက်ပါ ကြီးမားသောကျန်းမာရေးအန္တရာယ်ဖြစ်စေနိုင်သည်။** ငှက်ရိုင်းများသည် ဂေဟစနစ်၏ အရေးပါသောအစိတ်အပိုင်းဖြစ်သော်လည်း ၎င်းတို့မှတစ်ဆင့် ကူးစက်နိုင်သောရောဂါများကို ထိရောက်စွာစီမံခန့်ခွဲရန်အရေးကြီးသည်။ ၂၀၂၅ ခုနှစ်အတွင်း ဖိလစ်ပိုင်၊ အိန္ဒိယ၊ ကမ္ဘောဒီးယား၊ တောင်ကိုရီးယားနှင့် ထိုင်ဝမ်တို့အပါအဝင် အာရှ-ပစိဖိတ်ဒေသရှိနိုင်ငံအချို့တွင် အပြင်းစားကြက်ငှက်တုပ်ကွေးရောဂါ (HPAI) ဖြစ်ပွားမှုအသစ်များရှိခဲ့ကြောင်း ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (WOAH)၊ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) သို့ သတင်းပို့ခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်လည်း ၂၀၂၅ ခုနှစ် မတ်လ ၁၃ ရက်တွင် ကြက်ငှက်တုပ်ကွေး(HPAI) ရောဂါကူးစက်မှုများဖြစ်ပွားနေသဖြင့် အိမ်နီးချင်းနိုင်ငံများအနေဖြင့် သတိထားကြိုတင်ကာကွယ်ရန်လိုအပ်သည်။

ဤဖြစ်စဉ်များသည် ကြက်မွေးမြူရေးလုပ်ငန်းအတွက် ကြုံတွေ့နေရဆဲဖြစ်သော ကြီးမားသည့်ခြိမ်းခြောက်မှုများကို ထင်ဟပ်ပြနေပြီး ပိုမိုထိရောက်သောကြိုတင်စောင့်ကြည့်ရေးစနစ်များနှင့် ဇီဝလုံခြုံရေးဆိုင်ရာ ကာကွယ်မှုများချမှတ်ဆောင်ရွက်ရန် အရေးတကြီးလိုအပ်နေကြောင်းသတိပေးနေသည်။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ရေးအား အမျိုးသားအဆင့် ငှက်ရိုင်းဆိုင်ရာ စူးစမ်းလေ့လာရေး (Wild Bird Surveillance) အပါအဝင် မွေးမြူရေးခြံများတွင် ကာကွယ်ထိန်းချုပ်ခြင်း၊ ဇီဝလုံခြုံရေးစည်းမျဉ်းများအား ချမှတ်ခြင်း၊ ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ရေးအစီအမံများကိုမွမ်းမံခြင်း၊ ပြည်သူလူထုအား ကြက်ငှက်တုပ်ကွေးရောဂါ၏ အန္တရာယ်နှင့် ကာကွယ်နည်းများကို ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးခြင်းများဖြင့် ဆောင်ရွက်လျက်ရှိရာ အိမ်နီးချင်းနိုင်ငံများမှကူးစက်နိုင်သော ကြက်ငှက်တုပ်ကွေးရောဂါ၏ ခြိမ်းခြောက်မှုကို သိသာစွာလျှော့ချနိုင်မည်ဖြစ်ပြီး မွေးမြူရေးလုပ်ငန်းများ၏စီးပွားရေး၊ တောရိုင်းတိရစ္ဆာန်မျိုးစိတ်များနှင့် ပြည်သူလူထုကျန်းမာရေးကို ကာကွယ်နိုင်မည်ဖြစ်ကြောင်းနှင့် ပြည်သူလူထုအနေဖြင့်လည်း ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတိပြုကာကွယ်မှုများပြုလုပ်ရန်လိုအပ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

# နေပြည်တော်အတွင်းငလျင်ဒဏ်သင့်ဝန်ထမ်းအိမ်ရာများသို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကြက်သား၊ ကြက်ဥနှင့်ဘဲဥများ သက်သာသောဈေးနှုန်းဖြင့် လှည့်လည်ရောင်းချ



နေပြည်တော် မေ ၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏စီစဉ်မှုဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မွေးမြူရေးလုပ်ငန်းရှင်များ ပူးပေါင်းလျက် ကြက်သား၊ ကြက်ဥနှင့် ဘဲဥဈေးကားသည် နေပြည်တော်အတွင်း ငလျင်ဒဏ်သင့်ဝန်ထမ်းအိမ်ရာများသို့ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိရပ်ကွက်နှင့် သုခသိဒ္ဓိရပ်ကွက်တို့တွင် ကြက်သားပိဿာ ၅၀၊ ကြက်ဥအလုံး ၄၀၀၀ နှင့်ဘဲဥအလုံး ၅၀၀ ကို ရောင်းချပေးခဲ့သည်။ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့၌ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မွေးမြူရေးလုပ်ငန်းရှင်များ ပူးပေါင်းလျက် ပြည်သူများသက်သာချောင်ချိရေးအတွက် မတ်လ ၃၁ ရက်မှ ဧပြီလ ၃၀ ရက်အထိ ကြက်ဥအလုံးရေ ၈၅၀၁၅ လုံး၊ ဘဲဥအလုံး ၃၀၊ ဆိတ်သားပိဿာ ၄၀၊ ကြက်သား ၇၈၆ ဒသမ ၁၀ ပိဿာ၊ ဝက်သားပိဿာ ၃၀၀ နှင့် အမဲသားပိဿာ ၅၀ တို့ကို ရောင်းချပေးခဲ့ပြီး ဆက်လက်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

❒ **ကျောဖုံးမှအဆက်**

ဒေသကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်းနှင့် ဆေးခြောက် ၂ ဒသမ ၃ ကီလိုသိမ်းဆည်းရမိခဲ့သည်။ အဆိုပါ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများအား ရှမ်းပြည်နယ်မှ မွန်ပြည်နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

မြဝတီ



တရားခံတစ်ဦးအား သိမ်းဆည်းရမိသည့် မော်တော်ယာဉ်၊ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂-၅-၂၀၂၅ (သောကြာနေ့)

၁။ ၀၆:၀၀ နိုင်ငံတော်သီချင်း
၂။ ၀၈:၀၀ မျိုးချစ်တပ်မတော်
၃။ ၀၉:၀၀ မြဝတီနေ့စဉ်သတင်း
၄။ ၁၀:၀၀ နိုင်ငံတကာသတင်း
၅။ ၁၁:၀၀ အတွေးအမြင်
၆။ ၁၂:၀၀ ရေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု
၇။ ၁၃:၀၀ အမှတ်တရနေ့ရက်များ
၈။ ၁၉:၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း လူရိုး**
**သရုပ်ဆောင်- နေနေဝ်၊ ဆုဆု၊ ဒေါင်းဝေ**
**ဒါရိုက်တာ-တင်အောင်စိုး (ပန်းမြို့တော်)**

## နေပြည်တော် မေ ၁ ထူးခြားသည့် နေ့အပူချိန်များ

| | | | | |
|---|---|---|---|---|
| ကော့ကရိတ် | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ဘားအံ | ၃၈ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယက် |
| ထားဝယ် | ၃၇ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၃၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ပခုက္ကူ | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ဘီးလင်း | ၃၆ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |

# အသင်းသမိုင်းတစ်လျှောက် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း သွင်းဂိုးအနည်းဆုံးဘောလုံးရာသီ မှတ်တမ်းဆိုးကို မန်ယူအသင်းရရှိရန်နီးစပ်နေ



မန်ချက်စတာ မေ ၁

မန်ယူအသင်းသည် အသင်းသမိုင်းတစ်လျှောက် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း သွင်းဂိုးအနည်းဆုံး ဘောလုံးရာသီမှတ်တမ်းဆိုးတစ်ရပ်ကိုရရှိရန် နီးစပ်နေကြောင်း သိရသည်။

မန်ယူအသင်းသည် ယခုဘောလုံးရာသီတွင် ရလဒ်များ စံချိန်တင်ဆိုးရွားနေပြီး ရာသီအစပိုင်းက ရလဒ်များကောင်းမွန်ခြင်းမရှိသည့်အတွက် နည်းပြတန်ဟတ်ကို ရာထူးမှထုတ်ပယ်ပြီးနောက် နည်းပြသစ်အဖြစ် အမိုရင်ကို ခန့်အပ်ခဲ့သော်လည်း အသင်းအနေဖြင့် ရလဒ်များကောင်းမွန်လာခြင်းမရှိဘဲ ဆက်လက်ရုန်းကန်နေရပြီး မှတ်တမ်းဆိုးတစ်ရပ်ကို ရရှိရန် နီးစပ်နေခြင်းဖြစ်သည်။

မန်ယူအသင်းသည် ယခုဘောလုံးရာသီတွင် ဟွိုက်လန်းဦးဆောင်နေသည့် အသင်းတိုက်စစ်ပိုင်းမှာ ဂိုးသွင်းစွမ်းဆောင်ရည် သိသိသာသာကျဆင်းနေခဲ့ပြီး မန်ယူအသင်းတိုက်စစ်ပိုင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ၃၄ ပွဲကစားပြီးချိန်တွင် သွင်းဂိုး ၃၉ ဂိုးသာရရှိထားပြီး တိုက်စစ်ပိုင်းစွမ်းဆောင်ရည်ဆိုးရွားသည့်အသင်းများမှ တစ်သင်းအပါအဝင်ရပ်တည်လျက်ရှိသည်။

မန်ယူအသင်းသည် အသင်းသမိုင်းတစ်လျှောက် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း ဘောလုံးရာသီများတွင် သွင်းဂိုး ၅၀ အောက်ကျရောက်ခဲ့သည့်ဘောလုံးရာသီအဖြစ် ၂၀၁၅-၂၀၁၆ ဘောလုံးရာသီက နည်းပြဗန်ဂါးလ်တာဝန်ယူကိုင်တွယ်ခဲ့စဉ်က တွေ့ကြုံခဲ့ပြီး အဆိုပါဘောလုံးရာသီတွင် အသင်းတိုက်စစ်ပိုင်းမှာ ၄၉ ဂိုးသာရရှိခဲ့သည်။

ယခုဘောလုံးရာသီတွင်လည်း မန်ယူအသင်းသည် ပြိုင်ပွဲပြီးဆုံးရန် လေးပွဲအလိုတွင် အသင်းတိုက်စစ်ပိုင်းမှာ ၃၉ ဂိုးသာရရှိထားပြီး သွင်းဂိုး ၅၀ ပြည့်မြောက်ရန် ရုန်းကန်ရနိုင်သည့်အခြေအနေများကြောင့် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း သွင်းဂိုးအနည်းဆုံးဘောလုံးရာသီအဖြစ် မှတ်တမ်းဆိုးရရှိရန် နီးစပ်နေခြင်းဖြစ်သည်။

မန်ယူအသင်းသည် နောက်ဆုံးကစားသည့် ပရီးမီးယားလိဂ်ပြိုင်ပွဲငါးပွဲတွင် အသင်းတိုက်စစ်ကစားသမားများမှာ သုံးဂိုးတည်းသာသွင်းယူနိုင်ခဲ့သည့်အတွက် လက်ကျန်ပွဲစဉ်လေးပွဲတွင်လည်း သွင်းဂိုးများရရှိရန် ရုန်းကန်ရဖွယ်ရှိကြောင်း သိရသည်။

Ref;Fotmob

# မန်စီးတီးအသင်းက လာမည့်နွေရာသီ ကစားသမား အပြောင်းအရွှေ့ကာလတွင် ဒိုအူကို ခေါ်ယူရန်စီစဉ်

မန်ချက်စတာ မေ ၁

မန်စီးတီးအသင်းက လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ပီအက်စ်ဂျီအသင်းလူငယ်တောင်ပံတိုက်စစ်ကစားသမား ဒိုအူကို ခေါ်ယူရန် စီစဉ်နေကြောင်း သိရသည်။

အသက် ၁၉ နှစ်သာရှိသေးသည့်ဒိုအူသည် ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလကရင်းနက်စ်အသင်းမှ ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ယခုဘောလုံးရာသီတွင် ခြေစွမ်းပြလျက်ရှိပြီး အနာဂတ်ကြယ်ပွင့်ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခံထားရသူဖြစ်သည်။

ဒိုအူသည် ယခုဘောလုံးရာသီတွင် ပီအက်စ်ဂျီအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၄၈ ပွဲအထိ ပါဝင်ကစားခွင့်ရရှိသူဖြစ်ပြီး ၁၃ ဂိုးသွင်းယူနိုင်ကာ ဂိုးဖန်တီးမှု ၁၁ ကြိမ် ပြုလုပ်ထားနိုင်ခဲ့သူဖြစ်သည်။

မန်စီးတီးအသင်းသည် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှ ဝါရင့်ကစားသမားအများအပြားစုထွက်ခွာမည်ဖြစ်သည့်အတွက် ထိပ်တန်းလူငယ်ကစားသမားအများအပြားစုဖြင့် စုဖွဲ့လိုသောကြောင့် အသင်းတောင်ပံတိုက်စစ်နေရာအတွက် ဒိုအူကိုခေါ်ယူရန်စီစဉ်နေသော်လည်း ပေါင် ၈၅ သန်းအထိ အသုံးပြုရဖွယ်ရှိကြောင်း သိရသည်။ Ref;Goal

# ပီအက်စ်ဂျီအသင်းသမိုင်းတစ်လျှောက် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် တစ်ရာသီအတွင်း ဂိုးပါဝင်ပတ်သက်မှုအများဆုံးအဖြစ် ရပ်တည်နေသည့် အမ်ဘတ်ပီ၏စံချိန်ကို ဒမ်ဘီလီလိုက်မီ

ပဲရစ် မေ ၁

ပီအက်စ်ဂျီအသင်းတိုက်စစ်ကစားသမား ဒမ်ဘီလီသည် ချန်ပီယံလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပထမအကျော့ပွဲစဉ်အဖြစ် အာဆင်နယ်အသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ကစားသည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ပြီးနောက် ပီအက်စ်ဂျီအသင်းသမိုင်းတစ်လျှောက် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် တစ်ရာသီအတွင်း ဂိုးပါဝင်ပတ်သက်မှုအများဆုံးအဖြစ်ရပ်တည်နေသည့် ကစားသမားဟောင်း အမ်ဘတ်ပီ၏စံချိန်ကို လိုက်မီနိုင်ခဲ့ကြောင်း သိရသည်။

ဒမ်ဘီလီသည် အာဆင်နယ်အသင်းနှင့် ပွဲစဉ်၌ တစ်ဂိုးသွင်းယူနိုင်ပြီးနောက် ယခုဘောလုံးရာသီတွင် ပီအက်စ်ဂျီအသင်းနှင့်အတူ ချန်ပီယံလိဂ်ပြိုင်ပွဲ၌ သွင်းဂိုးရှစ်ဂိုးသွင်းယူနိုင်ပြီး ဂိုးဖန်တီးမှု ၁၀ ကြိမ်ပြုလုပ်ထားသည့်အတွက် ဂိုးပါဝင်ပတ်သက်မှုအကြိမ်ရေ ၁၈ ကြိမ်ရှိလာပြီးနောက် အမ်ဘတ်ပီ၏စံချိန်ကို လိုက်မီနိုင်ခဲ့ခြင်းဖြစ်သည်။

ဒမ်ဘီလီသည် ၂၀၂၃ ခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ဘာစီလိုနာအသင်းမှ ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ဘာစီလိုနာအသင်းတွင် ကစားခဲ့စဉ်က ခြေစွမ်းပြနိုင်ရန် ရုန်းကန်ခဲ့ရသော်လည်း ပီအက်စ်ဂျီအသင်း၌ အကောင်းဆုံးခြေစွမ်းပြနေသူဖြစ်သည်။

ဒမ်ဘီလီသည် ယခုဘောလုံးရာသီတွင် ပီအက်စ်ဂျီအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၄၅ ပွဲကစားထားပြီး ၃၂ ဂိုးသွင်းယူနိုင်ခဲ့ကာ ဂိုးဖန်တီးမှု ၁၀ ကြိမ် ပြုလုပ်နိုင်ခဲ့သည်။ သွင်းဂိုးအများစုကို ယခုနှစ်အတွင်း သွင်းယူထားနိုင်ခဲ့ပြီး ဒမ်ဘီလီအနေဖြင့် ၂၀၂၅ ခုနှစ်အတွင်း ဥရောပထိပ်တန်းလိဂ်ငါးခုတွင် သွင်းဂိုးအများဆုံးကစားသမားအဖြစ်ပါ ရပ်တည်နေသူဖြစ်သည်။

ဒမ်ဘီလီသည် အာဆင်နယ်အသင်းနှင့် ပထမအကျော့ပွဲစဉ်၌ ဒဏ်ရာရရှိခဲ့သည့်အတွက် ဒုတိယအကျော့ပွဲစဉ်တွင် ပါဝင်ကစားနိုင်ရန် မသေချာသေးကြောင်း သိရသည်။

Ref;B/R Football

# နည်းပြအန်ဆယ်လော့တီက ဘရာဇီးနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့်ဆွေးနွေးမှုကိုရပ်ဆိုင်းပြီး ဆော်ဒီလိဂ်သို့ပြောင်းရွှေ့ရန်ပြင်ဆင်

မက်ဒရစ် မေ ၁

ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ အန်ဆယ်လော့တီက ဘရာဇီးအသင်းနည်းပြရာထူးအတွက် ဘရာဇီးနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဆွေးနွေးမှုများ ရပ်ဆိုင်းခဲ့ပြီး မြင့်မားသည့်လုပ်ခလစာဖြင့် ဆော်ဒီလိဂ်မှ ကလပ်အသင်းတစ်သင်းကို တာဝန်ယူကိုင်တွယ်ရန် ပြင်ဆင်နေကြောင်း သိရသည်။

နည်းပြအန်ဆယ်လော့တီသည် ၂၀၂၁ ခုနှစ်က ရီးယဲလ်မက်ဒရစ်အသင်းကို တစ်ကျော့ပြန်လည်တာဝန်ယူကိုင်တွယ်ပြီးနောက် အစောပိုင်းနှစ်များက အသင်းကို ချန်ပီယံလိဂ်ဖလား၊ စပိန်လာလီဂါဖလားအပါအဝင် ဆုဖလားများစွာ ဆွတ်ခူးပေးနိုင်ခဲ့သော်လည်း ယခုဘောလုံးရာသီတွင် ဆုဖလားလက်မဲ့ရာသီနှင့် တွေ့ကြုံရန်နီးစပ်လျက်ရှိပြီးနောက် ရာသီအကုန်တွင် အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးကာ လမ်းခွဲမည်ဖြစ်သည်။

ဘရာဇီးနိုင်ငံဘောလုံးအဖွဲ့ချုပ်က လစ်လပ်နေသည့် ဘရာဇီးအသင်းနည်းပြရာထူးအတွက် ရီးယဲလ်မက်ဒရစ်အသင်းနှင့်လမ်းခွဲမည့် နည်းပြအန်ဆယ်လော့တီကိုခန့်အပ်ရန် ကြိုးပမ်းခဲ့ပြီး နည်းပြအန်ဆယ်လော့တီကလည်း ဘရာဇီးအသင်းနည်းပြရာထူးအတွက် ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

သို့သော် ဆော်ဒီပရိုလိဂ်ထိပ်တန်းကလပ်အသင်းတစ်သင်းက နည်းပြအန်ဆယ်လော့တီကို စံချိန်တင်လုပ်ခလစာဖြစ်သည့် တစ်နှစ်လုပ်ခလစာ ယူရို သန်း ၅၀ ဖြင့် ကမ်းလှမ်းမှုတစ်ရပ်ရရှိခဲ့ပြီး အန်ဆယ်လော့တီက ဘရာဇီးနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဆွေးနွေးမှုကို ရပ်ဆိုင်းခဲ့ပြီး ဆော်ဒီလိဂ်သို့သာ ပြောင်းရွှေ့ဖွယ်ရှိနေကြောင်း သိရသည်။

Ref;Goal




Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
GOLD A.I.B.A MEDAL
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
AIBA
GOLD 2019


OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
PURE ARABICA COFFEE
PYIN OO LWIN
Nan Myaing
2+1 coffee
Black Coffee
NAN MYAING
ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
Non-Sparkling Lemon Tea
Sparkling Lemon Tea
DAGON
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ် (ဆောက်လုပ်ရေး)ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ၊ Polytechnic University များတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်(ဆောက်လုပ်ရေး)ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်း(၈၈)ခု ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိ Naypyitaw State Polytechnic University တွင် (၃၀-၄-၂၀၂၅)ရက်နေ့မှ(၁၃-၅-၂၀၂၅) ရက်နေ့အထိ ရုံးချိန်အတွင်းရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့် တင်ဒါပုံစံများကို (၉-၅-၂၀၂၅)ရက်နေ့မှ (၁၃-၅-၂၀၂၅)ရက်နေ့အထိ ရုံးချိန်အတွင်း တင်ဒါပုံစံ ဝယ်ယူခဲ့သောနေရာတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၆၅၀(ဦးစီးဌာန၊ ရုံးချုပ်)၊ ၀၉-၇၉၇၉၁၅၅၉၅၊ ၀၉-၄၄၄၀၃၄၀၂၆ Naypyitaw State Polytechnic University တွင် ဆက်သွယ် စုံစမ်းနိုင်ပြီး ဦးစီးဌာန၏ Website ဖြစ်သော https://dast.edu.mm/ တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ် (စက်ပစ္စည်း)ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ဝယ်ယူရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ၊ Polytechnic University များတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်(စက်ပစ္စည်း)ခွင့်ပြုရန်ပုံငွေဖြင့် သင်ထောက်ကူပစ္စည်းများ၊ စက်ပစ္စည်းများ၊ ရုံးသုံးစက်ပစ္စည်းများနှင့် ပရိဘောဂပစ္စည်းများ အား ဝယ်ယူဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိ Naypyitaw State Polytechnic University တွင် (၃၀-၄-၂၀၂၅)ရက်နေ့မှ(၁၃-၅-၂၀၂၅) ရက်နေ့အထိ ရုံးချိန်အတွင်းရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့် တင်ဒါပုံစံ များကို (၉-၅-၂၀၂၅)ရက်နေ့မှ (၁၃-၅-၂၀၂၅)ရက်နေ့အထိ ရုံးချိန်အတွင်း တင်ဒါပုံစံ ဝယ်ယူခဲ့သောနေရာတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၆၅၀(ဦးစီးဌာန၊ ရုံးချုပ်)၊ ၀၉-၇၉၇၉၁၅၅၉၅၊ ၀၉-၄၄၄၀၃၄၀၂၆ Naypyitaw State Polytechnic University တို့တွင် ဆက်သွယ် စုံစမ်းနိုင်ပြီး ဦးစီးဌာန၏ Website ဖြစ်သော https://dast.edu.mm/ တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

### အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း
### တင်ဒါအမှတ်စဉ်[၁(ပစ)/ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်]

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာနမှ (၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်) ပြည်ထောင်စု/ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေများဖြင့်ဆောင်ရွက်မည့် လမ်း-တံတားတည်ဆောက်ရေး လုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သည့် ကတ္တရာ(၈၀/၁၀၀)၊ ဘိလပ်မြေ၊ ဒီဇယ်ဆီ၊ သံချောင်းလုံး(ရွယ်စုံ)၊ ကျောက်ရွယ်စုံ၊ သဲနှင့် အခြားလုပ်ငန်းသုံးပစ္စည်းတို့အား မြန်မာ ကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသောလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများကို လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်/အချိန် - (၁၆-၅-၂၀၂၅) (ရုံးချိန်အတွင်း)
(ခ) အိတ်ဖွင့်တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန် - (၂၉-၅-၂၀၂၅)ညနေ(၁၆:၀၀)နာရီထိ
(ဂ) တင်ဒါအာမခံကြေး (PO Cheque)တင်သွင်းရမည့် ရက်/အချိန် - (၃၀-၅-၂၀၂၅)ညနေ)(၁၆:၀၀)နာရီထိ
(ဃ) အိတ်ဖွင့်တင်ဒါ စိစစ်ရွေးချယ်မည့်နေရာ - တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မုံရွာမြို့
(င) အိတ်ဖွင့်တင်ဒါ ဖွင့်လှစ်မည့်နေရာနှင့်နေ့ရက် - ထပ်မံကြေညာပါမည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ တယ်လီဖုန်းနံပါတ်--၀၉-၈၈၆၈၂၇၇၉၇ သို့ ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်းမေးမြန်းနိုင်ပါသည်။

(တင်ဒါကော်မတီ)

### အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း
### တင်ဒါအမှတ်စဉ်[၁(လင)/ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်]

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာနမှ (၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်) ပြည်ထောင်စု/ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေများဖြင့်ဆောင်ရွက်မည့် လမ်း-တံတားတည်ဆောက်ရေး လုပ်ငန်းများအားဆောင်ရွက်နိုင်ရန်အတွက် တိုင်းရင်းသားပုဂ္ဂလိကဆောက်လုပ်ရေး လုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများကို လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်/အချိန် - (၁၆-၅-၂၀၂၅) (ရုံးချိန်အတွင်း)
(ခ) အိတ်ဖွင့်တင်ဒါလျှောက်လွှာ ရောင်းချမည့်နောက်ဆုံးရက် - (၂၉-၅-၂၀၂၅) ညနေ(၁၆:၀၀)နာရီထိ
(ဂ) တင်ဒါအာမခံကြေး(PO Cheque) မူရင်းများအားနောက်ဆုံးထား၍ တင်သွင်းရမည့်ရက်/အချိန် - (၃၀-၅-၂၀၂၅) ညနေ(၁၆:၀၀)နာရီထိ
(ဃ) အိတ်ဖွင့်တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာနှင့်နေ့ရက် - လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး
(င) အိတ်ဖွင့်တင်ဒါ ဖွင့်လှစ်မည့်နေရာနှင့်နေ့ရက် - ထပ်မံကြေညာပါမည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ တယ်လီဖုန်းနံပါတ်--၀၉-၈၈၆၈၂၇၇၉၇ သို့ ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်းမေးမြန်းနိုင်ပါသည်။

(တင်ဒါကော်မတီ)

### ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
### မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
### လေလံကြော်ငြာ

၁။ MIP, AWPT & MITT ဆိပ်ကမ်းများရှိတစ်နှစ်ကျော်လေလံကုန်သေတ္တာ(၃၄)လုံး အတွင်းရှိကုန်ပစ္စည်းများနှင့် LCL Shipment(၆)ခုအား လက်ရှိမျက်မြင်အခြေအနေ အတိုင်း (၁၅-၅-၂၀၂၅)ရက်နေ့(၁၃:၀၀)နာရီအချိန်တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ထုခွဲရောင်းချမည်ဖြစ်ပါသည်။

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟို ပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း(ဗိုလ်တထောင်ဘုရား၊ အနောက်ဘက်၊ ကွန်ကရစ် လမ်း၊ Toll Gate အနီး)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင် ၂-၅-၂၀၂၅ ရက်နေ့မှ ၁၃-၅-၂၀၂၅ ရက်နေ့အထိ ရုံးဖွင့်ရက်/ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်၊ ၀၁-၈၆၁၀၂၃၀ သို့ ဆက်သွယ်စုံစမ်း နိုင်ပါသည်။

**လေလံတင်ထုခွဲရောင်းချရေးကော်မတီ**

### ပျောက်ဆုံးကြောင်း
နန်းချမ်းမြေ့သူ(ဘ)ဦးချစ်လှိုင် ၁၃/မမန(နိုင်) ၀၁၃၇၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၇၈၇၈၆၆

### ပျောက်ဆုံးကြောင်း
ခင်စန်းမော်(ဘ)ဦးစန်းမောင် ၁၀/မလမ(နိုင်) ၀၈၃၃၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၅၄၅၃၃၀၈

### ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
### မြန်မာ့မီးရထား
### အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | ၀၂/မမ/CME | ဒီဇယ်ဆီ(၆၀၀,၀၀၀)ဂါလန်ဝယ်ယူရန် |

တင်ဒါပိတ်မည့်နေ့/အချိန် - (၁၅-၅-၂၀၂၅)နေ့လယ်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂-၅-၂၀၂၅)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း 294352, 291994**

### ပျောက်ဆုံးကြောင်း
မြင့်အောင်(ဘ)ဦးလှတင် ၁၀/မလမ(နိုင်) ၀၆၆၂၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၅၄၅၃၃၀၈

### ပျောက်ဆုံးကြောင်း
ဒေးနီးလ်ဗျက်လျန်ကျုံး(ဘ)ဦးဇလှယ်သင်မွေ ၁၂/ဒဂရ(နိုင်)၀၄၂၄၁၅ ကိုင်ဆောင်သူ၏ နိုင်ငံ ကူးလက်မှတ်အမှတ်(MF 347115)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။
ဖုန်း-၀၉-၆၈၀၀၁၀၉၂

### ပျောက်ဆုံးကြောင်း
မျိုးဝင်းနိုင်(ဘ)ဦးချစ်ရွှေ ၅/ကဘလ(နိုင်) ၀၀၂၅၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MD 420998)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၅၅၃၅၃၅၅

### ပျောက်ဆုံးကြောင်း
ဝေါမြို့နေ လင်းလင်းထိုက်(ဘ)ဦးတင်ဌေး ၇/ဝမန(နိုင်)၁၁၅၈၅၆ ကိုင်ဆောင်သူ၏ နိုင်ငံ ကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေး ပါရန်။
ဖုန်း-၀၉-၉၆၅၈၇၇၅၃၃

### ပျောက်ဆုံးကြောင်း
မျိုးမျိုးအေး(ဘ)ဦးဟန်ထွန်း ၁၄/ကမန(နိုင်) ၁၂၅၆၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MF 470410)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ဝေါမြို့နေ စိုးစန္ဒာလင်း(ဘ)ဦးလင်းထိုက် ၇/ ဝမန(နိုင်)၁၉၀၂၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၅၈၇၇၅၃၃

**အလိမ္မာစာမှာရှိ**


### ပျောက်ဆုံးကြောင်း
ယုယမိုးဝေ(ဘ)ဦးရဲထွန်း ၇/တငန(နိုင်)၂၅၈၃၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 262740)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၄၇၃၃၁၅၇

# တရားမဝင်သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ တရားမဝင်ကုန်စည်တင်သွင်းမှုများအား ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်

နေပြည်တော်    မေ    ၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ဧပြီလ ၂၈ ရက်**တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဟင်္သာတမြို့နယ်နှင့် ပုသိမ်မြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်(၂)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးမြို့နယ်နှင့် ရေနံချောင်းမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၅)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၅၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ပခုက္ကူမြို့၊ ဧရာဝတီတံတားစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားမဝင်စက်သုံးဆီဓာတ်ဆီဂါလန်(၂၀၀)၊ ဒီဇယ်ဆီ(၁၀)ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၁၀၀၀၀)နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် Toyota Hiace မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၁၆၀၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဧပြီလ ၂၉ ရက်**တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ဒေါနပန်းဝန်း DKBA ဆက်ဆံရေးဝင်းရှိ ဂိုဒေါင်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၁၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့နယ် စွတ်ဆိုင်ကျေးရွာ တာချီလိတ်–ဝမ်ပုံကားလမ်းအနီးရှိ ခြံဝင်းတစ်ခုအတွင်း၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၉၆၀၀၀၀)ကိုလည်းကောင်း၊ ပင်းတယမြို့နယ် ကျုံးရွာနှင့် ကလောမြို့နယ် ပဲရင်းတောင်ရွာကြား၌ ချင်းရွှေဟော်–လားရှိုးမှ ပင်းတယ–ကျုံး–ရွာငံလမ်းကြောင်းအတိုင်း မောင်းနှင်လာသည့် မော်တော်ယာဉ်(၁၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂၁)မျိုး၊ လူသုံးကုန်ပစ္စည်း (၃)မျိုး၊ စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၈၆၃၅၉၉၅) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး၊ Howo Tractor Head(၃)စီး၊ Cheng Long Tractor Head (၃)စီး၊ Dong Feng Tractor Head(၂)စီး၊ Man Tractor Head (၂)စီး၊ Hino Tractor Head (၁)စီး၊ Mitsubishi Fuso Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၁၂)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၆၅၉၅၉၉၅)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဧပြီလ ၂၈ ရက်**တွင် ဝေါမြို့ Puma ဆီဆိုင်အနီး၌ မော်လမြိုင်မှ နေပြည်တော်သို့မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၆၂၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Yutong Bus(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)နှင့် **ဧပြီလ ၃၀ ရက်**တွင် ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor Truck (၁)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ်(၂ ဒသမ ၀၃၂)တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၄၈၈၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၉၀၆၈၈၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဧပြီလ ၂၈ ရက်**တွင် သန်လျင်မြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ်(၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **ဧပြီလ ၃၀ ရက်**တွင် ရန်ကုန်–မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၀)မိုင်နှင့် ၂၆/၄ မိုင်ကြား၌ မော်တော်ယာဉ်(၅)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်စားသောက်ကုန်ပစ္စည်း(၈)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၈၅၄၂၆၈၄) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus (၃)စီး၊ Higer Bus (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၀၅၄၂၆၈၄)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် **ဧပြီလ ၃၀ ရက်**တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ထားဝယ်မြို့နယ် ဝဲကျွန်းမြို့သစ်ရပ်ကွက်၌ တရားဝင်သယ်ဆောင်ခွင့် အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် BE အရက်ဆီဂါလန်(၅၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀)ကို ယစ်မျိုးဥပဒေအရလည်းကောင်း၊ ထားဝယ်ခရိုင် ထားဝယ်မြို့နယ်အတွင်း၌ တရားမဝင်စက်သုံးဆီဓာတ်ဆီဂါလန်(၃၀၀)နှင့် ဒီဇယ်ဆီဂါလန်(၁၅၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၅၉၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၀၅၉၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်(၂)စီး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဧပြီလ ၂၈ ရက်၊ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၆၁)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၉၄၅၁၃၄၅၉)**ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့်ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **မြဝတီ**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော်    မေ    ၁

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Offer2962005” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်နေ လမင်းနောင်အား ည ၇ နာရီ ၄၀ မိနစ်တွင် အမရပူရမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။




# သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
# နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
# ၂၀၂၅-၂၀၂၆ ခု၊ ဘဏ္ဍာရေးနှစ်အတွက်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများ၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများနှင့် သက်မွေးပညာသင်တန်းကျောင်းများအတွက်လိုအပ်သောသင်ကြားရေးသုံးသင်ထောက်ကူစက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများနှင့် ပရိဘောဂများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၉-၄-၂၀၂၅ ရက်နေ့မှစ၍ ၁၁-၅-၂၀၂၅ ရက်နေ့အထိ ရုံးချိန်အတွင်း အစိုးရနည်းပညာကောလိပ်(မန္တလေး)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)တို့တွင် ဝယ်ယူနိုင်ပြီး ၅-၅-၂၀၂၅ ရက်နေ့မှ ၁၂-၅-၂၀၂၅ ရက်နေ့ထိ ညနေ(၄:၀၀)နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါပုံစံဝယ်ယူခဲ့သောကျောင်းသို့ တင်ဒါများတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အဆိုပါသင်ကြားရေးသုံးသင်ထောက်ကူစက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများနှင့်ပရိဘောဂများအား သက်ဆိုင်ရာဌာနနှင့် ကျောင်းများသို့ အရောက်ပေးပို့တပ်ဆင်ပေးနိုင်ရမည်။ လိုအပ်ပါက နည်းပညာဆိုင်ရာသင်တန်းပေးဆောင်ရွက်နိုင်ရမည်။

၄။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်းနံပါတ်-၀၆၇၃၄၀၄၅၀၅(ဦးစီးဌာန၊ ရုံးချုပ်)၊ ၀၉၈၉၇၆၅၃၃၇၅ အစိုးရနည်းပညာကောလိပ်(မန္တလေး)၊ ၀၉၈၈၇၆၄၅၅၈၀/၀၉၇၅၇၂၀၄၁၀၇ အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)နှင့် ၀၉၄၀၁၀၈၄၀၉၃ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး Website ဖြစ်သော www.most.gov.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
# မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းများကို အစိုးရနှင့်ပုဂ္ဂလိကပူးပေါင်း၍ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် သီလဝါဆိပ်ကမ်းဒေသ၊ မြေကွက်အမှတ်(၄)ရှိမြန်မာ့ဆိပ်ကမ်းအာဏာပိုင် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း(MPA International Port Limited–MIPL)ကို စားသုံးဆီနှင့် အထွေထွေကုန်စည်ဆိပ်ကမ်းအနေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူဆောင်ရွက်ရာတွင် အစိုးရတင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ ပွင့်လင်းမြင်သာစွာဖြင့် စနစ်တကျစိစစ်ရွေးချယ်ပြီး လုပ်ငန်းလုပ်ကိုင်ခွင့်ဆိုင်ရာသဘောတူစာချုပ်ကို နှစ်ဖက်ချုပ်ဆို၍ နှစ်ရှည်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသည့် ဆိပ်ကမ်းလုပ်ငန်းနှင့် ပို့ကုန်/သွင်းကုန် တင်/သွင်းခြင်းလုပ်ငန်းအတွေ့အကြုံရှိသည့် ပြည်တွင်းပြည်ပကုမ္ပဏီ/အဖွဲ့အစည်းများအနေဖြင့် တင်ဒါအဆိုပြုလွှာနှင့်ပုံစံများကို အောက်ပါအတိုင်း ဝယ်ယူတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | တင်ဒါအဆိုပြုလွှာနှင့်ပုံစံများ ရောင်းချမည့်ရက် | - | ၅-၅-၂၀၂၅ ရက်နေ့မှ ၁၉-၅-၂၀၂၅ ရက်နေ့အထိ (ရုံးချိန်အတွင်း ၀၉:၃၀ နာရီမှ ၁၆:၃၀ နာရီအထိ) |
| (ခ) | တင်ဒါအဆိုပြုလွှာနှင့်ပုံစံများ ဝယ်ယူရမည့်နေရာ | - | မြို့ပြအင်ဂျင်နီယာဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ရုံးချုပ်)၊ တတိယထပ်၊ အမှတ် ၁၀၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| (ဂ) | တင်ဒါအကြိုရှင်းလင်းမည့် ရက်၊ အချိန်၊ နေရာ | - | ၂၀-၅-၂၀၂၅ ရက်နေ့၊ (၁၃:၀၀)နာရီ၊ အစည်းအဝေးခန်းမ(၁)၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ရုံးချုပ်)၊ ဒုတိယထပ်၊ အမှတ် ၁၀၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| (ဃ) | တင်ဒါအဆိုပြုလွှာများ တင်သွင်းရမည့်ရက်၊ အချိန် | - | ၂၇-၅-၂၀၂၅ ရက်နေ့၊ (၁၃:၀၀)နာရီ နောက်ဆုံးထားတင်သွင်းရန်။ |
| (င) | တင်ဒါအဆိုပြုလွှာများ တင်သွင်းရမည့်နေရာ | - | အစည်းအဝေးခန်းမ(၁)၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ရုံးချုပ်)၊ ဒုတိယထပ်၊ အမှတ် ၁၀၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |

၃။ သတ်မှတ်ချက်ရက်/အချိန်ထက် နောက်ကျတင်သွင်းသောတင်ဒါအဆိုပြုလွှာများအား လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် ၀၉-၅၁၈၀၄၈၇ နှင့် ၀၉-၅၀၅၇၉၅၇ ကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

# ကျန်းမာရေးဝန်ကြီးဌာန
# ပြည်သူ့ကျန်းမာရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် (၂၀၂၅-၂၀၂၆)ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန(ရုံးချုပ်)နှင့် ရုံးဌာန/သိုလှောင်ရုံ(၄)နေရာ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရုံးဌာန/သိုလှောင်ရုံ(၄)နေရာ၊ စုစုပေါင်းရုံးဌာန/သိုလှောင်ရုံ(၈)နေရာတို့တွင် လုံခြုံရေးလုပ်ငန်းများဆောင်ရွက်ရန် လုံခြုံရေးကုမ္ပဏီငှားရမ်းလိုပါသဖြင့် မြန်မာနိုင်ငံအတွင်းတရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| တင်ဒါအမှတ် | - | Tender.1.Security(2025–2026) |
| တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် | - | ၁-၅-၂၀၂၅ ရက်နေ့ |
| တင်ဒါပိတ်သိမ်းမည့် ရက်နှင့်အချိန် | - | ၃၀-၅-၂၀၂၅ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇၃၄၃၁၀၈၅/၀၆၇၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ပျောက်ဆုံးကြောင်း

ညောင်တုန်းမြို့နယ်၊ ပါလှဲ့ကြက်တူးရွေးထောင်ကျေးရွာနေ မောင်ရွှေခြံထွန်း(ဘ)ဦးသန်းအောင် ၁၄/ညတန(နိုင်)၁၆၂၉၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၁၂၉၄၈၁၆

## ပျောက်ဆုံးကြောင်း

ကမာရွတ်မြို့၊ အမှတ်(၅)ရပ်ကွက်၊ အောင်သုခလမ်း၊ တိုက်-၁၀၁၊ အခန်း-၄၀၁ နေ တေဇလင်း(ဘ)ဦးခင်အေး ၁၁/ဂမန(နိုင်)၀၃၃၆၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၅၆၅၅၉၆၉၂

## ပျောက်ဆုံးကြောင်း

ရန်ကင်းမြို့နယ်၊ ကျောက်ကုန်းလမ်းနေ အောင်သဲမောင်(ဘ)ဦးဘုန်းမော် ၁၂/ဗဟန(နိုင်)၀၉၆၉၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၀၃၀၉၆၈

## ပျောက်ဆုံးကြောင်း

ရှိစီမိုင်(ဘ)ဦးညာခုံ ၁၄/ပသန(နိုင်)၂၀၆၃၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း

မရွှေသက်ပိုင်(ဘ)ဦးခင်ဝင်း ၇/ဒဥန(နိုင်)၁၆၆၆၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း

အင်ကြင်းခိုင်(ဘ)ဦးအောင်မျိုးသန့် ၁၂/သကတ(နိုင်)၁၉၃၁၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 211301)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**အလိမ္မာစာမှာရှိ**

## ပျောက်ဆုံးကြောင်း

နေလင်းအောင်(ဘ)ဦးကျော်ရွှေ ၁၁/သတန(နိုင်)၀၇၃၇၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 107578)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၄၂၂၉၈၆

❖ အခြေခံအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေနှင့် နည်းစနစ်များလိုအပ် . . .

❖ မျိုးကောင်းမျိုးသန့်ဖြစ်ရန်၊ မြေကောင်းမွန်ရန်နှင့် သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာများ ပြည့်ဝစွာ ထည့်သွင်းရန်၊ စိုက်ပျိုးရေ၊ အောင်ရေ ကောင်းစွာ ရရှိရန်နှင့် စိုက်နည်းစနစ်များမှန်ကန်ရန်လို . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**နိုင်ငံတကာသတင်းအညွှန်း**

**အိန္ဒိယက ပါကစ္စတန်နှင့် ပတ်သက်သော လေယာဉ်များအားလုံးကို ဝေဟင်အသုံးပြုခွင့်တားမြစ်**

စာ - ၂၃ သို့

**နယူးဇီလန်၌ ရာသီဥတုဆိုးဝါးမှုကြောင့် အရေးပေါ်အခြေအနေကြေညာ**

စာ - ၂၃ သို့

**ဖိလစ်ပိုင်၌ဖြစ်ပွားသည့် ယာဉ်ငါးစီးဆင့်တိုက်မှုအတွင်း ၁၂ ဦးသေဆုံးပြီး ၃၀ ဒဏ်ရာရ**

စာ - ၂၃ သို့

**၁-၅-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၆၇၀,၀၀၀)ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ



တရားခံများအား သိမ်းဆည်းရမိသည့် မော်တော်ယာဉ်၊ မူးယစ်ဆေးဝါးများနှင့်အတူတွေ့ရစဉ်။

# ဝေါမြို့နယ်နှင့် တပ်ကုန်းမြို့တို့တွင် ငွေကျပ် ၁ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဆေးခြောက်များဖမ်းဆီးရမိ

နေပြည်တော် မေ ၁

ဝေါမြို့နယ်နှင့်တပ်ကုန်းမြို့တို့တွင် ငွေကျပ် ၁ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်းနှင့် ဆေးခြောက် ၂ ဒသမ ၃ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီလ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည် ကျေးရွာအနီးတွင် တပ်ကုန်းမှ မော်လမြိုင်သို့ မိုးဝင်းလှိုင်မောင်းနှင်ပြီး ကျော်ခိုင်ဦး လိုက်ပါလာသည့် TOYOTA LEXUS ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်း သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ယင်းနေ့ ညနေ ၄ နာရီခွဲတွင် သူရမျိုးမျိုး(ခ)မျိုးမျိုးအား တပ်ကုန်းမြို့ မြဝတီရပ်ကွက်ရှိ ၎င်း၏ နေအိမ်တွင် ဆေးခြောက် ၂ ဒသမ ၃ ကီလို၊ CADILLAC ESCALADE မော်တော်ယာဉ်တစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း

စာမျက်နှာ ၂၆ ကော်လံ ၄ ❐

**အချိန်အခါမဟုတ် မိုးရွာနိုင်မည့်သတိပေးချက်**

**တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် မိုးထစ်ချုန်းရွာနိုင်ပြီး နေရာကွက်၍ မိုးကြီးနိုင်**

နေပြည်တော် မေ ၁

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသောလေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များ ဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်

စာမျက်နှာ ၁၅ ကော်လံ ၁ ■

**မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၌ အငြိမ်းစားပါမောက္ခ အမျိုးသမီး ၁ ဦးအား သတ်ဖြတ်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသား ၁ ဦးအား ဖော်ထုတ်ဖမ်းဆီးရမိ**

စာ - ၂၄ သို့



အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

“ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ”

Hotline - 09-450450561, 09-450450562, 09-450450563